ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကိုပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့။ Monday , 28 November 2016 (၈၇၅၉)

# မန္တလေး-ညောင်ဦး ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေး ဒီဇင်ဘာလတွင် သောင်တူးလုပ်ငန်း စတင်မည်



ဧရာဝတီမြစ်အတွင်း သဲသောင်များတူးဖော်နေသည့် သောင်တူးရေယာဉ်ကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးနှင့် ပုဂံ-ညောင်ဦးသွား ရေလမ်းကြောင်းများသည် နိုင်ငံခြားခရီးသွားပို့ဆောင်ရေးရေယာဉ်များ သွားလာ ခုတ်မောင်းနေသည့်အတွက် ရေလမ်းကြောင်းကောင်းမွန်စေရန် သောင်တူးလုပ်ငန်းများကို ဒီဇင်ဘာလတွင် စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်ကပြောသည်။

အဆိုပါလုပ်ငန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး အောက်တိုဘာလမှ စတင်ကာ နိုဝင်ဘာ ၂၅ ရက်တွင် အပြီးသတ်တိုင်းတာခဲ့သည်။

"အခု သောင်တူးမယ့်အစီအစဉ်က နည်းပညာပိုင်းက မြင့်တဲ့အပြင် လိုချင်တဲ့ပုံစံအတိုင်းဖြစ်အောင် ပြင်ဆင်တွက်ချက်ရမှာဆိုတော့ ကုန်ကျငွေကို ခန့်မှန်းလို့မရသေးဘူး" ဟု ၎င်းကပြောသည်။ လုပ်ငန်းလိုအပ်သလောက်ကုန်ကျငွေကို ကမ္ဘာ့ဘဏ်က ထုတ်ချေးခွင့်ပြုမည်ဖြစ်ပြီး ညောင်ဦးရေလမ်းပိုင်းမှာ ခန့်မှန်းအကျယ် မီတာ ၇၀ ခန့်နှင့် မန္တလေးရေလမ်းတွင် ခန့်မှန်းအရှည်မီတာ ၄၀၀ ကျော်ရှိ၍ အနက်မှာ ရေစစ်မျဉ်းအောက် နှစ်မီတာ တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သောင်တူးပေးခြင်းအားဖြင့် ရေလမ်းကောင်းမွန်ပါက နွေရာသီရေနည်းချိန်တွင် ရေယာဉ်ကြီး/ငယ်များ သောင်တင်ခြင်းမဖြစ်တော့ဘဲ အန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်းနှင့် ရေလမ်းညွှန်ဌာနက ရေနက်ကြောင်းနေရာများအား ရေလမ်းညွှန်အမှတ်အသားများပြသခြင်းကို တစ်လလျှင် နှစ်ကြိမ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုများ

စာမျက်နှာ - ၆

## နွေစပါးစိုက်ပျိုးရန် ထွန်စက်ငှားရမ်းအသုံးပြုသည့်အခါ ဈေးနှုန်းတစ်ပြေးညီဖြစ်ရန် တောင်သူများဆန္ဒရှိ

စာမျက်နှာ - ၁၁

## ရှင်လန်းကျန်းမာ စိတ်ချမ်းသာမှု ရလိုပါလျှင်

စာမျက်နှာ - ၂၀

# ပွင့်လင်းရာသီတွင် သေမင်းတမန် မီးရထားလမ်းပိုင်းပြတိုက်အား ပိုမိုလာရောက်လေ့လာ

**သံဖြူဇရပ် နိုဝင်ဘာ ၂၇**

ယခုအခါတွင် ပွင့်လင်းရာသီဝင်ရောက်လာပြီဖြစ်သောကြောင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ ဖွင့်လှစ်ပြသထားသော သေမင်းတမန် မီးရထားလမ်းပိုင်းပြတိုက် (The Death Railway Museum) တွင် လာရောက်လေ့လာကြသော ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သေမင်းတမန် မီးရထားလမ်းပိုင်းပြတိုက်(The Death Railway Museum)သည် ရန်ကုန်-မြိတ် ကားလမ်းမကြီးနှင့် ရန်ကုန်-ရေး မီးရထားလမ်းဆုံရာဖြစ်သော သံဖြူဇရပ်မြို့နယ် ဝဲကဝါကျေးရွာတွင် တည်ရှိပြီး ယခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သေမင်းတမန် မီးရထားလမ်းပိုင်းပြတိုက် (The Death Railway Museum) နှစ်ထပ်အဆောက်အအုံရှေ့ မုခ်ဦးအဝင်ဝ၌ သမိုင်းဝင် စစ်သုံ့ပန်း ချွေးတပ်သားများ၏ အရိုးပေါ်အရေတင် ပိန်ချုံးချည့်နဲ့စွာဖြင့် သံပေါက်ချွန်းများ၊ သံပေါက်တူးများကို ကိုင်ဆောင်ကာ ရထားလမ်းဖောက်လုပ်နေဟန်များ၊ ရင်နင့်ဖွယ်ရာရုပ်တုများကို ထုလုပ်ပြင်ဆင်ခြင်းများနှင့် ဗိသုကာလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ထားရှိသည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း၌လည်း သေမင်းတမန် မီးရထားလမ်းပိုင်းတွင် ပထမဆုံးပြေးဆွဲခဲ့သော ကျောက်မီးသွေးစွမ်းအင်သုံး C_0522 မီးရထားစက်ခေါင်းအမည်းကြီးသို့ လည်းကောင်း၊ မြန်မာ-ယိုးဒယား သေမင်းတမန်မီးရထားလမ်းပိုင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

**ထူးခြားသည့် ညအပူချိန်**

၂၈-၁၁-၂၀၁၆ အတွက် ခန့်မှန်းချက်

| | |
|---|---|
| လွိုင်လင် | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၅ ဒီဂရီစင်တီဂရိတ် |
| နောင်ချို | ၆ ဒီဂရီစင်တီဂရိတ် |






# ဒီပါဝလီ ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစု အသင်း(M.I.I.B.A) နှင့် မြန်မာ-အိန္ဒိယ ဓနသဟာရ အသင်း(M.I.A)တို့က ကြီးမှူးကျင်းပသည့် ဟိန္ဒူဘာသာဝင်များ၏ ဟိန္ဒူရိုးရာပွဲတော် ဒီပါဝလီ ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဒီပါဝလီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဝမ်းမြောက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းစုအသင်းနှင့် မြန်မာ-အိန္ဒိယ ဓနသဟာရအသင်းတို့၏ ဆောင်ရွက်ချက်များကို ပရိုဂျက်တာဖြင့်ပြသကာ ဟိန္ဒူရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဧည့်သည်တော်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

❑

# မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၂)လသာ ကင်းထောက်များက ဘင်ခရာနှင့် ပန်းဖွားအက၊ တက္ကသိုလ်ကင်းထောက်များက ကင်းထောက်စွမ်းရည် လေ့ကျင့်ခန်းများဖြင့် သရုပ်ပြကြပြီး တက္ကသိုလ်ရိုဗာကင်းထောက်ကြီး ဆရာကြီးဒေါက်တာဦးသန်းဦး၊ အမျိုးသမီး ကင်းထောက်ကြီး ဒေါ်ဘာဘရာအိုး၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက္ကသိုလ်စိန်ရတုခန်းမ တတိယထပ်၌ ကင်းထောက်ကြီးများတွေ့ဆုံပွဲပြုလုပ်ရာ အထက(၁)ဒဂုံမှ ကင်းထောက်လူငယ်မောင်မယ်များက "ပြည်သူ့အတွက် အစဉ်အသင့်" သီချင်းသီဆိုကာ ကွယ်လွန်ခဲ့ကြပြီဖြစ်သော ကင်းထောက်အကြီးအကဲများ၊ ကင်းထောက်ဆရာကြီးများ၏ဂုဏ်ကိုရည်မှန်း၍ ငြိမ်သက်စွာ ဂါရဝပြုမေတ္တာပို့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားကင်းထောက်ကြီး ဆရာကြီးဒေါက်တာဦးသန်းဦးနှင့် အမျိုးသမီးကင်းထောက်ကြီး ဒေါ်ဘာဘရာအိုးတို့က အမှတ်တရစကားများ ပြောကြားကြကာ အမျိုးသားကင်းထောက်ကြီးများနှင့် အမျိုးသမီးကင်းထောက်ကြီးများက အဖွဲ့လိုက်တေးသီချင်းများသီဆိုပြီး အထက(၁)လသာ ကင်းထောက်လူငယ်များက "ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း" တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် အထက(၁)ဒဂုံမှ သံစုံတီးဝိုင်းနှင့် အထက(၆) ဗိုလ်တထောင်မှ မြန်မာ့ဆိုင်းဝိုင်းတို့ဖြင့် မြန်မာနိုင်ငံကင်းထောက်ရာပြည့် အထိမ်းအမှတ်အဖြစ် အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ (ရိုဗာကင်းထောက်ကြီး)ဂုဏ်ပြုရေးစပ်သည့် "ကင်းထောက်ဂုဏ်ရည်"တေးသီချင်းကို မြန်မာ့ရိုးရာတိုင်းရင်းသား အဆို၊ အက၊ အရေး အတီးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသော ကင်းထောက်လူငယ်မောင်မယ်များက ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်ကြီး သူရဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က မြန်မာကင်းထောက် ရာပြည့် အထိမ်းအမှတ်အကြိုဂုဏ်ပြုစကားပြောကြားကာ မြန်မာနိုင်ငံကင်းထောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညို၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ် Mr.Wendel E.Avisado နှင့် ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ ဒေသဆိုင်ရာကိုယ်စားလှယ် Ms. Kuniko Tatamitani တို့က မြန်မာနိုင်ငံကင်းထောက် နှစ်(၁၀၀)ပြည့် လှုပ်ရှားမှုနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့များ၏ ပူးပေါင်းကူညီမှုများကို ရှင်းလင်းပြောကြားကြသည်။



**မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနားဖွင့်ပွဲကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမရှေ့တွင် ကျင်းပစဉ်။ (ဇော်မင်းလတ်)**

ဆက်လက်၍ အာရှပစိဖိတ်ဒေသဆိုင်ရာကိုယ်စားလှယ်များက မြန်မာနိုင်ငံကင်းထောက်ကြီး သူရဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့အား မြန်မာနိုင်ငံကင်းထောက် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုအမှတ်တရပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အကောင်းဆုံးအမျိုးသားကင်းထောက် ကင်းစိတ်ဆုရသည့် အထက (၁)လသာ ကင်းထောက်အဖွဲ့၊ အကောင်းဆုံး အမျိုးသမီးကင်းထောက် ကင်းစိတ်ဆုရ အထက(၁)ဒဂုံအဖွဲ့တို့အား မြို့တော်ဝန်၏ကင်းစိတ်အလံ ပေးအပ်ချီးမြှင့်ကာ တက္ကသိုလ်ကင်းထောက် မောင်မယ်များက "ငြိမ်းချမ်းရေးတမန်"တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမိသားစုကင်းထောက် မောင်မယ်များက တေးသီချင်းများ၊ ယိမ်းများ၊ သရုပ်ဖော်အကများ၊ တိုင်းရင်းသားရိုးရာအကများ၊ ကင်းစတားအငြိမ့်တို့ဖြင့် မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုဖျော်ဖြေကြသည်။

မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနားကျင်းပသည့် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ မြေညီထပ်၌ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ ပြခန်း၊ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ပြခန်း၊ ကင်းထောက်လှုပ်ရှားမှု ခရိုင်အလိုက်ပြခန်းများ၊ ရန်ပုံငွေစားသောက်ဆိုင်များ၊ အထိမ်းအမှတ်ပစ္စည်း အရောင်းပြခန်းများ ဖွင့်လှစ်ပြသထားသည်။

**ကိုလတ် (သတင်းစဉ်)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**❍ ရှေ့ဖုံးမှ**
စတင်ရာ အထိမ်းအမှတ်နေရာသို့လည်းကောင်း၊ ဆောက်လုပ်ဆဲမီးရထားပြတိုက်သို့လည်းကောင်း နိုင်ငံခြားသားခရီးသွားဧည့်သည်များအနေဖြင့် လှည့်လည်လေ့လာကာ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ အဆိုပါပြတိုက်အား နေ့စဉ် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ပြသလျက်ရှိပြီး (၇)နှစ်အောက်ကလေးများ၊ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား အခမဲ့ဝင်ခွင့် သတ်မှတ်ထားရှိကာ (၇)နှစ်အထက် ကလေးငယ်မှစ၍ တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၈၀၀ နှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်တစ်ဦးလျှင် ဝင်ကြေး ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါမီးရထားပြတိုက်တွင် သမိုင်းရာဇဝင်တွင်ခဲ့သော မီးရထားလမ်းနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စစ်သုံ့ပန်းတို့၏ပုံရိပ်များအား ပန်းချီ၊ ပန်းပုနှင့် 3D ဒီဇိုင်းပုံစံများဖြင့် လာရောက်ကြည့်ရှုခွင့်ရရှိကြမည်ဖြစ်သည်။

"ဂျပန်တွေဟာ ၁၉၄၂ ခုနှစ်မှာ မြန်မာနဲ့ယိုးဒယားကို ဆက်သွယ်နိုင်စေဖို့အတွက် ၁၇၅ မိုင်အရှည်ရှိတဲ့ မီးရထားလမ်းကိုဖောက်လုပ်ပြီး အာရှစစ်မျက်နှာပြင်ကို ဖွင့်ခဲ့ကြပါတယ်။ အဲဒီမီးရထားလမ်းကြီးဖောက်လုပ်ဖို့အတွက်ကို ဂျပန်တွေရဲ့စစ်ရှုံးနိုင်ငံတွေ၊ မဟာမိတ်နိုင်ငံတွေနဲ့ အာဆီယံနိုင်ငံအသီးသီးက ချွေးတပ်ဖွဲ့ဝင်ဦးရေ ၁၂၀၀၀၀ ကျော်ဟာ မီးရထားလမ်းဖောက်ရင်းနဲ့တစ်မျိုး၊ တောထဲမှာ ကျားဆွဲခံရရင်းနဲ့တစ်မျိုး၊ အစာရေစာငတ်ပြတ်ရင်းနဲ့တစ်မျိုး ရောဂါဝေဒနာတွေ ခံစားခဲ့ကြရပါတယ်။ ဒီလိုဂျပန်တွေရဲ့ ဝိုင်းနှိပ်စက်တာကို အမျိုးမျိုးခံစားခဲ့ကြရပြီး ရထားလမ်းပိုင်း ဇလီဖားတုံးနဲ့အမျှ အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ရတဲ့ ရထားလမ်းပိုင်းတစ်ခုလည်းဖြစ်ပါတယ်။ သေဆုံးခဲ့တဲ့ နိုင်ငံခြားသားစစ်သုံ့ပန်းတချို့ကို ဓနသဟာရစစ်သင်္ချိုင်းမှာ မြှုပ်နှံထားရှိပါတယ်" ဟု ပြတိုက်တွင်ထားရှိမည့် မှတ်တမ်းရာဇဝင်ပစ္စည်းများစုဆောင်းရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ယခုအခါ ပွင့်လင်းရာသီဖြစ်လာပြီဖြစ်သောကြောင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားပြည်သူများသည် မီးရထားပြတိုက်နှင့် သမိုင်းရာဇဝင်ဆက်စပ်နေသော သံဖြူဇရပ်မြို့ပေါ်ရှိ ဓနသဟာရ စစ်သင်္ချိုင်းသို့လည်းကောင်း၊ ကျိုက္ခမီစက်စဲကမ်းခြေသို့လည်းကောင်း သွားလာမှုပိုမိုများပြားလာပြီဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



# စစ်ရာဇဝတ်မှုများဆိုင်ရာ စွပ်စွဲချက်များရုပ်သိမ်းရေး သီရိလင်္ကာသမ္မတက ဒေါ်နယ်ထရန့်ကို တိုက်တွန်း



**ကိုလံဘို နိုဝင်ဘာ ၂၇**
သီရိလင်္ကာပြည်တွင်းစစ်ကာလအတွင်း အစိုးရတပ်ဖွဲ့က စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များအား ပြန်လည်ရုပ်သိမ်းပေးနိုင်ရေးအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို ဖိအားပေးပါရန် သမ္မတ မိုင်သီရိပါလာ သီရိသေနာက အမေရိကန် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်အား ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်တွင်းစစ်ကာလအတွင်း အစိုးရတပ်ဖွဲ့က ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့သည်ဆိုသော စွပ်စွဲချက်များကို ပြန်လည်ရုပ်သိမ်းပေးနိုင်ရေး ထရန့်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို ဖိအားပေးပါရန် သီရိလင်္ကာသမ္မတရုံးက ၎င်းထံသို့ အထူး မေတ္တာရပ်ခံလွှာပေးပို့ခဲ့သည်ဆို၏။

အလားတူ မေတ္တာရပ်ခံလွှာကို ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်သစ်ဖြစ်လာမည့် အန်တိုနီယို ဂူတာရီ ထံသို့လည်း ပေးပို့ထားကြောင်း သမ္မတ သီရိသေနာက ပြောကြားသည်။

စစ်ရာဇဝတ်မှုများနှင့် ပတ်သက်၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိ စေရေးအတွက် အထူးတရားရုံးများ ထူထောင်ကာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု သီရိလင်္ကာအစိုးရက ပြောကြားခဲ့သည်။ သို့ရာတွင် ယင်းသို့ စုံစမ်းနိုင်ရေးအတွက် တရားရေးဆိုင်ရာ စနစ်များကို ယခုအချိန်အထိ ထူထောင်ရခြင်း မရှိသေးပေ။

သီရိလင်္ကာနိုင်ငံ၌ ၂၀၀၉ ခုနှစ်က ကျားသူပုန်အဖွဲ့ကို အစိုးရတပ်ဖွဲ့က ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာတွင် လူနည်းစု တိုင်းရင်းသား ပြည်သူများဖြစ်ကြသော တမီလ်မျိုးနွယ်စုဝင် ၄၀၀၀၀ အထိ သေဆုံးခဲ့ရသည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။ ယခင် သမ္မတ မဟိန္ဒြာ ရာဂျာပတ်ဆေးလက်ထက်တွင် အစိုးရတပ်ဖွဲ့က လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

**ရိုက်တာ။**

# အိန္ဒိယလူ့ဘောင်၌ ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲရန် ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ တိုက်တွန်း




**နယူးဒေလီ နိုဝင်ဘာ ၂၇**
မိမိတို့နိုင်ငံတွင်းရှိ ကုန်သည်ငယ်များနှင့် နေ့စား ဝင်ငွေရရှိသူများ အနေဖြင့် ဒစ်ဂျစ်တယ်ငွေပေးချေမှု စနစ်ကို အသုံးပြုကြရန် အိန္ဒိယ ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၌ တန်ဖိုးမြင့် ငွေစက္ကူများဖြစ်သော ရူပီး ၅၀၀ တန်နှင့် ရူပီး ၁၀၀၀ တန်ငွေစက္ကူများ သုံးစွဲခွင့်ကို အစိုးရက ပိတ်ပင်ခဲ့ပြီးနောက် လူထုအတွင်း ငွေကြေးလှည့်ပတ်မှုတွင် ပြဿနာများ ဖြစ်ပေါ်ခဲ့ရပြီးနောက် ဝန်ကြီးချုပ် မိုဒီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တန်ဖိုးကြီး ငွေစက္ကူနှစ်မျိုးကို သုံးစွဲခွင့် ပိတ်ပင်လိုက်ခြင်းကြောင့် ပြည်သူသန်းပေါင်းများစွာ ထိခိုက်မှုရှိခဲ့သည်ဟု ဝန်ကြီးချုပ်မိုဒီက ရေဒီယိုမှတစ်ဆင့် လစဉ်ပြောကြားသည့် မိန့်ခွန်းတွင် ဖော်ပြသည်။

သို့ရာတွင် တန်ဖိုးကြီး ငွေစက္ကူများ သုံးစွဲခွင့်ပိတ်ပင်ရခြင်းနှင့် ပတ်သက်၍ ၎င်းက ကာကွယ်ပြောကြားခဲ့သည်။

နိုဝင်ဘာ ၈ ရက်က တန်ဖိုးကြီးငွေစက္ကူများ သုံးစွဲခွင့်ကို အစိုးရက ပိတ်ပင်ခဲ့ရခြင်းမှာ အဂတိလိုက်စားမှု တိုက်ဖျက်နိုင်ရန် လည်းကောင်း၊ တရားဝင်စာရင်း မပြနိုင်သည့် ဥစ္စာ ဓနရှိသူများကို အရေးယူနိုင်ရန်လည်းကောင်း၊ ငွေစက္ကူအတုအပ ပြုလုပ်သူများကို နှိမ်နင်းနိုင်ရန် လည်းကောင်း ရည်ရွယ်ကြောင်း မိုဒီက ပြောကြားသည်။

ငွေသားငွေစက္ကူ ကိုင်ဆောင်သုံးစွဲခြင်းထက် မိုဘိုင်းဘဏ် ငွေကြေးပေးချေမှုစနစ်နှင့် အကြွေးဝယ်ခွင့်ကတ်ပြားစနစ်တို့ကို သုံးစွဲကြရန် မိုဒီက တိုက်တွန်းသည်။

လူ့အဖွဲ့အစည်းအတွင်း ငွေစက္ကူသုံးစွဲမှု မရှိအောင် ရာခိုင်နှုန်းပြည့် လုပ်ဆောင်နိုင်မည် မဟုတ်သော်လည်း ငွေစက္ကူဖြင့် ငွေပေးငွေယူ ပြုလုပ်နေမှုကို လျှော့ချနိုင်သမျှ လျှော့ချနိုင်စေရန် ဦးတည်ကြောင်း မိုဒီက ပြောကြားသည်။

**ရိုက်တာ။**

# ကွန်ဂိုနိုင်ငံတွင် အရပ်သား ၃၀ အား စစ်သွေးကြွများသတ်ဖြတ်

**ကင်ရှာဆာ နိုဝင်ဘာ ၂၇**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် နန်ဒီလူမျိုးစစ်သွေးကြွများက ဟူတူလူမျိုးစု အရပ်သား ၃၀ ခန့်အား သတ်ဖြတ်ခဲ့ကြောင်း ဒေသခံသတင်းရပ်ကွက်များက နိုဝင်ဘာ ၂၇ ရက်တွင်ဖော်ပြသည်။

ယခုဖြစ်ရပ်သည် ၎င်းလူမျိုးစုနှစ်ခုကြား တင်းမာမှုများပြင်းထန်လာခြင်းကို ဖော်ပြခြင်းဖြစ်သည်။ မြောက်ပိုင်း ကီဘူပြည်နယ်အုပ်ချုပ်ရေးမှူး ဂျိုင်းဘိုကိုလီက ရိုက်တာသတင်းဌာနသို့ပြောကြားရာတွင် မိုင်မိုင်းမီဆန်ဘီ စစ်သွေးကြွများက လူဟန်ကာကျေးရွာအား နိုဝင်ဘာ ၂၇ ရက် နံနက် ၅နာရီတွင် သေနတ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်းသိရသည်။ ကွန်ဂိုနိုင်ငံအရှေ့ပိုင်း သတ္တုများကြွယ်ဝသောဒေသတွင် ပြိုင်ဘက်စစ်သွေးကြွများ၏ တိုက်ခိုက်မှုမှာ ဆယ်စုနှစ် နှစ်ခုမျှကြာမြင့်ခဲ့ပြီး တိုက်ခိုက်မှုများအတွင်း အပြစ်မဲ့အရပ်သားများစွာ သေဆုံးခဲ့သည်။ လာမည့်လတွင်ရာထူးသက်တမ်းကုန်ဆုံးတော့မည့် သမ္မတဂျိုးဆက်ကဘီလာ၏ အာဏာဆက်လက်တည်မြဲရန် ကြိုးစားနေမှုအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းကစိုးရိမ်လျက်ရှိသည်။ ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိကြာမြင့်သော စစ်ပွဲအတွင်း အရပ်သားသန်းပေါင်းများစွာ ဆာလောင်မှုဘေးနှင့်ရောဂါများကြောင့် သေဆုံးခဲ့ရသည်။

ယခုဖြစ်ရပ်ဖြစ်ပွားရခြင်းမှာ ဒေသခံ ဟူတူလူမျိုးစုများအပေါ် စစ်သွေးကြွများက ခြိမ်းခြောက်မှုများပြုလုပ်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကွန်ဂိုတပ်မတော်က ဟူတူစစ်သွေးကြွများအား ယမန်နှစ်က ထိုးစစ်ဆင်မှုများပြုလုပ်ပြီးနောက် တင်းမာမှုများပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ကျူးဘားသမ္မတဟောင်း ဖီဒယ်လ်ကတ်စထရို ကွယ်လွန်မှု ဝမ်းနည်းခြင်းကာလ ကိုးရက်ကြာသတ်မှတ်

**ဟာဗားနား နိုဝင်ဘာ ၂၇**
ကျူးဘားတော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော သမ္မတဟောင်း ဖီဒယ်လ်ကတ်စထရို ကွယ်လွန်ခဲ့ခြင်းအတွက် အစိုးရက ဝမ်းနည်းခြင်းကာလအဖြစ် ကိုးရက်ကြာ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သတ်မှတ်ကာလသည် သမ္မတဟောင်းအား အောက်မေ့ သတိရခြင်း အခမ်းအနား ကျင်းပမည့် ဒီဇင်ဘာ ၄ ရက်တွင် အဆုံးသတ်မည်ဖြစ်သည်။

ဝမ်းနည်းခြင်း အထိမ်းအမှတ်ကာလအတွင်း ပြည်သူများက မြို့တော်ဟာဗားနားရှိ တော်လှန်ရေး ရင်ပြင်တွင် စုဝေးကာ သမ္မတဟောင်းအား ဆုတောင်းမေတ္တာများ ပို့သမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

သမ္မတဟောင်း ကတ်စထရို၏ ဆန္ဒအရ သူ့အလောင်းကို မီးသဂြိုဟ်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

လက်ရှိသမ္မတ ရာအူးကတ်စထရိုက သူ့အစ်ကိုဖြစ်သူ ဖီဒယ်လ်ကတ် စထရို ကွယ်လွန်သွားပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက် ညပိုင်းတွင် တရားဝင်ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



အာကန်ဆော (Arkansas) ပြည်နယ် အုပ်ချုပ်ရေးမှူးကတော်ဘဝမှာ ဟီလာရီဟာအရေးပါခဲ့သလို ဘီလ်ကလင်တန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရလို့ အိမ်ဖြူတော်ရောက်တဲ့အချိန်မှာလည်း ဟီလာရီဟာ အရေးပါခဲ့တာပါ။ ဟီလာရီကလင်တန် အိမ်ဖြူတော်မှာ နေထိုင်ခဲ့တဲ့ ရှစ်နှစ်တာကာလကို ကြည့်လိုက်ရင် ဟီလာရီကလင်တန်လောက် ထက်မြက်ဩဇာကြီးတဲ့ သမ္မတကတော်မျိုး အမေရိကန်နိုင်ငံသမိုင်းမှာ မရှိခဲ့ပါဘူး။ ပြောရရင် ဟီလာရီကလင်တန်လောက် အငြင်းပွားစရာဖြစ်ခဲ့တဲ့ သမ္မတကတော်မျိုးလည်း အမေရိကန်နိုင်ငံသမိုင်းတစ်လျှောက် မရှိခဲ့ပါဘူး။

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်




ဘီလ်ကလင်တန်က သမ္မတတာဝန်ကို ၁၉၉၃ ခုနှစ်မှာ စယူယူချင်းဆိုသလို ဇနီးဖြစ်တဲ့ ဟီလာရီကို အမေရိကန် ကျန်းမာရေးစနစ်ပြုပြင်ပြောင်းလဲဖို့ အကြီးအကဲအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။ ဟီလာရီက ဒီဧရာမတာဝန်ကြီးကို ကိုင်တွယ်ပုံ ကိုင်တွယ်နည်းဟာ အဲဒီကာလတွေကတည်းက မြင်သာပါတယ်။ မူဝါဒထဲကို စိတ်ရောကိုယ်ပါနှစ်ပြီး ပြဿနာရဲ့ အသေးစိတ်အချက်အလက်တွေကို ပိုင်နိုင်ကျွမ်းကျင်အောင် ဆောင်ရွက်တာပါ။ ဒါပေမယ့် နောက်ပိုင်းဖြစ်တာတွေက စိတ်ပျက်စရာတွေဖြစ်လာပါတယ်။ ဥပဒေကြမ်းပြင်ဆင်ရေးသားတဲ့နေရာမှာ ဟီလာရီရဲ့ ကိုင်တွယ်ပုံဟာ လျှို့လျှို့ဝှက်ဝှက်နိုင်ပြီး အထက်စီးဆန်တယ်ဆိုတဲ့ ဝေဖန်ချက်တွေရှိလာပါတယ်။ ဟီလာရီဦးဆောင်တဲ့လုပ်ငန်းအဖွဲ့က တင်ပြလာတဲ့ စာမျက်နှာ ၁၃၆၈ မျက်နှာရှိတဲ့ ဥပဒေကြမ်းဟာ လုံလောက်တဲ့ ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ တိုင်းပြည်က ရှုပ်ရှုပ်ထွေးထွေးစီမံကိန်းတစ်ခုကို လက်ခံလာအောင် ကြိုးပမ်းခဲ့တယ်ဆိုတဲ့ အတိုက်အခံတွေရဲ့ ပုံဖော်တိုက်ခိုက်မှုက အောင်မြင်ခဲ့ပါတယ်။ ဟီလာရီက “ကျွန်မတို့ရဲ့ အဓိကအမှားဟာ ကိစ္စရပ်အများကြီးကို အချိန်တိုအတွင်း ပြုပြင်ပြောင်းလဲဖို့ ကြိုးစားခဲ့တာပါ”လို့ သုံးသပ်ထားပါတယ်။

ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေး အကြီးအကဲရာထူးတာဝန် လက်ခံလိုက်တာနဲ့ အတူ ယှဉ်တွဲဖြစ်လာတာကတော့ သတင်းမီဒီယာအပါအဝင် နိုင်ငံရေးနဲ့ ဥပဒေလောကသားအလွှာအမျိုးမျိုးရဲ့ အာရုံစိုက်စောင့်ကြည့်တာကို ဟီလာရီကခံခဲ့ရတာပါ။ အာကန်ဆောပြည်နယ်မှာ ဟီလာရီရဲ့ ဥပဒေရေးရာဆောင်ရွက်ချက်တွေကနေ ပုဂ္ဂိုလ်ရေး၊ ငွေရေးကြေးရေးကိစ္စတွေအပါအဝင် အိမ်ဖြူတော်ဝန်ထမ်းခန့်၊ ဖြုတ်ကိစ္စတွေအဆုံး ဟီလာရီရဲ့ ကိစ္စမှန်သမျှကို မွှေနှောက်တူးဆွကြတာပါ။ ပြောရရင် ပြုံးတုံးပြတဲပြောရလောက်တဲ့ ပုဂ္ဂိုလ်ရေးအတင်းအဖျင်းမျိုးကအစ အငြိုးတကြီး အနှံ့ခံ အစဆွဲထုတ်ဖို့ ကြိုးစားကြတာပါ။ ခင်ပွန်းဖြစ်သူကလင်တန်ရဲ့ ရွေးကောက်ပွဲအရှိန်အဟုန်က ဘယ်လောက်ပဲကြီးကြီး၊ ကိုယ်စားပြုလုပ်ပိုင်ခွင့်အာဏာဘယ်လိုပဲရရ၊ ကွန်ဂရက်မှာရှိတဲ့ ဩဇာအာဏာကြီးပြီး စုစည်းထားတဲ့ အင်အားစုတွေနဲ့ ရင်ဆိုင်ရမှာပဲဖြစ်ဖြစ်၊ ခနဉစ္စာကြွယ်ဝတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက ပံ့ပိုးပေးထားတဲ့ နိုင်ငံရေး ရုပ်မြင်သံကြားကြော်ငြာတိုက်ခိုက်မှုတွေကို ရင်ဆိုင်ရမှာပဲဖြစ်ဖြစ်၊ အင်အားဟုတ်တိပတ်တိ မရှိပါဘူး။ ဝှိုက်ဝါးတား (White water) လို့ လူသိများတဲ့ အာကန်ဆောပြည်နယ် မြေယာအရောင်းအဝယ်ကိစ္စကို သတင်းထောက်တွေက အနံ့ခံလိုက်တဲ့အခါ ဟီလာရီက ဝေ့လည်ကြောင်ပတ်လှီးလွှဲဖြေပြီး ကဖျက်ကယက်လုပ်ဖို့ ထောက်ခံခဲ့ပါတယ်။ ဝှိုက်ဝါးတားကိစ္စနဲ့ပတ်သက်ပြီး ၁၉၉၆ ခုနှစ်အစောပိုင်းက သမ္မတကတော်ဘဝမှာကို ဟီလာရီဟာ ပြည်ထောင်စုတရားသူကြီးများရှေ့မှောက်မှာ အစစ်ဆေးခံရပေမယ့် နောက်ပိုင်းမှာ အပြစ်မရှိကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့ပါတယ်။

သမ္မတကတော်ဘဝမှာ ဟီလာရီဟာ သမ္မတ ဘီလ်ကလင်တန်အပေါ် အတိုင်းအတာတစ်ခုအထိ ဩဇာလွှမ်းမိုးခဲ့တာက အထူးပြောစရာမလိုပါဘူး။ ဟီလာရီရဲ့ ပြန်ပြောချက်အရ ၁၉၉၃ ခုနှစ် အစောပိုင်းလောက်မှာ ဟီလာရီက ယူဂိုဆလားဗီးယား ပြည်ထောင်စုပြိုကွဲမှုရဲ့ဒဏ်ကို ခါးစည်းခံနေရတဲ့ အပြစ်မဲ့ပြည်သူတွေကို ကာကွယ်နိုင်ဖို့အတွက် အမေရိကန်နိုင်ငံအနေနဲ့ စွက်ဖက်ပါဝင်သင့်တယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဟီလာရီက သူရဲ့ အမှတ်တရမှတ်တမ်းစာအုပ် Living History မှာ “ဘော့စနီးယားမှာ အစုအပြုံလိုက်သတ်ဖြတ်နေတာကို ရပ်တန့်ဖို့ တစ်ခုတည်းသော နည်းလမ်းက လေကြောင်းကနေ ဆားဘီးယားတပ်ဖွဲ့ဝင်တွေကို ရွေးချယ်ပစ်မှတ်ထားတိုက်ခိုက်မှုပဲ ဖြစ်နိုင်မယ်လို့ ကျွန်မယုံကြည်ခဲ့တာပါ”လို့ ရေးသားခဲ့ပါတယ်။ Talk မဂ္ဂဇင်းနဲ့ တွေ့ဆုံရာမှာ ဟီလာရီက “ကျွန်မ သူ့ (ဘီလ်ကလင်တန်)ကို ဖုံးကြဲဖို့ တိုက်တွန်းခဲ့ပါတယ်။ ကျွန်မသူ့ကို ပြောခဲ့တာက ကျွန်မတို့ခေတ်မှာ ဂျူးလူမျိုးတွေ လူမျိုးသုဉ်းသတ်ဖြတ်ခံရတဲ့ ကပ်ဆိုးကြီးကို ကြုံခဲ့ပြီးပြီ။ ဒီ ၂၀ ရာစုကုန်ခါနီးမှ ဒီလိုအဖြစ်မျိုးကို လက်ပိုက်ကြည့်နေလို့ မရပါဘူး။ ကျွန်မတို့ရဲ့ ယုံကြည်ချက်ကိုမှ ကျွန်မတို့ မကာကွယ်နိုင်ဘူးဆိုရင် ကျွန်မတို့က ဘာလို့နေတိုး (NATO) ကို ဦးဆောင်ဖွဲ့မှာလဲ” ဆိုပြီး ပြောပြခဲ့ပါတယ်။ အိမ်ဖြူတော်မှာနေခဲ့တဲ့ ကာလအတွင်း ဟီလာရီအဖို့ ကြေကွဲစရာအကောင်းဆုံးကိစ္စဟာ မော်နီကာ လူဝင်စကီး (Monica Lewinsky) ကိစ္စပါ။ ဟီလာရီက မော်နီကာ လူဝင်စကီးအပူမှာ ခင်ပွန်းဖြစ်သူရဲ့အဖြစ်ကို လက်ခံခဲ့ပေမယ့် အဓိကသတင်းမီဒီယာတွေကို ကွန်ဆာဗေးတစ်တွေက ချုပ်ကိုင် “ပုဂ္ဂိုလ်ရေးဟိုးလေးတကျော်ဖြစ်ရပ်တွေကို အသုံးချ၊ ဝါဒဖြန့် တိုက်ပွဲတွေဆင်နွှဲ” ဆိုတဲ့ နည်းလမ်းတွေနဲ့ ခင်ပွန်းဖြစ်သူရဲ့ သမ္မတဘဝကို ဖျက်ဆီးဖို့ ကြိုးစားနေတယ်လို့ ဟီလာရီက ယူဆထားတာပါ။ မော်နီကာ လူဝင်စကီးကိစ္စကို ကျော်လွှားနိုင်ဖို့ ကြိုးစားရာမှာ ဟီလာရီဟာ ဘာသာရေးယုံကြည်ချက်ကို အားပြုကျော်လွှားခဲ့ပုံရပါတယ်။ အီဗန်းဂျလစ် (evangelist) ဘုန်းတော်ကြီး ဘေလီဂရမ် (Billy Graham) က သူ့ရဲ့စာအုပ် (The Preacher and the Presidents) မှာ “ဟီလာရီက ကျွန်တော့်ခေါင်းကို သူ့လက်နှစ်ဖက်နဲ့ ထိန်း၊ မျက်နှာကို စေ့စေ့ကြည့်ပြီး ကျွန်မဘီလ်(ကလင်တန်) အကြောင်းပြောချင်တယ်လို့ ပြောခဲ့ပါတယ်”လို့ ပြန်ပြောင်းရေးသားထားပါတယ်။

သမ္မတသက်တမ်း နှစ်ဆက်ပြည့်လို့ သမ္မတဘီလ်ကလင်တန် တာဝန်ကနေ အနားယူရတဲ့အခါ ဟီလာရီဟာ သူ့ရဲ့ကိုယ်ပိုင်နိုင်ငံရေးဘဝကိုတည်ဆောက်ဖို့ အထက်လွှတ်တော်အမတ်အဖြစ် အရွေးခံရဖို့ ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ သမ္မတကတော်ဆိုတဲ့ ဂုဏ်သတင်းကျော်ကြားမှုသာမရှိခဲ့ရင် ဟီလာရီ အထက်လွှတ်တော်အမတ်ဖြစ်ဖို့ဆိုတာ မလွယ်လှပါဘူး။ တစ်ခါ ဂုဏ်သတင်းကျော်ကြားတဲ့ပုဂ္ဂိုလ်ဆိုတဲ့စတိုင်မျိုး ဖမ်းနေခဲ့ရင်လည်း အထက်လွှတ်တော်မှာ ရပ်တည်လှုပ်ရှားနိုင်ဖို့က မလွယ်ပါဘူး။ ဟီလာရီရဲ့ အထက်လွှတ်တော်အမတ် ရှစ်နှစ်သက်တမ်းမှာ ဥပဒေကြမ်း ၄၁၇ ခု ရေးဆွဲတင်ပြခဲ့ပါတယ်။ ဒီထဲက ဥပဒေကြမ်းသုံးခုပဲ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့တာပါ။ ဟီလာရီဟာ ပါတီနှစ်ခုကြား ဟန်ချက်ညီညီ ရပ်တည်နိုင်တဲ့ လွှတ်တော်အမတ်ဆိုတဲ့ပုံရိပ်ကို ဖန်တီးနိုင်ခဲ့ပါတယ်။ ဟီလာရီဟာ အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များရေးရာ ကော်မတီ (Senate Armed Services Committee) မှာ ကော်မတီအဖွဲ့ဝင်တစ်ဦး ဖြစ်လာပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ ဒီကော်မတီမှာ တာဝန်ထမ်းဆောင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီကော်မတီမှာ ဟီလာရီဟာ ပင်တဂွန် (Pantagon) ရဲ့ ချီးကျူးမှုရတဲ့အထိ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ဟီလာရီဝင်ပြိုင်တဲ့အခါ သမ္မတကလင်တန်ရဲ့ အရိပ်မည်းလွှမ်းမိုးခံခဲ့ရတယ်လို့ပဲ ပြောရမှာပါ။ အထက်လွှတ်တော်လူများစုခေါင်းဆောင် ဟဲရီရိဒ် (Harry Reid) နဲ့ နယူးယောက် အထက်လွှတ်တော်အမတ် ချပ်ခ်ရှူးမား (Chuck Schumer) တို့က ဟီလာရီသာ သမ္မတလောင်းဖြစ်ခဲ့ရင် သမ္မတဘီလ်ကလင်တန်ရဲ့ မိန်းမရှုပ်တဲ့ကိစ္စကနေ စွပ်စွဲပြစ်တင်ခံရတဲ့ကိစ္စအထိ ကျော်မကောင်းကြားမကောင်းကိစ္စတွေ ပြန်အစဆွဲထုတ်ဖွလိုက်သလိုဖြစ်မှာ စိုးရိမ်ကြပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ဟာ ၂၀၀၆ ခုနှစ်ဆောင်းဦးရာသီမှာ မျက်နှာသစ် နိုင်ငံရေးသမား၊ အီလီနွိုက်စ် (Illinois) ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားကို သမ္မတရွေးကောက်ပွဲဝင်ဖို့ ချဉ်းကပ်ကြပါတယ်။ သူတို့က မျိုးဆက်သစ်ကို ပွဲထုတ်ချင်တာပါ။ အဲဒါအပြင် အဲဒီအချိန်က အထက်လွှတ်တော်အမတ် သက်တမ်းနုနုနှစ်သာရှိသေးတဲ့ အိုဘားမားဟာ မျှော်လင့်ချက်နဲ့ အပြောင်းအလဲကို လှုံ့ဆော်စည်းရုံးနိုင်စွမ်း ရှိနေပါတယ်။ သမ္မတရွေးကောက်ပွဲမှာ ဟီလာရီရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်ချက်တစ်ပုံတစ်ပင်ကြီးထဲမှာ ပထမဦးဆုံးစိန်ခေါ်ချက်က ဟီလာရီရဲ့ ပုံရိပ်ပါ။ သမ္မတဂျော့ဒဗလျူဘုရှ်ရဲ့ အီရတ်နိုင်ငံအပေါ် ကျူးကျော်ရေးစစ်ပွဲ ဆင်နွှဲရေးဆုံးဖြတ်ချက်အပေါ် ဟီလာရီကထောက်ခံဆန္ဒမဲပေးခဲ့တာကို စပြောရမှာပါ။ အိုဘားမားကတော့ ဒီစစ်ပွဲကို အစကတည်းက ဆန့်ကျင်ခဲ့တာပါဆိုပြီး ဂုဏ်ယူဝင့်ကြွားပြောနိုင်ပါတယ်။ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ အိုဘားမားအနိုင်ရပြီး သမ္မတဖြစ်လာတဲ့အခါ ဟီလာရီက နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ဖို့ ဆုံးဖြတ်ခဲ့တာဟာ ရဲရင့်တဲ့ ဆုံးဖြတ်ချက်လို့ ပြောရမှာပါ။

ဟီလာရီကလင်တန်ရဲ့ နိုင်ငံခြားရေးဝန်ကြီးဘဝစွမ်းဆောင်ချက်တွေကို ဒီဆောင်းပါးမှာ အသေးစိတ်ပြောဖို့ကမလွယ်ပါဘူး။ နိုင်ငံခြားရေးဝန်ကြီးဘဝမှာ ဟီလာရီဆုပ်ကိုင်ခဲ့တဲ့ ခံယူချက်သဘောထားကို ကြည့်ရင်ကိုပဲ ဟီလာရီရဲ့ စွမ်းဆောင်ချက်တွေကို ခန့်မှန်းနိုင်မှာပါ။ သူတာဝန်ထမ်းဆောင်ခဲ့တဲ့ ရာထူးသက်တမ်းအတွင်း ဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး Time မဂ္ဂဇင်းနဲ့ ပြီးခဲ့တဲ့နှစ်တွေက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဟီလာရီက “ဘယ်လိုဩဇာအာဏာမဆို အကန့်အသတ်ဆိုတာရှိတာပါပဲ။ ချိတ်ဆက်နှီးနွှယ်မှုတွေ ပိုမိုများလာပြီး အာဏာမဏ္ဍိုင်တွေကလည်း တစ်ခုမက ပိုလာနေတဲ့ ဒီကနေ့ကမ္ဘာကြီးမှာ ကျွန်မတို့က မော်ကဝေတုတ်တံကလေးဝှေ့ယမ်းပြီး တရုတ်နိုင်ငံကိုပဲ ဖြစ်ဖြစ်၊ အိန္ဒိယနိုင်ငံကိုပဲဖြစ်ဖြစ် မတိုးတက်စေနဲ့တော့၊ စီးပွားရေးခနဉစ္စာသုံး အာဏာမပြနဲ့တော့ ဆိုတာမျိုးတွေ ပြောလို့မရပါဘူး။ ပြောင်းလဲနေတဲ့ သမိုင်းရေစီးကြောင်းအလိုက် အမျိုးမျိုးအဖုံဖုံကွဲပြားနေတဲ့ ခြိမ်းခြောက်စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေကို ကိုင်တွယ်ရာမှာ ကျွန်မတို့နိုင်ငံရဲ့ ဩဇာအာဏာ အစူးရှဆုံး၊ အထက်မြက်ဆုံးဖြစ်အောင် ဘယ်လိုကိုင်တွယ်ဆောင်ရွက်မလဲဆိုတာက ကျွန်မတို့အပေါ်မှာပဲ မူတည်နေတာပါ”လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။

အမေရိကန်သံတမန်လောကမှာ ဆရာကြီးတစ်ဆူဖြစ်တဲ့ ဘရန့်စကောက်ခရော့ (Brent Scowcroft)က “ဟီလာရီဟာ တကယ်တော်တဲ့ နိုင်ငံခြားရေးဝန်ကြီးပါ” ဆိုပြီး အသိအမှတ်ပြု ပြောကြားခဲ့သလို “ဟီလာရီက သူ့ကိုယ်သူယုံကြည်မှုရှိတယ်။ ဒါပေမယ့် ဟီလာရီရဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမှာ မောက်မာတာမျိုးမတွေ့ရပါဘူး။ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ယုံကြည်မှုရှိတာမျိုးပါ” လို့ အမှတ်ပြည့်ပေးခဲ့ပါတယ်။

ဟီလာရီကလင်တန်ရဲ့ ပြည်သူတွေအတွက် ယုံကြည်ချက်နဲ့စွမ်းဆောင်ရည်က ဘာမျှသံသယဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် ကံကြမ္မာက မျက်နှာသာမပေးဘူးလို့ပဲပြောရမှာပါ။ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ အိုဘားမားကိုရှုံးခဲ့ရသလို ၂၀၁၆ ခုနှစ်သမ္မတရွေးကောက်ပွဲမှာ စိတ်ရူးပေါက်သလိုပြောတတ်တဲ့ ဒေါ်နယ်ထရန့်ကို ရှုံးခဲ့ရပါတယ်။ သမ္မတရွေးကောက်ပွဲနှစ်ကြိမ်စလုံးမှာ ရှုံးနိမ့်ခဲ့ရတာရဲ့ အဓိကအကြောင်းတစ်ခုက ဟီလာရီကလင်တန်ဟာ အမေရိကန် နိုင်ငံရေးလောကရဲ့ ထင်ရှားတဲ့ အမှတ်လက္ခဏာတစ်ရပ်ဖြစ်နေလို့ ပြောင်းလဲရေးဆိုတဲ့ ကြွေးကြော်သံတွေကို မတွန်းလှန်နိုင်ခဲ့တာပါ။ အမေရိကန်နိုင်ငံရဲ့ နှစ်ပေါင်း ၂၄၀ သက်တမ်းမှာ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်စေရမယ်ဆိုတဲ့ ဟီလာရီရဲ့ရည်မှန်းချက် မအောင်မြင်ခဲ့တာဟာ အမေရိကန်အမျိုးသမီးထုရဲ့ ဆုံးရှုံးမှုဖြစ်သလို ကမ္ဘာ့အမျိုးသမီးထုရဲ့ ဆုံးရှုံးမှုလို့လည်း ပြောနိုင်ပါတယ်။ မအောင်မြင်ခဲ့ပေမယ့် ခိုင်မာပြတ်သားတဲ့ ဟီလာရီရဲ့နိုင်ငံရေးသန္နိဋ္ဌာန်ကို ဂုဏ်ပြုတဲ့အနေနဲ့ ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲမှာ ရှုံးနိမ့်မှုကိုအသိအမှတ်ပြု ပြောကြားခဲ့တဲ့ ဟီလာရီရဲ့ မိန့်ခွန်းကို ကောက်နုတ်ဖော်ပြလိုပါတယ်။ ၂၀၀၈ ခုနှစ် ဒီမိုကရက်တစ်ပါတီတွင်း သမ္မတရွေးကောက်ပွဲမှာ ဟီလာရီဟာ ဆန္ဒမဲပေါင်း ၁၈ သန်းနီးပါး ရခဲ့တာပါ။ ဟီလာရီက “ဒီရွေးကောက်ပွဲမှာ အမျိုးသမီးတွေမရနိုင်ဘူး။ မလုပ်နိုင်ဘူးဆိုပြီး ကန့်သတ်ထားတဲ့ မှန်တစ်ချပ်လို မမြင်သာတဲ့ အမြင့်မားဆုံး၊ အမာကျောဆုံးဆိုတဲ့အဟန့်အတားတွေကို ကျွန်မတို့အစိတ်စိတ်အမြွှာမြွှာကွဲအောင် မစွမ်းဆောင်နိုင်ခဲ့ပေမယ့် မဲဆန္ဒရှင်ပြည်သူတွေရဲ့ကျေးဇူးကြောင့် ဒီမှန်ချပ်မှာ အက်ကွဲကြောင်း ၁၈ သန်းတော့ရှိသွားပါပြီ။ ဒီအက်ကွဲကြောင်းတွေကနေ ဝင်လာတဲ့ အလင်းရောင်တွေဟာ ဘယ်တုန်းကမှ ဒီလောက်မတောက်ပခဲ့ပါဘူး။ ဒီအလင်းရောင်ကြောင့် ကျွန်မတို့အားလုံးရဲ့ နှလုံးသားမှာ မျှော်လင့်ချက်တွေ အပြည့်ဖြစ်နေပါပြီ။ နောက်တစ်ကြိမ် ကျွန်မတို့ လျှောက်လှမ်းရမယ့် ခရီးက ဒီထက်လွယ်ကူမယ်ဆိုတာကတော့ သေချာနေပါပြီ”လို့ ပြောကြားခဲ့ပါတယ်။

ပြောရရင် အမေရိကန်နိုင်ငံရဲ့ ပထမဆုံး အမျိုးသမီးသမ္မတဆိုတဲ့ သမိုင်းမှတ်တိုင်ကို မစိုက်ထူနိုင်ခဲ့ပေမယ့် အမေရိကန်နိုင်ငံရဲ့ သမိုင်းမှာ အဓိကနိုင်ငံရေးပါတီကြီးတစ်ရပ်ရဲ့ ပထမဆုံး အမျိုးသမီးသမ္မတလောင်းဆိုတဲ့ သမိုင်းမှတ်တိုင်ကိုတော့ စိုက်ထူနိုင်ခဲ့ပါတယ်။ သမ္မတအဖြစ် အရွေးမခံခဲ့ရပေမယ့် ပြည်သူလူထုရဲ့ ဆန္ဒမဲအရေအတွက်မှာ ဒေါ်နယ်ထရန့်ထက် အသာရခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တိုင်တွေကိုတော့ စိုက်ထူနိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့သမိုင်းမှာ ဟီလာရီကလင်တန်ရဲ့ အခန်းကဏ္ဍကို ဖယ်ရှားချန်ထားလို့မရတော့ဘူးဆိုတာကတော့ သေချာနေပါပြီ။ ။

# ကုမ္ပဏီဖွဲ့ စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေကြောင်းအရ အကျိုးသက်ရောက်မှုများ

## မောင်ငိုကာ

ကုမ္ပဏီဆိုတာဟာ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတာဖြစ်တဲ့အတွက် တရားဥပဒေအရ ဆောင်ရွက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ယင်းသို့ ဥပဒေကြောင်းအရ အကျိုးဝင်မှုရှိစေဖို့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄)အရ မှတ်ပုံတင်မှသာ တရားဝင်မှာဖြစ်ပြီး လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီအဖွဲ့အစည်းကို သီးခြားစီခွဲခြားပြီး ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းဖြင့်လည်း တရားဝင်ရပ်တည်မှု ရပ်ဆိုင်းခြင်းပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)နဲ့ အခြားစီးပွားရေးဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီများအားလုံးမှာ တူညီတဲ့ ဥပဒေဆိုင်ရာလိုက်နာရန်တာဝန်များ ရှိကြမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ကုမ္ပဏီတစ်ခုရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းတို့နဲ့ သတ်မှတ်ရေးဆွဲရပါတယ်။ ယင်းစာရွက်စာတမ်းနှစ်မျိုးကို ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ (Constitution)အဖြစ် နိုင်ငံတကာစီးပွားရေးနယ်ပယ်မှာ သိရှိကြပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာလည်း ယင်းအချက်ကို ထည့်သွင်းရေးဆွဲထားပါတယ်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုတာကတော့ ကုမ္ပဏီများအနေနဲ့ စီမံဆောင်ရွက်မယ့် အခြေခံစည်းမျဉ်းများကို ထည့်သွင်းဖော်ပြရေးဆွဲထားခြင်း ဖြစ်ပါတယ်။

**သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဆိုတာ ဘာလဲ**

သင်းဖွဲ့မှတ်တမ်း(Memorandum of Association) ဆိုတာက ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေအထားကို ဖော်ပြတဲ့စာရွက်စာတမ်းဖြစ်ပြီး ကုမ္ပဏီအမည်၊ ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ကုမ္ပဏီအဖွဲ့ဝင်များရဲ့ ပေးရန်တာဝန်များကို ဖော်ပြထားပါတယ်။ သင်းဖွဲ့မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်တွေကို အတိအလင်းဖော်ပြထားပြီး ယင်းရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်မယ့် အခွင့်အာဏာများလည်း ဖော်ပြပါရှိပါတယ်။

သင်းဖွဲ့စည်းမျဉ်း (Articles of Association) ဆိုတာကတော့ ကုမ္ပဏီအတွင်း ဆောင်ရွက်မယ့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဖြစ်တဲ့ အဖွဲ့ဝင်များရဲ့ တာဝန်နှင့်ရပိုင်ခွင့်များ၊ ဒါရိုက်တာများ ခန့်အပ်ခြင်း၊ ဒါရိုက်တာအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်အာဏာကို သတ်မှတ်ခြင်း၊ အစည်းအဝေးခေါ်ယူခြင်း၊ အစုရှယ်ယာများ ထုတ်ဝေခြင်း၊ အစုရှယ်ယာများရဲ့ ရပိုင်ခွင့်များသတ်မှတ်ခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်း အစရှိတဲ့ သတ်မှတ်ချက်များကို ထည့်သွင်းရေးဆွဲထားပါတယ်။

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းဆိုတာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များနဲ့ ဒါရိုက်တာများရဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်အာဏာများနဲ့ ဆက်နွှယ်နေတဲ့ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်တွေပါဝင်ပါတယ်။ ဒ့ါကြောင့် ကုမ္ပဏီတိုင်းဟာ ၎င်းရဲ့သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှာ မှတ်တမ်းထားရှိရပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄)အရ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပုံစံတွေကို ဖြည့်စွက်အသုံးပြုနိုင်သလို မိမိတို့ဘာသာ စိတ်ကြိုက်ရေးဆွဲထားတဲ့ သင်းဖွဲ့မှတ်တမ်းနဲ့ သင်းဖွဲ့စည်းမျဉ်းတွေနဲ့လည်း တင်ပြနိုင်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)မှာ ကုမ္ပဏီရဲ့ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းကို ပြင်ဆင်ဖို့ လုပ်ထုံးလုပ်နည်းတွေကို ဖော်ပြထားပြီး အဲလိုပြင်ဆင်ဖို့ အစုရှယ်ယာရှင်တွေရဲ့ အထူးဆုံးဖြတ်ချက် လိုအပ်ပါတယ်။ ဒ့ါအပြင် တရားရုံးရဲ့အတည်ပြုချက်လည်း လိုအပ်တဲ့အတွက် ဈေးကွက်စီးပွားရေးစနစ်မှာ လုပ်ငန်းလည်ပတ်နေတဲ့ ကုမ္ပဏီတွေအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေပြီး အချိန်ကြန့်ကြာမှုတွေကိုလည်း ဖြစ်ပေါ်စေတဲ့အတွက် အဆိုပါအပြောင်းအလဲများကို တရားရုံးအတည်ပြုချက်ရယူဖို့မလိုအပ်ဘဲ ဆောင်ရွက်နိုင်ဖို့ ပြောင်းလွယ်ပြင်လွယ်ရှိဖို့ လိုအပ်လာပါတယ်။

**သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများ**

သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်တွေဟာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်တွေကဲ့သို့ စွမ်းအားမရှိပေမယ့် အဆိုပါ စာရွက်စာတမ်းတွေဟာ အောက်ပါပုဂ္ဂိုလ်များအကြား ချုပ်ဆိုထားတဲ့ စာချုပ်တစ်ခုအဖြစ် ဥပဒေအရသက်ရောက်မှုရှိစေပါတယ်။

-ကုမ္ပဏီနှင့် အစုရှယ်ယာရှင်တစ်ဦးချင်းစီအကြား။

-ကုမ္ပဏီနှင့် ဒါရိုက်တာတစ်ဦးချင်းစီနှင့်ကုမ္ပဏီအတွင်းရေးမှူး အစရှိသည့်ပုဂ္ဂိုလ်များအကြား။

-အစုရှယ်ယာရှင်တစ်ဦးနှင့် အခြားအစုရှယ်ယာရှင်များအကြား။

သင်းဖွဲ့မှတ်တမ်းနဲ့သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြား စာချုပ်တစ်ခု ဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက်စလုံးက ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုတွေကို ရရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အစုရှယ်ယာရှင်တစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီ သို့မဟုတ် အခြားသော အစုရှယ်ယာရှင်တွေက အဆိုပါ အစုရှယ်ယာရှင်တွေကို တရားစွဲဆိုနိုင်မှာပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းဟာ ကုမ္ပဏီနှင့် ဒါရိုက်တာများကြား စာချုပ်တစ်ခုကဲ့သို့ ဥပဒေအရသက်ရောက်မှုတွေရှိပါတယ်။ ဒ့ါကြောင့် ဒါရိုက်တာတစ်ဦးဟာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့ စည်းမျဉ်းပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီက အဆိုပါ ဒါရိုက်တာကို တရားစွဲနိုင်မှာပဲ ဖြစ်ပါတယ်။

ဒ့ါကြောင့် ကုမ္ပဏီရဲ့ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနဲ့ အဆိုပါ ကုမ္ပဏီတို့ရဲ့ အခွင့်အရေး၊ အာဏာနှင့် တာဝန်ဝတ္တရားတို့ကို သတ်မှတ်ဖော်ပြထားတဲ့ အလွန်အရေးပါတဲ့ စာရွက်စာတမ်းတစ်ခုဖြစ်ပါတယ်။ ဒ့ါအပြင် အခွင့်အရေးနှင့် လုပ်ပိုင်ခွင့် အာဏာတို့ကို နားလည်ရန် လိုအပ်တဲ့ အစုရှယ်ယာရှင်အသစ်များကဲ့သို့ အဆိုပါကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရတဲ့ ပုဂ္ဂိုလ်တွေအတွက်လည်း အရေးကြီးတဲ့ စာရွက်စာတမ်းတစ်ခု ဖြစ်ပါတယ်။

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားသည့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ရေးဆွဲနေတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းမှာ ကုမ္ပဏီမှတ်ပုံတင်ရာမှာ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများတင်ပြရန် မလိုအပ်တော့ဘဲ ကုမ္ပဏီ၏ "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ"ဟု ခေါ်ဝေါ်သုံးစွဲမယ့် အထောက်အထားမှတ်တမ်းသာလိုအပ်မှာ ဖြစ်ပါတယ်။

သင်းဖွဲ့မှတ်တမ်းမှာ လုပ်ငန်းရည်ရွယ်ချက်များ ပါဝင်ပြီး ဥပဒေအသစ်အရ အဆိုပါရည်ရွယ်ချက်တွေကို မဖြစ်မနေတင်ပြဖို့ မလိုအပ်တော့ပါဘူး။ အကြောင်းရင်းကတော့ ကုမ္ပဏီအားလုံးဟာ ဥပဒေနဲ့အညီ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေရှိတာကြောင့် ဖြစ်ပါတယ်။ လက်ရှိ ဥပဒေအရ သင်းဖွဲ့မှတ်တမ်းမှာ အဆိုပြုရတဲ့ ကုမ္ပဏီရဲ့ သတ်မှတ်မတည်ငွေရင်း ဖော်ပြချက်ကို ဥပဒေသစ်မှာ ပယ်ဖျက်မှာဖြစ်ပါတယ်။ ဒ့ါကြောင့် သင်းဖွဲ့မှတ်တမ်းကို သီးခြားစာရွက်စာတမ်း တစ်ခုအနေနဲ့ တင်ပြဖို့ မလိုအပ်တော့ခြင်းဘဲ ဖြစ်ပါတယ်။

ယခင် သင်းဖွဲ့စည်းမျဉ်းမှာ ပါဝင်တဲ့အချက်တွေဟာ ကုမ္ပဏီရဲ့ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမှာ ပါဝင်လာမှာဖြစ်လို့ ကုမ္ပဏီက ရေးဆွဲပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ရမယ့်စာရွက်စာတမ်းတွေကို လွယ်ကူရှင်းလင်းစွာ ရေးဆွဲပြင်ဆင်နိုင်စေပါမယ်။ ကုမ္ပဏီများမှ ၎င်းတို့ရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲမှုကို စာရွက်စာတမ်းတစ်မျိုးတည်းနဲ့ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အကယ်၍ ကုမ္ပဏီများအနေဖြင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ကိုယ်တိုင်ရေးဆွဲလိုခြင်းမရှိတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေအတွက် ဥပဒေအသစ်မှာနမူနာ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ဖော်ပြထားပါတယ်။

ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ လက်ရှိမှာ အသုံးပြုနေတဲ့ သင်းဖွဲ့စည်းမျဉ်းနှင့် သဘောတရားတူညီပြီး ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များကြားဖြစ်စေ၊ ကုမ္ပဏီနဲ့ ဒါရိုက်တာများကြားဖြစ်စေ ဥပဒေသက်ရောက်မှုရှိတဲ့ စာချုပ်တစ်ခုအဖြစ် အကျုံးဝင်မှာ ဖြစ်ပါတယ်။

**ကုမ္ပဏီရဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟာ လက်ရှိမှာ အသုံးပြုနေတဲ့ သင်းဖွဲ့စည်းမျဉ်းနဲ့ သဘောတရားတူညီပြီး ကုမ္ပဏီနဲ့ အစုရှယ်ယာရှင်တွေကြားဖြစ်စေ၊ ကုမ္ပဏီနဲ့ဒါရိုက်တာတွေကြားဖြစ်စေ ဥပဒေသက်ရောက်မှုရှိတဲ့ စာချုပ်တစ်ခုအဖြစ် အကျုံးဝင်မှာ ဖြစ်ပါတယ်။**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ပြောင်းလဲမယ်ဆိုရင် အစုရှယ်ယာရှင်တွေရဲ့ အထူးဆုံးဖြတ်ချက်နဲ့ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ယင်းအထူးဆုံးဖြတ်ချက်ကိုလည်း တရားရုံး အတည်ပြုချက်ရယူဖို့ မလိုအပ်တော့ပါ။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအာဏာသက်ဝင်တဲ့အခါမှာ လက်ရှိ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄)အရ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့လည်း သင်းဖွဲ့စည်းမျဉ်းပြင်ဆင်လိုပါကလည်း ဥပဒေအသစ်မှ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လက်ရှိသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းတွေကလည်း ဥပဒေသစ်အရ ကုမ္ပဏီရဲ့ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအဖြစ် အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေသစ်အရ အကျုံးမဝင်တဲ့ အချက်အလက်များကတော့ ပျက်ပြယ်သွားမှာဖြစ်ပါတယ်။ လက်ရှိ ကုမ္ပဏီတွေရဲ့ သင်းဖွဲ့မှတ်တမ်းမှာ ပါဝင်တဲ့ လုပ်ငန်းရည်ရွယ်ချက်တွေကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ လုပ်ငန်းရည်ရွယ်ချက်အဖြစ် ဥပဒေအသစ်အသွင်ကူးပြောင်းရေး ပြီးဆုံးတဲ့ ကာလအထိ ဆက်လက်ကျင့်သုံးသွားနိုင်မှာ ဖြစ်ပါတယ် (ဒါပေမယ့် အစုရှယ်ယာရှင်များရဲ့ သဘောထားအရ ကုမ္ပဏီရဲ့လုပ်ငန်းရည်ရွယ်ချက်များအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါတယ်။)

အဆိုပါအပြောင်းအလဲတွေဟာ မြန်မာနိုင်ငံလိုပဲ အင်္ဂလိပ်ကုမ္ပဏီဥပဒေဓလေ့ထုံးတွေကို ကျင့်သုံးတဲ့ စင်ကာပူ၊ ဟောင်ကောင်၊ မလေးရှား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတွေအပါအဝင် ဒေသတွင်း နိုင်ငံများရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေများနှင့် တစ်ပြေးညီရှိစေမှာ ဖြစ်ပါတယ်။ ယင်းသို့ဆောင်ရွက်ခြင်းဟာ ကုမ္ပဏီ၊ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများရဲ့ အခွင့်အရေးများကို ရှင်းလင်းစွာ သတ်မှတ်နိုင်မှာဖြစ်ပြီး လုပ်ငန်းစတင်တည်ထောင်ရာမှာလည်း ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်စေဖို့ ရည်ရွယ်တာပဲ ဖြစ်ပါတယ်။

---

# အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေတိုးစေရေး မှိုမွေးမြူစိုက်ပျိုးရေးသင်တန်းဖွင့်

**မြဝတီ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကရင်ပြည်နယ် မြဝတီမြို့ လေးကေ့ကော်မြို့သစ်တွင် လက်ရှိနေထိုင်နေသည့် ဒေသခံများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအတွက် ခိုင်မာသော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိစေရန် ကျမ်းကျင် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက မှိုမွေးမြူစိုက်ပျိုးရေးသင်တန်းဖွင့်ပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက သဘာဝကထွက်ရှိတဲ့ မှိုမျိုးသာရှိခဲ့သော်လည်း ယခုဆို ခေတ်မီစိုက်ပျိုးနည်းပညာများဖြင့် မှိုမွေးမြူနည်း၊ မျိုးပွားနည်းမှစ၍ သင်ကြားပေးမည်ဖြစ်သည့်အတွက် ကိုယ်တိုင်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ အချိန်မရွေး မိမိတတ်ထားသည့်ပညာဖြင့် ကိုယ်တိုင်မျိုးစေ့ ထုတ်နိုင်မည်ဖြစ်သည့်အတွက် မှိုမျိုးစေ့ ဖြန့်ဖြူးနိုင်ပြီး ဈေးကွက်တစ်ခု ဖော်ဆောင်နိုင်ကာ မိသားစုပေါင်းများစွာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ပြည်နယ်ဦးစီးမှူး ဒေါ်ခင်သီနွယ်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ယခုသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြင့် ဈေးကွက်ရှိပြီး ကာလတိုအတွင်း ဝင်ငွေပြန်လည်ရရှိနိုင်သော မှိုစိုက်ပျိုးမွေးမြူရေးဖြင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့က အခု ဒီသင်တန်းက ပို့ချတဲ့နည်းပညာတွေနဲ့ မိသားစုဝင်ငွေတိုးလာမယ်လို့ ယုံကြည်ပါတယ်။ မှိုဆိုတာ ဈေးကွက်လည်းရှိပြီးသားဆိုတော့ တော်တော်လေးအဆင်ပြေပါတယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ရှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ပြည်နယ်ဦးစီးမှူးနှင့် နည်းပြများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းရွှေနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



**ထိန်လင်းအောင်(မြန်/ဆက်)**

# ရွှေရောင်စပါးခင်း၊ မေယုတောင်တန်းနှင့် မောင်တောမြောက်ပိုင်းလမ်း

**သတင်းဆောင်းပါး - မြင့်မောင်စိုး**

**ဓာတ်ပုံ - အောဝမ်းစိုး**

အချိန်ကား နံနက် ၆ နာရီခန့်။

ဆောင်းရာသီနံနက်ခင်းဖြစ်သည့်အလျောက် ပတ်ဝန်းကျင်တစ်ခွင်လုံးအေးမြနေ၏။ ညပိုင်းကတစ်ညလုံး ဖျန်းပက်ထားသော နှင်းရည်နှင်းပေါက်တို့ကြောင့် မြက်ခင်းပြင်များ စိုရွှဲနေ၏။ အရှေ့အရပ်ဆီမှထွက်ပေါ်လာသော နေခြည်နုနု ဖြာထွက်လာသည့် အလင်းတန်းများကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး အေးမြသာယာလျက်ရှိ၏။

သို့သော် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံးအတွင်းမှာကား လှုပ်လှုပ်ရွရွပြင်ဆင်နေကြ၏။ အကြောင်းမှာကား အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီ၏ အကူအညီဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးလိုက်သော လူသားချင်းစာနာမှုအကူအညီများ မောင်တောမြောက်ပိုင်းရှိ ကျေးရွာများသို့ သွားရောက်ထောက်ပံ့ကူညီပေးရန် ပြင်ဆင်နေကြခြင်းပင်ဖြစ်၏။

ကျွန်တော်တို့ သတင်းပြန်ကြားရေးအဖွဲ့သည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိဏ်းတို့ ဦးဆောင်မှုနှင့်အတူ ထောက်ပံ့ရေးယာဉ်တန်းဖြင့် မောင်တောမြောက်ပိုင်းရှိ ကျေးရွာများသို့ ဦးတည်ထွက်ခွာလာကြ၏။

မောင်တောမြို့မှ ထွက်ခွာလာပြီး မြားမကြာမီ ကျီးကန်းပြင်-ကြိမ်ချောင်း-ဗန္ဓုလရောက်၏။ ထိုလမ်းအတိုင်း မောင်တောမြောက်ပိုင်းကျေးရွာများသို့ ဆက်လက်ထွက်ခွာလာကြရာ သီဟိုဠ်ပင်တန်းနှင့် မေယုတောင်တန်းအလှကို သာယာကြည်နူးဖွယ်တွေ့ရပေ၏ ။ စိမ်းစိုနေသော မေယုတောင်တန်း၊ ရွှေဝါရောင်လယ်ကွင်းများ၊ သီဟိုဠ်ပင်တောအုပ်တောတန်းများဖြင့် အလွန်သာယာဖွယ်ရှိလှ၏။

အဝေးမှမြင်တွေ့နေရသော ကျေးရွာနေအိမ်များသည် အိမ်ကြီးအိမ်ကောင်းများ မဟုတ်သော်လည်း သပ်သပ်ရပ်ရပ်ရှိလှသည်။ ဦးစွာမြင်တွေ့ရသော ကျေးရွာမှာကား နွားရုံတောင်ကျေးရွာဖြစ်၏။ နွားရုံတောင်ကျေးရွာသည် မောင်တော-ကျီးကန်းပြင်လမ်းပေါ်ရှိ ကျေးရွာတစ်ရွာဖြစ်သည့်အလျောက် အထိုက်အလျောက်စည်ကားသော တောရွာလေးဖြစ်၏။ ကျွန်တော်တို့ သတင်းအဖွဲ့ရောက်ရှိသွားချိန်တွင် ကျေးရွာမှ လူကြီးလူငယ်တစ်စု ဈေးဆိုင်တစ်ဆိုင်တွင် အုပ်စုလိုက်တွေ့ရ၏။ ကလေးများလည်း ဆော့ကစားနေကြ၏။ ရွာအပြင်လယ်ကွင်းပြင်များတွင် စပါးရိတ်သူ၊ စပါးသယ်သူများဖြင့် သွားလာလှုပ်ရှားလျက်ရှိ၏။



ကြိမ်ချောင်းဈေးတွင် ဈေးရောင်း၊ ဈေးဝယ်များဖြင့် သက်ဝင်လှုပ်ရှားနေသည်ကို တွေ့ရစဉ်။



မောင်တောမြောက်ပိုင်းရှိကျေးရွာတစ်ရွာတွင် ကလေးငယ်များအေးချမ်းစွာ ဆော့ကစားနေသည်ကို တွေ့ရစဉ်။

ထိုမှတစ်ဖန် ကျီးကန်းပြင်သို့ ရောက်၏။ ကျီးကန်းပြင်နှင့် မောင်တောမြို့အကြားတွင် ကတ္တရာလမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်း၏။ ကျီးကန်းပြင်မှ ကျော်လျှင် ကျောက်ကြမ်းလမ်းဖြစ်၍ ထင်တိုင်းခရီးမပေါက်ဘဲရှိ၏။ ကျီးကန်းပြင်အရပ်သည် ရဲစခန်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းတို့ရှိသဖြင့် ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေးအထိုက်အလျောက် အထောက်အကူပြုနိုင်၏။ ထိုအရပ်တွင် မကြာသေးမီက နေရပ်ရှောင်ပြည်သူများ မိမိတို့နေအိမ်များတွင် စတင်ဝင်ရောက်နေထိုင်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

ထို့အတူ အောင်ဇေယျ၊ အောင်မင်္ဂလာ၊ မောင်နှမ၊ အောင်သာယာ အစရှိသော ကျေးရွာများတွင်လည်း ခေတ္တနေရပ်တိမ်းရှောင်ပြည်သူများ ပြန်လည်လာရောက်နေကြပြီဖြစ်သည်။ အိမ်တိုင်းနီးပါးမဟုတ်သော်လည်း အများစုတွေ့နေရပြီဖြစ်သည်။ ဤကျေးရွာများတွင် နေအိမ်များပတ်ပတ်လည်တွင် ကွမ်းသီးပင်များ စိုက်ပျိုးထားသဖြင့် နေချင်စဖွယ် ကျေးရွာနေအိမ်များအဖြစ် တွေ့ရ၏။ မေယုတောင်တန်းကြီးကို ကျောထောက်နောက်ခံပြုထားသဖြင့် ကျေးရွာများသည် ပန်းချီကားတစ်ချပ်သဖွယ်သာယာကြည်နူးဖွယ်တွေ့ရ၏။

ဖားဝပ်ချောင်းကျေးရွာတွင်လည်း ကွမ်းသီးပင်အလွန်ပေါ၏။ ဤကျေးရွာအလွန်တွင် ချောင်းငယ်မြောင်းငယ်များ၊ ပုစွန်ကန်များကိုလည်း တွေ့ရ၏။ ငန်းချောင်းကျေးရွာတွင်မူကား စပါးရိတ်၊ စပါးလှော့၊ စပါးလှန်း၊ စပါးထမ်းနေသူများဖြင့် လယ်ယာလုပ်ငန်းခွင်တို့တွင် ပျော်ပျော်ရွှင်ရွှင်အလုပ် လုပ်ကိုင်နေကြသူများကိုလည်း တွေ့ရ၏။ မောင်တော-ကျီးကန်းပြင်- ကြိမ်ချောင်းလမ်းပေါ်တွင် ဆိုင်ကယ်ဖြင့် မြို့ပေါ်တက်ဈေးရောင်းသူများ၊ ဈေးဝယ်သူများကိုလည်း တွေ့၏။ ရုံဖန်ရုံခါ လိုင်းကားများကိုလည်း တွေ့ရ၏။

ဤမောင်တောမြောက်ပိုင်းလမ်းပေါ်တွင် လောင်းဒုံကျေးရွာသည် ရွာကြီးတစ်ရွာဖြစ်သကဲ့သို့ နတလ ကျေးရွာလည်းရှိ၏။ ကျေးလက်ဆေးပေးခန်း၊ စာသင်ကျောင်းများလည်းရှိ၏။ နတလကျေးရွာများသည် လွန်ခဲ့သော ဆယ်စုနှစ်များက ဒေသခံတိုင်းရင်းသားများအား ရွာသစ်များတည်ဆောက်ကာ နေရာချထားပေးခဲ့ခြင်းဖြစ်ကြောင်း သိရ၏။ ယခုအခါ မောင်တောခရိုင်တစ်ခုလုံးတွင် နတလကျေးရွာပေါင်း ၉၅ ရွာရှိလာပြီဖြစ်ကြောင်း သိရသည်။

လောင်းဒုံ၊ ငါးခူရ၊ ကြိမ်ချောင်း ကျေးရွာများသည် မောင်တောမြောက်ပိုင်းတွင် လူဦးရေများပြားစွာနေထိုင်သော ရွာကြီးများပင်ဖြစ်၏။ အထူးသဖြင့် ကြိမ်ချောင်းဈေးသည် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အားထားနေရသော ဈေးတစ်ဈေးပင်ဖြစ်၏။ ပုံကျဈေးတန်းနှင့် ဆိုင်းခန်းပေါင်း ၂၅၀ ကျော် ရောင်းချသော ဈေးဖြစ်၍ စည်ကားသောဈေးကြီးတစ်ဈေးဖြစ်၏။ ကျွန်တော်တို့သတင်းအဖွဲ့သည် ဤကြိမ်ချောင်းကျေးရွာတွင် တစ်ထောက်နားခဲ့ပြီး ခရီးဆုံးကျေးရွာဖြစ်သော ခမောင်းဆိပ်သို့ ခရီးဆက်ရဦးမည်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်။)**

# ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲအမှတ် (၄၈၀၁)မှ (၅၉၂၂)အထိ ကျောက်စိမ်းအတွဲ ၁၁၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသည်။

နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်နေ့များ၌ ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပရတနာကုန်သည်များက လိုက်လံကြည့်ရှု လေ့လာကြပြီး မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို အမှတ်အသားပြုကြရာ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည်။

နံနက်ပိုင်းတွင် ကချင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်နှင့် တာဝန်ရှိသူများက မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ လက်ဝတ်ရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများနှင့် ရတနာကုန်သည်များက မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို အမှတ်အသားပြုလေ့လာနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့သည် တင်ဒါစနစ်ဖြင့်ရောင်းချသည့် နောက်ဆုံးနေ့ဖြစ်ပြီး နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ ကျောက်စိမ်းအတွဲ ၃၅ တွဲကို လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲကို လည်းကောင်း စုစုပေါင်း ကျောက်စိမ်းအတွဲ ၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အသက်မွေးဝမ်းကျောင်းလုပ်ငန်းအသစ်ဖော်ထုတ်နိုင်ရေး ဆွေးနွေး



**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာ-ထိုင်း နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် အောက်တိုဘာ ၂၆ ရက်က နှစ်နိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းမှ ပြန်လည်ခေါ်ယူခဲ့သည့် မိသားစုများအနက် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးတွင် ယာယီလက်ခံစောင့်ရှောက်ထားသည့် အိမ်ထောင်စု(၄)စုအား ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်ဦးတစ်ယောက်ချင်းကစ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုပါကြောင်း ပြောကြားပြီး မိသားစုဝင်များ၏ နေရေးထိုင်ရေး၊ သားသမီးများ ပညာသင်ကြားနိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ လူဦးရေအိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ရရှိရေး ကိစ္စရပ်များအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးဘုရားလမ်းရှိ သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အတွင်းတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဈေးကွက်ရှာဖွေရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေး၊ National Grid မှ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်သည့်မြို့နယ်များတွင် အထည်ချုပ်စက်ရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထည်ချုပ်လုပ်ငန်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အထည်ချုပ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း နေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**
ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နှင့် ရဲစခန်းများ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆုံးရှုံးသွားသည့် လက်နက်ခဲယမ်းများ ပြန်လည်ရရှိရေး၊ ပြစ်မှုကျူးလွန်သူများနှင့် ပါဝင်ပတ်သက်သူများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်စဉ် ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ထပ်မံဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများ၊ ပါဝင်ပတ်သက်သူများထွက်ပြေးတိမ်းရှောင်မှု၊ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ရွာသူ ရွာသားများမှာ စိုးရိမ်ထိတ်လန့်ပြီး နေရပ်မှ စွန့်ခွာတိမ်းရှောင်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကို ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများက စားနပ်ရိက္ခာနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ အလှူငွေများကို သွားရောက်ပို့ဆောင်ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တပ်ဖွဲ့ဝင်များနှင့် နေရပ်စွန့်ခွာသူများအတွက် ဆန် ၁၀၈၄ အိတ်၊ ဆီ ၂၁၆၉ ပိဿာ၊ ဆား ၂၁၆၉ ပိဿာ၊ ပဲ ၂၁၆၉ ပိဿာနှင့် ငါးသေတ္တာ ၉၃၁၉၈ ဘူးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေရပ်စွန့်ခွာသူများအတွက် ဆန်အိတ် ၄၀၀၀၊ ငါးနီတူခြောက်ပိဿာ ၁၀၀၀၊ စက်သုံးဆီ ၈၄၈၇ ဒသမ ၅ ဂါလန်၊ စပါးရိတ်သိမ်းခြွေလှေ့စက်အစီး ၃၀ နှင့် မီးစက် ငါးလုံးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် မောင်တောမြို့မှ စစ်တွေမြို့သို့ နေရပ်စွန့်ခွာသူ အိမ်ထောင်စု ၃၆၅ စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၆ ဒသမ ၅ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနသည် နိုဝင်ဘာ ၁၁ ရက်က မောင်တောခရိုင်အတွက် ငွေကျပ် ၇ ဒသမ ၅၀ သန်းတန်ဖိုးရှိ ဆန်အိတ် ၂၅၀ ကိုလည်းကောင်း၊ ကျဆုံးခဲ့သောလုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးအတွက် တစ်ဦးလျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃ ဒသမ ၆၀ သန်းကို လည်းကောင်း၊ ဒဏ်ရာရလုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် တစ်သန်းကို လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်က မောင်တောမြို့နယ်အတွင်း လုံခြုံရေးစခန်း ၁၀ ခု အသစ်ဆောက်လုပ်ခြင်းနှင့် စခန်း ၁၅ ခု ပြုပြင်ခြင်းအတွက် စုစုပေါင်းငွေကျပ် ၃၆ သန်းကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော WFP၊ UNHCR၊ UNOCHA အဖွဲ့များကလည်း နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း ကြက်ရိုးပြင်၊ ငါးစားကြူး၊ ပြောင်ပိုက်နှင့် ဝါးပိတ်ကျေးရွာများမှ အိမ်ခြေ ၁၀၅၄ စု၊ လူဦးရေ ၇၂၃၂ ဦးအတွက် စားနပ်ရိက္ခာ နှစ်ပတ်စာ လေးမယ်ဖြစ်သော ဆန် ၁၀၁၁ အိတ်နှင့် ၄၈ ပြည်၊ ပဲ ၈၉ ဒသမ ၇၅ အိတ်၊ ဆီ ၃၆၈၈ လီတာ၊ ဆား ၃၉၄ ပိဿာတို့ကို လည်းကောင်း ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

| စဉ် | ရက်စွဲ | ကျေးရွာ | အိမ်ခြေ | လူဦးရေ | ထောက်ပံ့သည့် ပစ္စည်း | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဆန် | | ပဲ (အိတ်) | ဆီ (လီတာ) | ဆား (ပိဿာ) | |
| | | | | | အိတ် | ပြည် | | | | |
| ၁ | ၈-၁၁-၂၀၁၆ | ကြက်ရိုးပြင် | ၃၇၅ | ၂၁၀၂ | ၂၉၄ | ၇ | ၃၃.၇၅ | ၁၀၅၁ | ၁၀၅ | |
| ၂ | ၈-၁၁-၂၀၁၆ | ငါးစားကြူး | ၂၆၆ | ၁၃၄၇ | ၁၈၈ | ၁၅ | | ၇၆၂ | ၉၀ | |
| ၃ | ၈-၁၁-၂၀၁၆ | ပြောင်ပိုက် | ၂၀၀ | ၁၅၁၈ | ၂၁၂ | ၁၃ | ၂၄.၅ | ၇၅၉ | ၉၀ | |
| ၄ | ၉-၁၁-၂၀၁၆ | ဝါးပိတ် | ၁၃၀ | ၁၄၅၀ | ၂၀၃ | | ၁၈ | ၇၂၅ | ၇၂ | ဖင်ပိုင်ညာကျေးရွာတွင် ထောက်ပံ့ခြင်း |
| ၅ | ၁၀-၁၁-၂၀၁၆ | ဝါးပိတ် | ၈၃ | ၈၁၅ | ၁၁၄ | ၁၃ | ၁၃.၅ | ၃၉၀.၅ | ၃၇ | ။ |
| | | စုစုပေါင်း | ၁၀၅၄ | ၇၂၃၂ | ၁၀၁၁ | ၄၈ | ၈၉.၇၅ | ၃၆၈၈ | ၃၉၄ | |

မောင်တောမြို့နယ်ရှိ မီးလောင်ခံရသည့် ကျေးရွာများသို့ ရိက္ခာ လေးမယ် နှစ်ပတ်စာ ဖြန့်ဝေပေးမှုစာရင်း။ [မှတ်ချက်-WFP/UNHCR/UNOCHA အဖွဲ့တို့မှ အဖွဲ့ဝင် (၁၁)ဦးဖြင့် (၈-၁၁-၂၀၁၆)ရက်နေ့မှ (၁၀-၁၁-၂၀၁၆)ရက်နေ့ထိ သွားရောက်ထောက်ပံ့ခဲ့ခြင်းဖြစ်ပါသည်။]

| စဉ် | ဌာန | ဆန် (အိတ်) | ငါးနီတူခြောက် (ပိဿာ) | စက်သုံးဆီ ဂါလန် | ဆီ (ပိဿာ) | ဆား (ပိဿာ) | ပဲ (ပိဿာ) | ငါးသေတ္တာ (ဘူး) | စပါးရိတ်သိမ်း ခြွေလှေ့စက် | မီးစက်(လုံး) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လူ/ကယ်/ပြန် ဝန်ကြီးဌာန | ၁၀၈၄ | - | - | ၂၁၆၉ | ၂၁၆၉ | ၂၁၆၉ | ၉၃၁၉၈ | - | |
| ၂ | ရခိုင်ပြည်နယ် အစိုးရအဖွဲ့ | ၄၀၀၀ | ၁၀၀၀ | ၈၄၈၇.၅ | - | - | - | - | ၃၀ | ၅ |
| | စုစုပေါင်း | ၅၀၈၄ | ၁၀၀၀ | ၈၄၈၇.၅ | ၂၁၆၉ | ၂၁၆၉ | ၂၁၆၉ | ၉၃၁၉၈ | ၃၀ | ၅ |

တပ်ဖွဲ့ဝင်များနှင့်နေရပ်စွန့်ခွာသူများအား ထောက်ပံ့မှုအခြေအနေ။ [မှတ်ချက် - ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မောင်တောမြို့မှ စစ်တွေမြို့သို့ နေရပ်ခွန့်ခွာသူ အိမ်ထောင်စု (၃၆၅)စုအား ၁ စုလျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၆ ဒသမ ၅ သိန်းအား ထောက်ပံ့ပေးခဲ့ပါသည်။]

| စဉ် | ရက်စွဲ | ထောက်ပံ့မှု | သင့်ငွေ (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၁-၁၁-၂၀၁၆ | မောင်တောခရိုင်အတွက် ဆန်အိတ် (၂၅၀) ထောက်ပံ့ | ၇.၅၀ | ပြည်နယ်အစိုးရ(၂၀၀)အိတ်၊ ကျီးကန်းပြင်ဌာနချုပ် (၅၀) အိတ်။ |
| ၂ | ၁၁-၁၁-၂၀၁၆ | ကျဆုံးတပ်ဖွဲ့ဝင် (၉) ဦးအတွက် တစ်ဦးလျှင်(၄) သိန်းနှုန်းထောက်ပံ့ | ၃.၆၀ | |
| ၃ | ၁၁-၁၁-၂၀၁၆ | ဒဏ်ရာရတပ်ဖွဲ့ဝင်(၅)ဦးအတွက် တစ်ဦးလျှင်(၂) သိန်းနှုန်းထောက်ပံ့ | ၁.၀၀ | |
| ၄ | ၁၉-၁၁-၂၀၁၆ | မောင်တောမြို့နယ်အတွင်း လုံခြုံရေးစခန်း(၁၀)ခု အသစ်တည်ဆောက်ခြင်းနှင့် စခန်း(၁၅)ခု ပြုပြင်ခြင်းအတွက် ထောက်ပံ့ | ၃၆.၀ | ပြည်ထောင်စုဝန်ကြီး ခရီးစဉ်တွင် ထောက်ပံ့။ |
| | | စုစုပေါင်း | ၄၈.၁၀ | |

၂၀၁၆ ခုနှစ် အောက်တိုဘာလ(၉)ရက်နေ့ ရခိုင်ပြည်နယ် မောင်တောခရိုင်အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်စဉ်နောက်ပိုင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့မှုများစာရင်း။

## ❖ မြန်မာ့ရိုးရာမှ

တူးတူး ကောင်းစွာရှောင်တိမ်းနိုင်ခဲ့သည်။ ဒုတိယအချီတွင် တူးတူး၏ ဘယ်ညာလက်သီးတွဲလုံးများ မက်တီမျက်နှာထိပြီးလဲကျကာ အနားတောင်းလိုက်ရသည်။ တတိယအချီ ပြန်အတည်တွင် သွေးချင်းချင်းနီနေသည့် မက်တီမျက်နှာပေါ် ဒုတိယအကြိမ် တူးတူး၏ ထိချက်ပြင်းသော လက်သီးများ တရစပ်ပစ်သွင်း၍ မက်တီကို တတိယအချီ ၂ မိနစ် ၅ စက္ကန့်မှာပင် အလဲထိုးအနိုင်ရခဲ့သည်။

မျိုးဆက်သစ်လူငယ်လက်ဝှေ့သမားများဖြစ်သည့် ကျားမနိုင်(ချောလှ)နှင့် ပြည့်ဖြိုးမောင်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်တွင် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သလို လေးချီစိန်ခေါ်ပွဲများဖြစ်သည့် နေသွေးသစ် (အဖြူရောင်သွေးသစ်)နှင့် အာကာမင်း(T&T သထုံ)တွဲဆိုင်းတွင်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။ ယှဉ်ပြိုင်ရန် ကြေညာထားသည့် ရွှေကျောင်းသား(T&T သထုံ)နှင့် စစ်ထန်(နဂါးမာန်)တို့ပွဲစဉ် ပျက်ပြယ်ခဲ့ပြီး စိုးမိုးနိုင်(T&T သထုံ) နှင့် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ်၌ သွေးသစ်မောင်က စိုးမိုးနိုင်ကို တတိယအချီမှာပင် အလဲထိုးနိုင်ခဲ့သည်။ ထယ်ကြီး(STL)နှင့် သိန်းညီညီ(အလင်းရောင်)တို့ပွဲစဉ် ပူးတွဲသရေကျခဲ့သည်။

ငါးချီစိန်ခေါ်ပွဲများဖြစ်သည့် ရန်တိုင်းအောင်(Adventure)နှင့် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်တွင် ပွဲချိပြည့်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတစ်လျှောက်လုံး အသာစီးထိုးသတ်ခဲ့သည့် ကျော်ဝင်းအောင်ကို ဒိုင်အဖွဲ့က အနိုင်ပေးခဲ့သည်။ သားကျော်ဖြောင့် (T&T သထုံ)နှင့် ဟံသာဝတီ(အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်တွင် အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ စောထူးအောင်(ဒို့ရိုးရာ) နှင့် ကျားဗဟိန်း(ဝင်းထွန်းကလပ်)တို့ပွဲစဉ်၌ ဒုတိယအချီတွင် စောထူးအောင်၏ ဘယ်ညာဒူးတိုက်ချက်များကြောင့် ကျားဗဟိန်း အနားတောင်းလိုက်ရပြီး တတိယအချီတွင် ကျားဗဟိန်းကို အလဲထိုးအနိုင်ရခဲ့သည်။ မိုက်ရိုင်း(ဒို့ရိုးရာ) နှင့် ထွန်းလွင်မိုး (နဂါးမာန်)တို့ တွဲဆိုင်းတွင် ပွဲချိန်ပြည့် ယှဉ်ပြိုင်ပြီး ပူးတွဲသရေဖြစ်ခဲ့သည်။

သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိ)နှင့် ဖိုးလပြည့်(ရွှေဖူး)တို့ပွဲစဉ်တွင် သွေးသစ်ဝင်းလှိုင်ခြေကန်ချက်က ဖိုးလပြည့် မေးရိုးကိုထိပြီး လဲကျကာ ပြန်မထနိုင်တော့သဖြင့် သွေးသစ်ဝင်းလှိုင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

**(အောင်ကျော်ဦး)**

## ❍ ဆူဇူကီးမှ

ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့်ယှဉ်ပြိုင်ရမည့် ထိုင်းအသင်းသည် ပြိုင်ပွဲတွင် အင်အားအတောင့်တင်းဆုံးအသင်းဖြစ်ပြီး ချန်ပီယံဆုထပ်မံရယူနိုင်ရန် ရေပန်းစားနေသည့်အသင်းဖြစ်သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းသည် အင်ဒိုနီးရှားကို လေးဂိုး- နှစ်ဂိုး၊ စင်ကာပူကို တစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဗီယက်နမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကမ္ဘောဒီးယားကို သုံးဂိုး-တစ်ဂိုး၊ မလေးရှားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်လှမ်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ(၁၁)ကြိမ်တွင် ဒုတိယအကြိမ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄ ပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ထိုင်းနှင့် ဆီမီးဖိုင်နယ်ပွဲအတွက် နိုဝင်ဘာ ၂၈ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး“ရေမြင့်ကြာတင့်” ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **“တက်ကြွအားသွန်နိုင်ငံ့ဝန်၌”** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အကျိုးပြုမည့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း

ဒု၄ဝတီမြစ်ပေါ်မှ ရေအားလျှပ်စစ်ဝန်ထမ်းတစ်ဦး



အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင် ဆောင်ရွက်နေမှုမြင်ကွင်း

**ယမန်နေ့မှအဆက်**

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံအတွင်း ရေမျက်နှာပြင် နိမ့်မြင့်အမှတ်(EL-395m)အထိ RCC ကွန်ကရစ်တမံ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ရာ တမံတည်ဆောက်မှုကြောင့် ရေမျက်နှာပြင် နိမ့်မြင့်အမှတ် (EL-397m)အောက် ကျရောက်သောရေဝပ်ဧရိယာ အတွင်းရှိ ကျေးရွာများအား စနစ်တကျပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်လာခဲ့ပါသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်းကျရောက်နေသည့် သီပေါမြို့နယ် တာလုံ(အရှေ့)ကျေးရွာနှင့် ကျောက်မဲမြို့နယ် တာလုံ(အနောက်)ကျေးရွာများမှာ ရေမျက်နှာပြင် နိမ့်မြင့်အမှတ်(EL-360m) ခန့်တွင်တည်ရှိ၍ အဆိုပါကျေးရွာ နှစ်ရွာအား ရေဝပ်ဧရိယာအတွင်းမှ ဖယ်ခွာ၍ ရေလွတ်ဒေသတွင် ကျေးရွာသူ ရွာသားများ လုပ်ကိုင်စားသောက်အခြေချနေထိုင်ရေးအတွက် ပိုမိုကောင်းမွန်သင့်လျော်သည့်ဒေသသို့ စနစ်တကျရွှေ့ပြောင်းနေရာချထားပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း သဘာဝပတ်ဝန်းကျင်နှင့်လူမှုစီးပွားတို့အပေါ် သက်ရောက်မှုဆိုင်ရာ ဆန်းစစ်ခြင်းများကို Resources and Environment Myanmar Ltd(REM) အဖွဲ့မှ အသေးစိတ်လေ့လာ၍အစီရင်ခံစာ ပြုစုတင်ပြခဲ့ပါသည်။ REM အဖွဲ့သည် စီမံကိန်းမှ ဝန်ထမ်းများနှင့်အတူ ၂၀၁၄ ခုနှစ် ဇူလိုင် ၆ ရက်မှစတင်၍ အဖွဲ့သုံးဖွဲ့ခွဲကာ စီမံကိန်းဧရိယာတစ်ဝိုက် လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပါသည်။ ပထမအဖွဲ့မှာ လေ၊ ရေ၊ အသံစသည့် အရည်အသွေး စစ်ဆေးခြင်း၊ ဒုတိယအဖွဲ့မှာ ဂေဟစနစ်လေ့လာခြင်း၊ တတိယအဖွဲ့မှာ စီမံကိန်းအနီးရှိ ဒေသခံရွာသူ ရွာသားများနှင့်တွေ့ဆုံ၍ လူမှုစီးပွားအခြေအနေလေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ရေဝပ်ဧရိယာအတွင်းကျရောက်သော တာလုံကျေးရွာများ၏ သဘာဝပတ်ဝန်းကျင် လူမှုစီးပွားအခြေအနေ (EIA/SIA) ကွင်းဆင်းလေ့လာမှုအစီရင်ခံစာကို သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးထံသို့ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေဝပ်ဧရိယာအတွင်းကျရောက်သောကျေးရွာများ အဆင်ပြေချောမွေ့စွာ ရွှေ့ပြောင်းပေးရေးဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ဦးစီးကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

တာလုံအရှေ့နှင့်အနောက်ကျေးရွာနေ ပြည်သူများအား စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ခံစားရရှိလာမည့် အကျိုးရလဒ်ကောင်းများ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်အရ စီမံဆောင်ရွက်ပေးရန်အစီအမံများ၊ ထောက်ပံ့ကုစားဆောင်ရွက်ပေးရမည့် အစီအမံများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများဦးဆောင်၍ ရွှေ့ပြောင်းရမည့်ကျေးရွာလူထုပူးပေါင်းပါဝင်လျက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကနဦးအနေဖြင့် အဆိုပါရေဝပ်ဧရိယာတွင်ပါဝင်သည့် တာလုံကျေးရွာနှင့် နားမခေါ်ကျေးရွာတို့သို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ရှစ်မိုင်ခန့်ကို ၂၀၁၅ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ရာ တာလုံနှင့်နားမခေါ်ကျေးရွာမှ ဒေသခံပြည်သူများအနေဖြင့် နမ့်လန်နှင့်သီပေါမြို့နယ်များသို့ ရာသီမရွေးပိုမိုလွယ်ကူဆက်သွယ်သွားလာနိုင်သည့် အကျိုးကျေးဇူးများရရှိနေပြီဖြစ်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးမှ မြို့ပြ၊ စက်မှု၊ လျှပ်စစ်၊ ဘူမိ၊ မိုင်းအင်ဂျင်နီယာဝန်ထမ်းများဖြင့် ဌာနပိုင်စက်ယန္တရားများအသုံးပြု၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၅ ဒသမ ၂၅၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတစ်ခုလုံးပြီးစီးရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းပြီးစီးပါက ထွက်ရှိလာမည့်ဓာတ်အားများကို ရွှေစာရံဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်း၏ ဓာတ်အားကွန်ရက်အတွင်းသို့ ဓာတ်အားပို့လွှတ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်စံဓာတ်အားခွဲရုံမှတစ်ဆင့် လားရှိုးနှင့်သီပေါဓာတ်အားခွဲရုံများသို့ ဓာတ်အားပို့လွှတ်သွားမည်ဖြစ်ပြီး ယင်းတို့မှတစ်ဆင့် သီပေါမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးမည်ဖြစ်ပါသဖြင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည်ရှမ်း ပြည်နယ်အပါအဝင် နိုင်ငံတော်လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးမည့် မြန်မာနိုင်ငံသားတို့၏ စီမံကိန်းကြီးဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့ မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မိတ္ထီလာ နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ယုယုမေနှင့်ဝန်ကြီးများ၏ဇနီးများ ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယနေ့ နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ အောင်မင်္ဂလာခန်းမ၌ ကွင်းဆင်းဆေးကုပေးခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈အုပ်စုရှိ ကျေးရွာ ၃၇၉ ရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ယုယုမေနှင့် ဝန်ကြီးများ၏ဇနီးများ ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကလေးအထူးကု၊ နား၊ နှာခေါင်း၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ အရေပြားသမားတော်ကြီးများ၊ ဆရာဝန်ကြီးများလိုက်ပါပြီး မိတ္ထီလာခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်တို့နှင့်အတူ မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင် ဦးဆောင်သော သမားတော်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့်ပူးပေါင်း၍ မျက်စိရောဂါ၊ အရေပြားရောဂါ၊ ကလေးအထူးကု၊ သားဖွားနှင့်မီးယပ်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါများကို ကုသပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးနှင့်အဖွဲ့က လာရောက်ဆေးကုသသော ဒေသခံပြည်သူများအား ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ တီဘီရောဂါအကြောင်း၊ ဆောင်းရာသီတွင် ဖြစ်တတ်သည့် တုပ်ကွေးရောဂါအကြောင်း၊ ခံတွင်းကင်ဆာအကြောင်း၊ အာရုံကြောအကြောင်းများကို ဟောပြောခဲ့ပြီး ဒေသခံပြည်သူများ ဆေးကုသခံယူနေမှုအား လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါဆေးကုသပေးသည့် နေရာသို့ လာရောက်ပြသသည့် ဒေသခံပြည်သူများမှ ထပ်မံကုသရန် လိုအပ်ပါက ၎င်းလူနာများအား မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်း၍ ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စစ်ဘေးရှောင်ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ပေးအပ်



**မူဆယ် နိုဝင်ဘာ ၂၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်ဒေသအတွင်း ဖြစ်ပွားခဲ့သော ပစ်ခတ်တိုက်ခိုက်မှုများကြောင့် မုံးကိုးမြို့နယ်နှင့် ပန်ဆိုင်း(ကြူကုတ်)မြို့များရှိ ဝန်ထမ်းများနှင့် ပြည်သူများသည် စစ်ဘေးတိမ်းရှောင်ရန်အတွက် တစ်ဖက်နိုင်ငံမှတစ်ဆင့် မူဆယ်မြို့အတွင်းသို့ ခိုလှုံရောက်ရှိခဲ့သည်။ အဆိုပါ စစ်ဘေးတိမ်းရှောင် ပြည်သူများအနက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ခြင်းကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဝန်ထမ်းမိသားစု တစ်စုလျှင် ငွေကျပ် တစ်သိန်းဖြင့် မိသားစု ငါးဦးအတွက် ငွေကျပ် ငါးသိန်း၊ ဆန်၊ ဆီ၊ ခေါက်ဆွဲ၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများ တန်ဖိုးငွေကျပ် ၇၅၇၀၀၀ တို့ကို ဝန်ထမ်းတစ်ဦးချင်းစီနှင့် မိသားစုများကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းကလည်း ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဝန်ထမ်း ၁၂ ဦးအတွက် ငွေကျပ် ၂၄၀၀၀၀၊ မိသားစုဝင်များအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီဖြင့် မိသားစု ၁၀ ဦးအတွက် ငွေကျပ် ၁၀၀၀၀၀ ဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၉၇၀၀၀ ကို ဝန်ထမ်းနှင့် မိသားစုဝင်များကို လည်းကောင်း တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး အဆိုပါ စစ်ဘေးတိမ်းရှောင်ဝန်ထမ်းနှင့် မိသားစုဝင်များအား နေ့လယ်စာ စီစဉ်ပေးသော မြို့နယ်ထွေ/အုပ် စားရိပ်သာတွင် ရင်းနှီးနွေးထွေးစွာဖြင့် အားပေးစကားများ ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းကလည်း မိသားစုဝင်များနှင့် ကလေးများကို တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီဖြင့် ငွေကျပ် နှစ်သိန်းကို တစ်ဦးချင်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးနှစ်သိမ့်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# KIA/TNLA အဖွဲ့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ ဒဏ်ရာရ



**နေပြည်တော် နိုဝင်ဘာ ၂၇**
KIA/TNLA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် မန်တုံမြို့နယ် ပန်ဝါကျေးရွာမှ ပြည်သူခြောက်ဦး၊ မူဆယ်မြို့နယ် မုန်းပေါ်ကျေးရွာမှ ပြည်သူတစ်ဦးတို့မှာ ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့သည် မိုးကောင်း-ဖားကန့်ပြေးဆွဲနေသည့် ယာဉ်ကြီးများ၊ မူဆယ်မြို့ရှိ လုပ်ငန်းရှင်များထံမှ ဆက်ကြေးကောက်ခံခြင်းများပြုလုပ်ခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် ပန်ဝါကျေးရွာအနီးတွင် နယ်မြေရှင်းလင်းနေသော တပ်မတော်စစ်ကြောင်းကို နိုဝင်ဘာ ၂၅ ရက် ညနေ ၄ နာရီခန့်တွင် KIA/TNLA လက်နက်ကိုင်အဖွဲ့က ပစ်ခတ်တိုက်ခိုက်ရာ ၎င်းတို့ပစ်ခတ်သော လက်နက်ကြီးဗုံးသီးများ ပန်ဝါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ဦးနောင်ဂျာ အပါအဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီး နှစ်ဦးတို့မှာ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့သဖြင့် နမ္မတူပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အလားတူ မူဆယ်မြို့နယ် မုန်းပေါ်ကျေးရွာမှ မနန်းဖုန်းသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီခန့်က မုန်းပေါ်ကျေးရွာအနီးရှိ ပြောင်းခြံတွင် ပြောင်းဖူးချိုးနေစဉ် KIA/ TNLA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဝမ်းဗိုက်တွင် သေနတ်ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် မူဆယ်ဆေးရုံတွင် ဆေးကုသမှု ခံယူနေကြောင်း သိရသည်။

ထို့ပြင် KIA လက်နက်ကိုင်အဖွဲ့ ရင်း(၆)မှ အင်အား ၉၀ ခန့်သည် နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီခန့်က မိုးကောင်းမြို့နယ် နန့်ဟိုင်းကျေးရွာနှင့် စေတုံကျေးရွာကြားရှိ နန့်ဟိုင်း သုသာန်အနီးတွင် မိုးကောင်း - ဖားကန့် ပြေးဆွဲနေသည့် ယာဉ်ကြီးတစ်စီးလျှင် ကျပ် ၁၇၀၀၀၀၊ ယာဉ်ငယ်တစ်စီးလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ဆက်ကြေးကောက်ခံခဲ့ကြောင်း၊ နိုဝင်ဘာ ၂၅ ရက်ကလည်း KIA လက်နက်ကိုင်အဖွဲ့သည် မူဆယ်မြို့ရှိ လုပ်ငန်းရှင်များထံ ဖုန်း၊ စာတို့ဖြင့် ဆက်သွယ်၍ ဩဂုတ်လအတွက် ဆက်ကြေးငွေ တောင်းခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

❂

## နမ့်ခမ်းမြို့နယ် လွယ်အင်ကျေးရွာတွင် TNLA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲ မူဆယ်မြို့နယ် ပန်ခမ်းတံတားတွင် KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်အင်ကျေးရွာတွင် ယမန်နေ့ညနေပိုင်းက TNLA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး မူဆယ်မြို့နယ်အတွင်းရှိ ပန်ခမ်းတံတားတွင် KIA လက်နက်ကိုင်အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

နမ့်ခမ်းမြို့နယ် လွယ်အင်ကျေးရွာ အဝင် ညောင်ပင်အနီးတွင် နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က TNLA လက်နက်ကိုင်အဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီခန့်ကလည်း ပန်ခမ်းကျေးရွာမှ မူဆယ်မြို့ဘက်သို့ ဆိုင်ကယ်နှစ်စီးဖြင့် မောင်းနှင်လာသော အမျိုးသား သုံးဦးသည် ပန်ခမ်းတံတားအလွန် လမ်းဘေးတွင် မိုင်းတစ်လုံးပစ်ချဖောက်ခွဲသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းရာ ၎င်းဆိုင်ကယ် နှစ်စီးမှာ မူဆယ်မြို့တွင်းသို့ မောင်းနှင်ထွက်ပြေးသွားကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ယနေ့နံနက် ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပန်ခမ်းတံတားတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် လမ်းဘေးအမှိုက်ပုံအနီးမှ လက်လုပ်မိုင်း တစ်လုံးတွေ့ရှိပြီး ပန်ခမ်းတံတားပေါ်တွင်လည်း မသင်္ကာဖွယ် အမျိုးသားတစ်ဦးကို တွေ့ရှိသဖြင့် စိစစ်ရာ KIA လက်နက်ကိုင်အဖွဲ့မှ တပ်သားအဆင့်ရှိသူ ဂန်မွန်း (ဘ) ဦးနေဂဒေါင်၊ ပန်ဂျတ်ရွာ မန်ဝိန်းကြီးအုပ်စု ဗန်းမော်မြို့နယ်တွင် နေထိုင်သူဖြစ်ကြောင်း သိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**KIA လက်နက်ကိုင်အဖွဲ့မှ တပ်သားအဆင့်ရှိသူ ဂန်မွန်း။**

# အားကစားဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်အားကစားပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့က ကျင်းပသည့် လတစ်လလျှင် နောက်ဆုံးအပတ်တိုင်း လူထုစုပေါင်းစက်ဘီးစီးပွဲ တာလွှတ်ခြင်းကို ယနေ့နံနက် ၅ နာရီခွဲက ပြည်လမ်းမကြီးရှိ ဆီးဒိုးနားဟိုတယ်ရှေ့၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ခရိုင်/မြို့နယ် အရာရှိများ၊ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးနှင့်တာဝန်ရှိသူများ၊ စက်ဘီးစီးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးခဲ့သည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ် အရာရှိများ လိုက်ပါလျက် ၂၀၁၆ခုနှစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး (TSDP)အစီအစဉ်အရ ထန်းတပင်မြို့နယ် အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ကျေးရွာအုပ်စုပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် မီနီမာရသွန်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို တက်ရောက်ခဲ့သည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်ဇံဦးက အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က ရပ်ကွက်ပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရ ငမန်း (FC) ဖူဆယ်အသင်း၊ ဒုတိယဆုရ အမှတ်(၃)ရပ်ကွက် ဖူဆယ်အသင်း၊ တတိယဆုရ ဇေဖြိုးအောင် ဖူဆယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရိုးခွကျေးရွာဘော်လီဘောအသင်း၊ ဒုတိယဆုရရှိသော (၅) ရပ်ကွက် ဘော်လီဘောအသင်း၊ တတိယဆုရရှိသော ရွာသစ်ကျေးရွာ ဘော်လီဘောအသင်းတို့အားတစ်ဦးချင်းဆုတံဆိပ်၊ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်ဇံဦးက ရပ်ကွက်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆု ရရှိသွားသော အမှတ်(၃)ရပ်ကွက် ဖူဆယ်အသင်းမှ ကျောနံပါတ်(၁၂) မောင်ကျော်ခိုင်ထူးအား ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



# ဒဏ်ရာရမြန်မာအလုပ်သမားအား အလုပ်သမားသံအရာရှိနှင့် FED အဖွဲ့ ပူးပေါင်းကူညီမည်

**ဘန်ကောက် နိုဝင်ဘာ ၂၇**

ထိုင်းနိုင်ငံ စမွတ်ဆာခွန်ခရိုင် မဟာချိုင်မြို့ရှိ ပင်လယ်စာထုတ်လုပ်သည့် ယူနီကော့(၁) စက်ရုံမှ အသက် (၂၅)နှစ်အရွယ် မြန်မာအလုပ်သမားတစ်ဦးမှာ လုပ်ငန်းခွင်အတွင်း သံချေးချွတ်ဆေးရည် ကိုယ်ပေါ်လောင်းကျကာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဘန်ကောက်မြို့ရှိ ဘုရင့်ဆေးရုံ၌ ဆေးကုသနေရသောကြောင့် FED (ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း)နှင့် မြန်မာနိုင်ငံသံရုံးအလုပ်သမားသံအရာရှိတို့က ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမားအရေးဆောင်ရွက်သည့် ဦးစောမောင်က ဆက်သွယ်ပြောကြားသည်။

MoU စနစ်ဖြင့် ယူနီကော့(၁) စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့မှ မောင်စိုးကိုမှာ နိုဝင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက လုပ်ငန်းခွင်သုံးရေကာနှင့် ဖိနပ်များဆေးကြောနေစဉ် အနီးရှိ သံချေးချွတ်ဆေးများထည့်ကာ ဖျော်စပ်နေသော အိုးထဲမှာ အရည်များ လျှံကျကာ မောင်စိုးကို၏ ကိုယ်ပေါ်သို့ လောင်းကျခဲ့ကြောင်း၊ ထိုသို့ လောင်းကျမှုကြောင့် မောင်စိုးကို၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး စမွတ်ဆာခွန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသရာမှ ဘန်ကောက်မြို့ရှိ ဘုရင့်ဆေးရုံသို့ လွှဲပြောင်းကုသနေရကြောင်း ၎င်းက ပြောကြားသည်။

"နိုဝင်ဘာ ၂၃ ရက်မှာ သူ့ဆွေမျိုးသားချင်းတွေနဲ့သွားတွေ့တော့ ကောင်လေးကမျက်စိလည်းမမြင်ရဘူး။ နိုဝင်ဘာ ၂၈ ရက်မှာ မျက်စိခွဲမယ်။ ကျောကုန်းကိုလည်း အရေပြားအစားထိုး ခွဲစိတ်ကုသမှုတွေလည်း ထပ်လုပ်ရမယ်လို့ ပြောတယ်" ဟု ဦးစောမောင်က ရှင်းပြသည်။

ဆေးရုံတက်ရောက်နေသူ၏ မြန်မာနိုင်ငံတွင် နေထိုင်သောမိဘများက လူမှုကူညီရေးအဖွဲ့အစည်းတစ်ခုမှတစ်ဆင့် အလုပ်သမားအရေးဆောင်ရွက်သော FED ဒါရိုက်တာ ဦးထူးချစ်ထံ ချိတ်ဆက်အကူအညီ တောင်းခံခဲ့ကြောင်းနှင့် အဆိုပါ ဖြစ်စဉ်အတွက် ဦးထူးချစ်နှင့် မြန်မာသံရုံးမှ အလုပ်သမားသံအရာရှိတို့က စောင့်ကြည့်လေ့လာကာ နစ်နာမှုများမရှိစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရကာ မောင်စိုးကို၏ မိခင်မှာ နိုဝင်ဘာလကုန်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဦးစောမောင်က ပြောသည်။ **စိုးဝင်း(MLA)**



# နွေစပါးစိုက်ပျိုးရန် ထွန်စက်ငှားရမ်းအသုံးပြုသည့်အခါ ဈေးနှုန်းတစ်ပြေးညီဖြစ်ရန် တောင်သူများ ဆန္ဒရှိ

**ရေတာရှည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်ဧရိယာအတွင်း နွေစပါးစိုက်ပျိုးနိုင်ရန် ရိုးပြတ်များမီးရှို့ခြင်းနှင့် ထွန်စက်များငှားရမ်းကာ ထွန်ရေးပြင်ခြင်းတို့ စတင်လုပ်ဆောင်လျက်ရှိပြီး ထွန်စက်များငှားရမ်းအသုံးပြုရာတွင် ဈေးနှုန်းအမျိုးမျိုးဖြစ်နေသည့်အတွက် သတ်မှတ်ဈေးနှုန်းတစ်ညီတည်းဖြစ်စေချင်ကြကြောင်း တောင်သူများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တစ်ဧကထွန်ထိုးရာတွင် ကျပ် ၁၃၀၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အမှန်တကယ် ထွန်စက်ရရှိနိုင်မှုမှာ အခက်အခဲရှိနေကြောင်း တောင်သူအချို့က သုံးသပ်ပြောကြားသည်။

လက်ရှိတောင်သူများအနေဖြင့် ကျွဲ၊ နွားဖြင့်လုပ်ကိုင်သူအရေအတွက်မှာ ယခင်ထက်စာလျှင် များစွာနည်းပါးသွားခဲ့ပြီး လက်တွန်းထွန်စက်၊ ကိုယ်ပိုင်ထွန်စက်များ အရစ်ကျဝယ်ယူ၍ အငှားလိုက် မောင်းနှင်ထွန်ယက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ထွန်စက်များ ငှားရမ်းအသုံးပြုရာ၌ ခြောက်ဖန်းထွန်ဆိုလျှင် တစ်ဧက ကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ကျသင့်ပြီး ဒေသအလိုက်ဈေးနှုန်းကွာခြားမှုများရှိကြောင်း သိရသည်။

"ထွန်စက်တွေက ဂေါ်တွေပါတော့ မြေညှိတာ၊ မြေပြင်တာဆိုရင် တစ်နာရီကိုနှစ်သောင်းခွဲပေးရတယ်။ ၉၅ ကောင်အားဆိုရင် သုံးသောင်းခွဲကျသင့်တယ်။ အငှားလိုက်တဲ့ ထွန်စက်တွေကတော့ များပါတယ်။ ဒါပေမယ့် ဈေးနှုန်းတစ်ခုသတ်မှတ်ပေးရင် တောင်သူတွေ ပိုပြီးအဆင်ပြေနိုင်မှာပါ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဖျက်ပိုးများကျရောက်၍ ထွက်နှုန်းလျော့ကျခြင်းအပြင် ဈေးနှုန်းကောင်းမွန်ခြင်းမရှိသည့်အတွက် အကျိုးအမြတ်နည်းပါးခဲ့ပြီး နွေစပါးစိုက်ပျိုးရာ၌ မိုးရာသီထက် ထွက်နှုန်းပိုမိုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းအရနည်းပါးသည့်တိုင် အထွက်နှုန်းကြောင့် အရှုံးမရှိနိုင်ကြောင်း တောင်သူများက ခန့်မှန်းကြသည်။

**ကိုလွင်(ဆွာ)**

# ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) တပ်ခွဲ(အင်းစိန်) အိမ်ထောင်သည် ရဲမေများ အခြေခံစစ်ပညာသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) အင်းစိန်မြို့နယ်ရှိ မှီခိုသူ အိမ်ထောင်သည်ရဲမေများ အခြေခံစစ်ပညာသင်တန်း အမှတ်စဉ် ( ၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ်(၁၄) အင်းစိန်တပ်ခွဲခန်းမ၌ ကျင်းပရာ မှီခိုသူအိမ်ထောင်သည်ရဲမေများ တက်ရောက်ခဲ့ကြပြီး တပ်ခွဲမှူး ဒု-ရဲမှူး စိုးမိုးလွင်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် သင်တန်းမှူးအဖြစ် ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ(အင်းစိန်) တပ်ခွဲမှူး ဒု-ရဲမှူး စိုးမိုးလွင်က အနီးကပ်ကြီးကြပ်၍ သင်တန်းနည်းပြ ရဲတပ်ကြပ်ကြီး လှဝင်းအောင်၊ ရဲတပ်ကြပ်ကြီး ဇော်နိုင်ဦး၊ ရဲတပ်ကြပ်ကြီး ဇော်ဝင်းတို့က စာတွေ့လက်တွေ့များဖြင့် တစ်လတာသင်ကြားပို့ချသွားမည်ဖြစ်ပြီး မှီခိုသူအိမ်ထောင်သည် ရဲမေ ၃၈ ဦးတို့ သင်တန်းတက်ရောက်ခဲ့ကြကာ သင်တန်းအမှတ်စဉ် (၂၃)ကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **ဉာဏ်လင်း (အင်းစိန်)**



# အမျိုးသားနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲဆုရရှိကြသူများအား ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရန်နှင့် ကိုယ့်အမျိုးအနွယ်ကို စောင့်ရှောက်တတ်စေရန် ရည်ရွယ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူမှုအခြေပြု ဗဟိုဌာန(အင်းစိန်)ရွှေ့ မြက်ခင်းပြင်၌ နိုဝင်ဘာ ၂၃ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျားစာကြည့်တိုက်တို့ ပူးပေါင်းကျင်းပသော (၉၆)နှစ်မြောက် အမျိုးသားနေ့စာပေဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဦးအောင်မြင့် (မောင်နွယ်မြင့်-စာပေဗိမာန် စာပေဆုရ)တို့က အမှာစကားပြောကြားကြပြီး စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာ ဒါရိုက်တာ ကြည်စိုးထွန်းက 'မင်္ဂလာရှိပါစေ'ခေါင်းစဉ်ဖြင့် ဟောပြော၍ စာရေးဆရာမ ယမင်းမြတ်အေးက 'အမျိုးသားရေးနှင့်မျိုးဆက်သစ်တို့ တာဝန်'ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက စာပေဟောပြောပေးခဲ့ကြသော စာရေးဆရာ၊ စာရေးဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ကြပြီး အထက်တန်း၊ အလယ်တန်း ဝါသနာရှင် ကျောင်းသား ကျောင်းသူများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်
ကင်းဝေးစေရေးအတွက်
"ကား" တိုင်းတွင်
မီးသတ်ဆေးဘူးဆောင်ထားပါ
မီးသတ်ဦးစီးဌာန

# ရန်ကုန်မြို့တွင် ဆင်ခြေဖုံးမြို့နယ်များသာ ဝယ်ယူငှားရမ်းမှုများပြား

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးကွက် အခြေအနေသည် အရောင်းထက် အငှားပိုင်း၌ ပိုမိုသက်ဝင်လျက်ရှိကာ အထူးသဖြင့် မြို့လယ်ပိုင်းများထက် ဆင်ခြေဖုံးမြို့နယ်များကို ဝယ်ယူငှားရမ်းရန်အတွက် ရွေးချယ်လျက်ရှိကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် အိမ်ခြံမြေရောင်းဝယ်ငှားရမ်းရန် အတွက်ရှာဖွေနိုင်သော ကွန်ရက်တစ်ခုဖြစ်သည့် House.com.mm အရ ဝင်ရောက်ကြည့်ရှုသူများ၏ ၆၁ ရာခိုင်နှုန်းသည် ငှားရမ်းလိုသူများဖြစ်ပြီး ဝယ်ယူရန်အတွက်ကြည့်ရှုသည့် အရေအတွက်မှာ ၃၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရှာဖွေမှုများ၏ ၈၉ ရာခိုင်နှုန်းခန့်သည် ရန်ကုန်မြို့တွင်းရှိ အိမ်ခြံမြေစာရင်းများကို ရှာဖွေကြပြီး ၅ ဒသမ ၉ ရာခိုင်နှုန်းသည် မန္တလေးမြို့ရှိ အိမ်ခြံမြေစာရင်းများကို ရှာဖွေကြခြင်းဖြစ်ကြောင်း သိရသည်။

မြို့လယ်ကောင်ရှိ အိမ်ရာခန်းများသည် အများအားဖြင့် စီးပွားရေးလုပ်ငန်းသုံးများသောကြောင့် ဈေးနှုန်းမြင့်မားခြင်းနှင့် ယာဉ်ကြောကျပ်တည်းမှုများခြင်းကြောင့် နေထိုင်ရန်အတွက် ရှာဖွေသူများသည် ဆင်ခြေဖုံးမြို့နယ်များကိုသာ ပိုမိုရှာကြခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းရှိ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ စမ်းချောင်း၊ တာမွေ၊ မရမ်းကုန်း၊ သန်လျင်၊ ဗဟန်း၊ လှိုင်၊ သဃ်္ဃန်းကျွန်းနှင့် ရန်ကင်းစသည့် မြို့နယ်များမှာ ထိပ်ဆုံး ၁၀ နေရာတွင် ရပ်တည်နေသော မြို့နယ်များဖြစ်ပြီး ဝင်ရောက်ကြည့်ရှုရှာဖွေသူ အများဆုံးမြို့နယ်များအဖြစ် တောင်ဥက္ကလာ၊ မြောက်ဒဂုံနှင့် စမ်းချောင်းမြို့နယ်များဖြစ်ကြောင်း သိရသည်။

**(မွန်းဦးနဒီ)**

# တပ်ကုန်းမြို့အတွင်း၌ မျက်စိရောဂါဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်းမှ (အခမဲ့)လာရောက်ကုသပေးလျက်ရှိ



**တပ်ကုန်း နိုဝင်ဘာ ၂၇**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း၌ မျက်စိရောဂါဝေဒနာရှင်များအား ချယ်ရီမေတ္တာဖောင်ဒေးရှင်းအဖွဲ့မှ နိုဝင်ဘာ ၂၅ ရက်မှ စတင်၍ ၂၇ ရက်ထိ ကင်မွန်းတန်းကျေးရွာအုပ်စု ခြုံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင်(အခမဲ့) စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ပြီး ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ တပ်ကုန်းခုတင်(၁၀၀)ဆေးရုံတွင် ဆက်လက်ကုသပေးမည်ဖြစ်သည်။

ထိုအဖွဲ့တွင် မျက်စိစမ်းသပ်ဆရာဝန် ဒေါက်တာသန်းစိုးနှင့်အဖွဲ့ဝင်များ၊ ခွဲစိတ်ဆရာဝန်ပါမောက္ခ ဒေါက်တာကိုကိုတင်နှင့်အဖွဲ့ဝင်များ ပါဝင်ပြီး စမ်းသပ်ရန်စာရင်းပေးသွင်းသူ ၂၅၀၀ ရှိပြီး ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား ဆီးချို၊ HIV/A IDS ရောဂါလက္ခဏာများ ရှိ/မရှိစစ်ဆေး၍ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(တင်စိုးလွင်)**

# ရုပ်ရှင်ကားကြီးမှာ ပထမဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ထားတဲ့ ဟန်သီ

**အလှမယ်တစ်ယောက်အနေနဲ့ အောင်မြင်မှုတွေရရှိခဲ့တဲ့ ဟန်သီဟာ သူ့အတွက်ပထမဆုံး ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်လာမယ့် လွမ်းဒဏ္ဍာရီဇာတ်ကားမှာ သနားစရာ ကျောင်းသူကောင်မလေးတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ မကြာခင်ကရိုက်ကူးပြီးစီးခဲ့တဲ့ ဒီဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဟန်သီရဲ့ အတွေ့အကြုံတွေကို ယခုလို ကြားသိခဲ့ရပါတယ်။**





### ဟန်သီရဲ့လတ်တလောအနုပညာလှုပ်ရှားမှု-

ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ထားပါတယ်။ ရှင်ရှင်ဇာတ်ကားအမည်က လွမ်းဒဏ္ဍာရီ။ ဒါရိုက်တာက ရွှေပြည်ကတုံး။ အဲဒီဇာတ်ကားမှာ ဟန်သီနဲ့တွဲဖက်သရုပ်ဆောင်တာကတော့ မင်းသားက အားသစ်၊ ပြီးတော့ မအိချောပို၊ အန်တီထွန်းအိန္ဒြာဗိုလ်၊ ဦးရဲအောင်၊ အန်တီသန်းသန်းစိုးနဲ့ အခြားအနုပညာရှင်တွေ၊ ဟာသသရုပ်ဆောင်တွေလည်းပါပါတယ်။ ဟန်သီသရုပ်ဆောင်ရတာက အားသစ်ကို တစ်ဖက်သတ်ချစ်နေတဲ့ကောင်မလေးအနေနဲ့ပေါ့။ မင်းသားနဲ့က အိမ်နီးနားချင်းလည်းဖြစ်တယ်၊ မိဘတွေကလည်း သဘောတူထားတဲ့ကောင်မလေးနေရာက သရုပ်ဆောင်ရတယ်။ ဇာတ်လမ်းပုံစံကတော့ မင်းသားနဲ့ ဟန်သီနဲ့ကအတူကျောင်းသွားတယ်။ သူကျောင်းမှာ မမဆိုတဲ့တစ်ယောက်နဲ့ တွေ့သွားတော့ သူကအဲဒီ မမကို ကြိုက်သွားတဲ့အချိန်မှာ ဟန်သီကိုပစ်ထားခဲ့တယ်။ ဟန်သီနဲ့ ကျောင်းမသွားတော့ဘူး။ ဟန်သီကတော့ သူ့ကိုလိုက်ပြီး စိတ်ပူတယ်။ အဲဒီမမက အားသစ် စာမေးပွဲမအောင်မှာစိုးလို့ အားသစ်ကိုငြင်းလိုက်တယ်။ အဲဒီအချိန်မှာ သူအလွန်စိတ်ဓာတ်ကျသွားတယ်။ ဟန်သီက ပြန်နှစ်သိမ့်တော့ ဟန်သီနဲ့ပဲသံယောဇဉ်ဖြစ်ပြီး နောက်ဆုံးဇာတ်သိမ်းသွားတာပါ။ ဒီလို ဇာတ်လမ်းပုံစံလေးပေါ့။

### ဒီဇာတ်ကားကို ရိုက်ဖို့ရွေးချယ်ဖြစ်ပုံကရော-

ဒီရုပ်ရှင်ဇာတ်ကားက ဟန်သီအတွက် ပထမဆုံးရုပ်ရှင်ဇာတ်ကားလည်းဖြစ်မှာဆိုတော့ ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်ကိုလည်း ကြိုက်တယ်။ ကိုယ်လည်းလုပ်နိုင်မယ်လို့ ယုံကြည်တယ်။ ဒရမ်မာလေးလည်းရိုက်ရတယ်။ ကိုယ်ကိုယ်တိုင်က အဲဒီအပိုင်းလေးတွေကို ရိုက်ရတာအားသန်တယ်။ ဒီရုပ်ရှင်ကကိုယ့်အတွက်က ပထမဆုံးရုံတင်မယ့်ဇာတ်ကားလည်းဖြစ်တော့ ရွေးချယ်ဖြစ်သွားတာပါ။

### ရိုက်ကူးမှုအခြေအနေကရော-

ဟန်သီရိုက်ကူးမှုကတော့ အားလုံးပြီးသွားပါပြီ။ ဟန်သီကရိုက်ကူးရေးမှာ ငါးရက်ဝင်ရတယ်။ မြကျွန်းသာ၊ အင်းလျားကန်ဘောင်၊ ရှုတင်အိမ်ကိုလည်း သွားရိုက်ရတယ်။ ဟန်သီတို့က ကျောင်းသူတွေဆိုတော့ ဒဂုံတက္ကသိုလ်မှာ ရိုက်ရတယ်။ ရန်ကုန်မှာပဲ အဓိကရိုက်တာပါ။

### သရုပ်ဆောင်ရင်း အမှတ်တရဖြစ်ခဲ့တာတွေရှိလား-

ရိုက်ကွင်းပေါ်မှာအမှတ်တရကတော့ ဒုတိယနေ့မှာ အန်တီခိုင်နဲ့ရိုက်တော့ ဟန်သီငိုရတဲ့အခန်းပါတယ်။ အဲဒီအခန်း ရိုက်တော့ နှာတွေစီးပြီး ဖျားနေတာ။ ငိုတာမျက်ရည်လုံးဝမကျဘူး၊ မျက်ရည်ပဲဝဲတယ်။ နောက်နေ့ငိုရတဲ့အခန်းရိုက်တော့လည်း အတော်လေးကိုခက်ခဲပါတယ်။ နောက်ရက်တွေမှာ ငိုရတဲ့အခန်းဆက်ရိုက်တော့ အဆင်ပြေသွားတယ်။ ဒါရိုက်တာကတောင်အံ့သြတယ်။ ငိုတတ်သားပဲလို့တောင်ပြောတယ်။ ငိုရတဲ့အခန်းကတော့ တော်တော်မှတ်မှတ်ရရပါပဲ။

### သရုပ်ဆောင်ရတဲ့အပေါ်ကိုယ့်ကိုယ်ကိုယ် ဘယ်လိုသုံးသပ်မိလဲ-

ဟန်သီ ရိုက်ကူးရေး ငါး ရက်ဝင်တာမှာ ရှေ့နှစ်ရက်လောက်က ကိုယ့်ကိုယ်ကိုယ်စိတ်တိုင်းသိပ်မကျဘူး။ ပထမဆုံး ဆိုတော့ ဘယ်သူနဲ့မှလည်းမသိဘူး။ အကုန်လုံးနဲ့လည်း စိမ်းနေတယ်။ သိပ်လည်းမခင်သေးတော့ သရုပ်ဆောင်ရတာ နည်းနည်းတော့ အဆင်မပြေဘူး။ နောက်တော့ ဒီကားကို အကောင်းဆုံးကြိုးစားမယ်ဆိုပြီး အားလုံးကိုစကားတွေလိုက်ပြောတယ်။ အများကြီးလည်း ကြိုးစားထားပါတယ်။ တအားလည်း အားထည့်ထားရတယ်။ ဒါပေမယ့် နောက်ပိုင်း သုံးရက်လုံးကတော့ တိုးတက်လာတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အားရပါတယ်။ နေကောင်းလာတာလည်း ပါပါတယ်။ ဟာသပိုင်းလေးကိုလည်း ဟန်သီ ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ခဲ့တယ်။ နောက်ပိုင်းရက်တွေကိုတော့ အတော်လေးအားရပါတယ်။ နောက်ငိုရတဲ့အခန်းတွေမှာ အားလုံးက အံ့သြနေတယ်။ ဟန်သီ ငိုတတ်လာလို့ဆိုပြီး။

### ဝါရင့်သရုပ်တွေနဲ့ တွဲဖက်သရုပ်ဆောင်မှုကရော-

အန်တီခိုင်တို့၊ ဦးရဲအောင်တို့က တကယ့်ကိုတော်တယ်။ အန်တီခိုင်ဆို ဟန်သီနဲ့ တစ်နေကုန်ရိုက်တဲ့နေ့တုန်းက တောက်လျှောက်အားပေးတယ်။ သမီးလေး သဘာဝအတိုင်းဖြစ်အောင်လုပ်၊ အမှားပါလည်းကိစ္စမရှိဘူး။ သမီးလုပ်သာလုပ်လိုက် ဆိုပြီးတော့ သင်ပေးတယ်။ နေရာယူတာ ထိုင်ပုံထိုင်နည်းကအစ ကင်မရာကဟိုဘက်မှာရှိတာ ဟိုဘက်ကိုလှည့်ထိုင် အဲလိုလေးတွေကအစ သင်ပေးတာ။ တကယ့်ကို သဘောကောင်းတယ်။ ဟန်သီကိုဆိုရင် ဘုရားတရား သေချာလုပ်ဆိုပြီး အများကြီးလည်း သွန်သင်ဆုံးမပေးတယ်။ ပြီးတော့ကံကောင်းတာက ရှုတင်လည်းပြီးရော ရွှေနန်းတော်ကြော်ငြာမှာ ပြန်ဆုံတယ်။ ဦးရဲအောင်နဲ့က တစ်ခါပဲတွေ့လိုက်ရတယ်။ သူကလည်း သဘောကောင်းတယ်။ အားလုံးကတော့ ဘုရားတရားလုပ်ဖို့မှာတယ်။ သေချာကြိုးစားရင်ဖြစ်မှာပါဆိုပြီး အားပေးကြတယ်။

### ရိုက်ကူးမှုအပိုင်းကရော-

ဟန်သီပထမနေ့မှာ ကြောက်နေတဲ့အတွက် အသံနည်းနည်းဝဲနေတယ်။ ဒါရိုက်တာက ဟန်သီကို သေချာပြန်သင်ပေးတယ်။ ဒီလိုမျိုးလေးမပြောရဘူးဆိုရင် ဟန်သီက ပြန်ကျင့်တယ်။ အလုပ်လုပ်ရတာ ကောင်းပါတယ်။ ဒီကာ ရိုက်တာပေါ်မှာ ကိုယ်ကစိတ်နှစ်ပြီးရိုက်ရုံပဲ။ ဟန်သီကို သေသေချာချာလည်းသွန်သင်ဆုံးမပါတယ်။ သရုပ်ဆောင်အသစ်တစ်ယောက်အနေနဲ့ အလုပ်လုပ်ရတာ သက်သောင့်သက်သာ ရှိတော့ အဆင်ပြေပါတယ်။

### အမေရိကန်မှာ သင်ကြားခဲ့ရတဲ့ ပညာရပ်တွေက ဟန်သီအတွက် ဘယ်လောက်အထိ အသုံးဝင်လဲ-

အမေရိကန်မှာသင်ကြားခဲ့ရတာက အခုဒီကားမှာ ၃၀ ရာခိုင်နှုန်းလောက်ပဲ အသုံးဝင်တယ်လို့ထင်ပါတယ်။ နောက်ပိုင်းတော့ ပိုပြီးအသုံးဝင်လာမယ်လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားက ဒရမ်မာပုံစံ၊ ကျောင်းမှာက လေ့ကျင့်ပေးလိုက်တာဆိုပေမယ့် အကုန်အသုံးချခွင့်မရဘူး။ အခုကအေးအေးလေးနဲ့ ချစ်စရာကောင်းတဲ့ဘက်ကို သရုပ်ဆောင်ရတာဆိုတော့ ကိုယ့်ပုံစံလေးနဲ့ကိုယ်ပဲ အများဆုံးလိုက်ဖက်အောင်သရုပ်ဆောင်ဖြစ်ပါတယ်။ ဟိုမှာက ကိုယ့်အတွေးနဲ့ ကိုယ်ပြန်ပြောရတဲ့ဘာသာရပ်တစ်ခုရှိတယ်။ အဲဒီ ဘာသာရပ်က အသုံးဝင်တယ်။ တခြားသရုပ်ဆောင်တွေနဲ့ စကားပြောရတာလည်း ပိုပြီးအဆင်ပြေလာပါတယ်။

### ဟန်သီရဲ့ အနုပညာရည်မှန်းချက်ကရော-

အခုလက်ရှိ ဟန်သီ ဒီရုပ်ရှင်ဇာတ်ကားကို အာရုံစိုက်ထားပါတယ်။ ကိုယ့်အနေနဲ့ သရုပ်ဆောင်ပိုင်းကို အများကြီး ဆက်လုပ်ချင်တော့ ဇာတ်ကားဘက်ကိုပဲ အများကြီး အာရုံစိုက်ထားပါတယ်။ ဖေ့စ်ဘွတ်ခ်မှာ ကြော်ငြာလေးတွေလည်း လက်ခံထားပါတယ်။ တခြားကြော်ငြာတွေလည်းလက်ခံထားပါတယ်။ တော်တော်များများလည်း ရိုက်ဖြစ်ပါတယ်။ ပြီးတော့ ဂီတနဲ့ပတ်သက်ပြီး သီချင်းဆိုတဲ့ဘက်ကိုလည်း ပြန်ပြီး အားစိုက်ဖို့ရှိပါတယ်။ ဒါပေမယ့် ဟန်သီ သရုပ်ဆောင်ပိုင်းကို ပိုပြီး ဦးစားပေးလုပ်ဆောင်သွားမှာပါ။

### အားပေးကြတဲ့ ပရိသတ်တွေကို ဘာများ ပြောချင်ပါလဲ-

ဟန်သီက အလှမယ်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံကိုယ်စားပြုပြီး သွားပြိုင်ခဲ့တယ်။ ဓာတ်ပုံတွေထဲမှာလည်း လှလှပပပဲပေါ့။ ကိုယ့်အလှအပကို ပဲမြင်ရတာပေါ့။ ကိုယ့်ရဲ့ပျော်နေတဲ့ပုံ၊ တက်တက်ကြွကြွနဲ့ ပြုံးပျော်နေတဲ့ပုံကိုပဲ တွေ့ရတာပေါ့။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ကျတော့ ကာရိုက်တာ မျိုးစုံ၊ ပုံစံမျိုးစုံလည်းဖြစ်နိုင်တော့ အားလုံးက ကာရိုက်တာမျိုးစုံကို မြင်ပြီးတော့လည်း ဟန်သီကိုလက်ခံစေချင်တယ်။ ဟန်သီအနေနဲ့လည်း အတတ်နိုင်ဆုံးကြိုးစားသွားမယ်။ ကာရိုက်တာတစ်ခုစီတိုင်းကို အကောင်းဆုံးဖြစ်အောင် လုပ်သွားမှာပါ။ ရုပ်ရှင်ကားထွက်လာရင်လည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတော့ ရုံတင်မယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီ ကားမှာ ကိုယ်ချစ်ရတဲ့သူက တခြားတစ်ယောက်ကို ချစ်သွားပေမယ့် ကိုယ်ကတော့ မပြောင်းလဲဘဲ ဆက်ချစ်နေတဲ့ သနားစရာကောင်းတဲ့ ကျောင်းသူကောင်မလေး တစ်ယောက်အနေနဲ့ ဟန်သီကို ပရိသတ်တွေ မြင်တွေ့ရမှာပါ။ ။

**မင်းလှသား**

---

### * ကျော့ဖုံးမှ

အချစ်ဇာတ်လမ်းကို ပုံဖော်ထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ တက်သစ်စမင်းသားတစ်ဦးဖြစ်တဲ့ ဆောင်ဂျွန်ကီနဲ့ ထိပ်တန်းမင်းသမီးတစ်ဦးဖြစ်တဲ့ ဆောင်းဟေကိုတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါ ရုပ်ရှင်ကဲ့သို့ ယခုနှစ်အတွက်ရွေးချယ်ထားတဲ့ အကောင်းဆုံးရုပ်ရှင်ဇာတ်လမ်းတွဲအတွက် ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့တဲ့ အခြားသောတောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတစ်ခုကတော့ မင်းသား လီဆိုးဂျင်နဲ့ မင်းသမီး ယူအီးတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ MBC ရုပ်သံလိုင်းရဲ့ ရုပ်ရှင် "Marriage Contract"ပဲ ဖြစ်ပါတယ်။

အဆိုပါဆုပေးပွဲကြီးမှာ ရုပ်ရှင်နဲ့ ရုပ်သံအစီအစဉ်တွေမှာ ထူးချွန်တဲ့ အနုပညာရှင်တွေနဲ့ လက်ရာတွေကို ရွေးချယ်ကာ ဆုချီးမြှင့်တာဖြစ်ပါတယ်။ ယခုနှစ်ဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာတော့ စင်ကာပူ၊ တရုတ်၊ ထိုင်ဝမ်၊ ထိုင်း၊ မလေးရှား၊ ဂျပန်နဲ့ အိန္ဒိယနိုင်ငံက အနုပညာရှင်တွေနဲ့ လက်ရာတွေ အများဆုံးပါဝင်တာတွေ့ရပါတယ်။ အာရှရုပ်သံဆုပေးပွဲဟာ နှစ်စဉ်ကျင်းပမြဲအနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်ပြီး ယခုနှစ်ဆုပေးပွဲကို လာမယ့် ဒီဇင်ဘာ ၂ရက်မှာ စင်ကာပူနိုင်ငံမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**(အေးပြည့်)**

---

# သရုပ်ဆောင်သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

Make Sense Entertainment ၏ သရုပ်ဆောင်သင်တန်းအမှတ်စဉ်(၁) (May/ 2016) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် Make Sense Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Tomoya Sam၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့် Make Sense Entertainment သရုပ်ဆောင်သင်တန်း ကျောင်းအုပ်ကြီး ဦးဌေးအောင် (ဆွေဇမာ)တို့က အဖွင့်အမှာစကားပြောကြားကြပြီး သင်တန်းသူ သင်တန်းသားများက ၎င်းတို့တတ်ကျွမ်းထားသည့် သရုပ်ဆောင်ပြကွက် အက၊ အလှ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ထို့နောက် Mr. Tomoya Sam၊ ဦးလူမင်း၊ ဦးဌေးအောင်၊ ဒေါ်ခင်သန်းနွယ်နှင့် ဦးခင်မောင်ချင်းတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



အဆိုပါသင်တန်းအမှတ်စဉ်(၁)ကို မေ ၁ ရက်ကစတင်ဖွင့်လှစ်ခဲ့ရာသင်တန်းကာလ ငါးလအတွင်း စာတွေ့လက်တွေ့သင်ကြားသည့် ရက်ပေါင်း ၈၀ ရှိသည်။ သင်တန်းတွင် သရုပ်ဆောင်အတတ်ပညာ၊ ဇာတ်ညွှန်းအခြေခံ၊ ဒါရိုက်တာအခြေခံ၊ အကနှင့် မော်ဒယ်ဆိုင်ရာပညာရပ်များ သင်ကြားပေးခဲ့သည်။ ယခုအခါ သင်တန်းဆင်းအချို့သည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများတွင် ပါဝင်ရိုက်ကူးလျက်ရှိပြီး Make Sense Entertainment သရုပ်ဆောင်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**




# စပါးအသင်းအား အနိုင်ရရှိခဲ့သည့် ချယ်လ်ဆီးအသင်း အမှတ်ပေးဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၃)တွင် စပါးအသင်းအား လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ဧည့်ခံကစားခဲ့ရာ ပက်ဒရိုနှင့် မော့ဆက်တို့၏ သွင်းဂိုးများဖြင့် စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့သည်။

ချယ်လ်ဆီးအသင်းသည် စပါးအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ခုနစ်ပွဲဆက်တိုက်အနိုင်ရရှိခဲ့သည့်အသင်းဖြစ်လာခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ခုနစ်ပွဲတွင် ယခုစပါးအသင်းနှင့် ပွဲစဉ်မှသာ ပေးဂိုးပေးလိုက်ရခြင်းဖြစ်သည်။

စပါးအသင်းမှာမူ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် ပရီမီယာလိဂ်တွင် နိုင်ပွဲရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့ရာတွင် ပွဲကစားချိန် ၁၁ မိနစ်တွင် အဲရစ်ဆင်၏ သွင်းဂိုးရရှိခဲ့သော်လည်း ဦးဆောင်ဂိုးကို ဆက်မထိန်းထားနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်း၏ ဒုတိယပိုင်းသွင်းဂိုးများကို ခွင့်ပြုပေးခဲ့ရခြင်းကြောင့် အမှတ်ပေးဇယား အဆင့်(၄)နေရာသို့ တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်နှင့်လည်း လွဲချော်ခဲ့ရသည်။ စပါးအသင်းသည် နိုဝင်ဘာ ၂၂ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် ယခုတစ်ဖန် ချယ်လ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုပရီမီယာလိဂ်ပွဲစဉ်(၁၃)တွင် ချယ်လ်ဆီးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းသည် စပါးအသင်းအနေဖြင့် ၁၉၉၀ ခုနှစ်နောက်ပိုင်း ချယ်လ်ဆီးအသင်းအား နိုင်ပွဲမရရှိခဲ့သည့် မှတ်တမ်းဆိုးကို မချေဖျက်နိုင်ခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းနှင့် ဆုံတွေ့ခဲ့သည့် ပွဲစဉ် ၃၀ ဆက်တိုက် နိုင်ပွဲပျောက်ဆုံးသည့်မှတ်တမ်းဆိုးတစ်ရပ်ကိုလည်း ပိုင်ဆိုင်သွားခဲ့ရသည်။

ချယ်လ်ဆီးအသင်းသည် စက်တင်ဘာ ၂၄ ရက်က ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းအား သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့စဉ်တွင် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် မန်စီးတီးနှင့် ရှစ်မှတ်အကွာ အမှတ်ပေးဇယား၏ အဆင့်(၁၀)နေရာတွင် ရပ်တည်နေရာမှ ပွဲစဉ်(၇)တွင် ဟားစီးတီးအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ခုနစ်ပွဲဆက်နိုင်ပွဲရရှိမှုနှင့်အတူ အမှတ်ပေးဇယားထိပ်ကို ပြန်လည်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

## ဆောက်ဂိတ်အား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်မည်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် လက်ရှိအင်္ဂလန်အသင်းတွင် ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ် လျက်ရှိသည့် နည်းပြဆောက်ဂိတ်အား အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ချုပ်၏ ဘုတ်အဖွဲ့အစည်းအဝေးကျင်းပမည့် ဗုဒ္ဓဟူးနေ့မတိုင်းမီ နည်းပြဆောက်ဂိတ်အား အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်သွားရန်လည်း ရှိနေသည်။

အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်သည် နည်းပြဟောင်း ဆမ်အလာဒိုက်နေရာတွင် အစားထိုးနည်းပြ အဖြစ် ခန့်အပ်ခဲ့ပြီးနောက် လက်ရှိအချိန်အထိ ယာယီနည်းပြအဖြစ်နှင့်သာ တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းတွင် နည်းပြလက်မဲ့ဖြစ်ခဲ့ရပြီးနောက် အသက်(၂၁)နှစ်အောက်အသင်းနည်းပြဖြစ်သည့် ဆောက်ဂိတ်အား လက်ရွေးစင်အသင်းနည်းပြအဖြစ် ယာယီခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များကစားခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် လက်ရွေးစင်အသင်း၏ အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆောက်ဂိတ်သည် အင်္ဂလန်အသင်းနှင့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်သုံးပွဲ ကိုင်တွယ်ခဲ့ရာတွင် အောက်တိုဘာ ၈ ရက်က မယ်လ်တာအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်က စကော့တလန်အသင်းကို သုံးဂိုးပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၁ ရက်က ဆလိုဗေးနီးယားအသင်းနှင့် ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း ရလဒ်အသီးသီးထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ စတီဗင်ဂျာရတ်သည် ယခုတစ်ပတ်ထဲတွင် ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီး စတီဗင်ဂျာရတ်မှာ အင်္ဂလန်အသင်း၏ နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လာဖွယ်ရှိကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။



## နိုဝင်ဘာ ၂၇ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၁၃**

| | | | | |
|---|---|---|---|---|
| ချယ်လ်ဆီး | ၂ | - | ၁ | စပါး |
| ဝက်ဖို့ဒ် | ၀ | - | ၁ | စတုတ်စီးတီး |
| အာဆင်နယ် | ၃ | - | ၁ | ဘုန်းမောက် |

**စီးရီးအေ ပွဲစဉ်-၁၄**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၂ | - | ၁ | ချီယေဗို |
| အမ်ပိုလီ | ၁ | - | ၄ | လာဇီယို |
| ဘိုလော့နာ | ၀ | - | ၂ | အတ္တလန်တာ |
| ကက်ကလီယာရီ | ၂ | - | ၁ | အူဒီးနိစ် |
| ခရိုတိုနီ | ၁ | - | ၁ | ဆမ်ဒိုးရီးယား |
| ဂျီနိုအာ | ၃ | - | ၁ | ဂျူဗင်တပ် |

**လာလီဂါ ပွဲစဉ်-၁၃**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၃ | - | ၀ | လီဂါနက်စ် |
| ဗီလာရီယဲလ် | ၀ | - | ၂ | အလာဗက်စ် |
| ဆီဗီလာ | ၂ | - | ၁ | ဗလင်စီယာ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၁၂**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၂ | - | ၁ | လေဗာကူဆင် |
| ရှော်လ်ကေး | ၃ | - | ၁ | ဒမ်စတက် |

**ပြင်သစ်လီဂူး ပွဲစဉ်-၁၄**

| | | | | |
|---|---|---|---|---|
| ဘော်ဒိုး | ၃ | - | ၂ | ဒီဂျွန် |
| မောင့်ပယ်လီယာ | ၀ | - | ၀ | နန်စီ |
| နန့်တက်စ် | ၀ | - | ၀ | လိုင်လီ |
| ကိန်း | ၁ | - | ၁ | ဂူအင်ဂမ့် |
| မက်ဇ် | ၃ | - | ၃ | လိုရီယန် |
| အန်ဂါးစ် | ၁ | - | ၂ | စိန့်အက်တီယန် |

မောင်မောင်ဇော်

## ပေါ်တူဂီနောက်တန်းကစားသမား ပီပီ ရီးယဲလ်၌သာ ကစားသမားဘဝအဆုံးသတ်မည်

ပေါ်တူဂီအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် နောက်တန်းကစားသမားပီပီသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် ဆန္ဒရှိနေသည့်အပြင် ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝအဆုံးသတ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အသက်(၃၃)နှစ်အရွယ်ရှိပြီဖြစ်သည့် ပီပီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပေါ်တူဂီနိုင်ငံလက်ရွေးစင်အသင်းနှင့်လည်း ယူရို ၂၀၁၆ ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းကြောင့် ၎င်းအတွက် ထူးခြားသည့်နှစ်တစ်နှစ်အဖြစ် သတ်မှတ်ထားပြီး ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားသမားဘဝရှေ့ဆက်လျှောက်လှမ်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

နောက်တန်းကစားသမားပီပီသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ၂၀၁၅ ခုနှစ်အတွင်းက စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားခဲ့ပြီး ၎င်း၏ လက်ရှိစာချုပ်သက်တမ်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် နောက်ထပ်တစ်နှစ်စာချုပ်သက်တမ်းတိုးရန် ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်း၌ ဆက်နေရန် ဆုံးဖြတ်ထားကြောင်းလည်း အတိအလင်းပြောကြားထားသည်။

ရီးယဲလ်မက်ဒရစ်အသင်း၌သာ ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းနှင့် ပတ်သက်၍ ရီးယဲလ်မက်ဒရစ်အသင်းက စပို့တင်းဂီဂွန်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပြိုင်ပွဲအရပ်ရပ်တွင် ကိုးပွဲအထိ ပါဝင်ကစားပေးထားသူဖြစ်သည်။

ငွေကြယ် - စုစည်းရေးသားသည်

## မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club တို့၏အပတ်စဉ်မြင်းစီးပြိုင်ပွဲအတွက် ရှင်းလင်းဆွေးနွေး

**ပုသိမ်ကြီး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာ့မြင်းစီးဝါသနာရှင်များအသင်းနှင့် Nature's Life Equestrian & Country Club တို့၏ အပတ်စဉ် မြင်းစီးပြိုင်ပွဲအတွက် ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာ၊ ရန်ကင်းတောင်နှင့် ဆည်မြောင်းချောင်းဝင်းစခန်းအရှေ့ဘက် Nature's Life မြင်းစီးအသင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဆန်းထွန်းဦးက မြင်းစီးပြိုင်ပွဲနှင့်ပတ်သက်၍ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။ ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားမှာ မြန်မာ့ရိုးရာ အသားကျဒုန်းပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲတို့ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများအား မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အပါအဝင် ကလပ်အသင်းများလည်း လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဤပြိုင်ပွဲအား မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ပထမဦးဆုံးအကြိမ် ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်ပြီး ၅ ရက် အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ အပတ်စဉ် (စနေ၊ တနင်္ဂနွေ) နေ့တိုင်း မြင်းစီးအားကစားပြိုင်ပွဲကို ၂၀၁၇ ခုနှစ် မတ်လအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြင်းစီးအားကစား စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ မြန်မာ့မြင်းစီးအားကစားကို ကမ္ဘာနှင့်နိုင်ငံတကာအဆင့်မီ ရင်ဘောင်တန်းနိုင်စေရန်၊ မြင်းမျိုးကောင်းမျိုးသန့်ပြီး အရည်အချင်းမီ မြင်းများထွက်ပေါ်လာစေရန်၊ ပြည်သူလူထုတစ်ရပ်လုံး မြင်းစီးအားကစားကို စိတ်ဝင်စား ချစ်မြတ်နိုး တန်ဖိုးထားစေရန်၊ နိုင်ငံတကာအဆင့်မီမြင်းစီးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်၊ မြင်းပိုင်ရှင်များ အားလုံးစိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အကျိုးအမြတ်ခံစားနိုင်စေရန်တို့ဖြစ်သည်။

**ဓာနည်ကိုကို**

# ချင်းတွင်းမြစ်အတွင်းသွားလာကြသောရေယာဉ်များ မြစ်ရေနည်းပါးချိန် ရေစူးကန့်သတ်ချက်များ ထုတ်ပြန်



**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်အတွင်း မြစ်ရေနည်းပါးချိန်တွင် အထက်၊ အောက် စုန်ဆန်သွားလာကြသော ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ဝန်တင် ရေစူးကို ရေကြောင်း၏ အနက်နှင့်ရေကြောင်းအခြေအနေပေါ်မူတည်ကာ တင်ဆောင်သွားလာနိုင်ရန်အတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေစူးသတ်မှတ်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ချင်းတွင်းမြစ် မြစ်ရေနည်းကာလအဖြစ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အထိ သတ်မှတ်ထားပြီး ၎င်းကာလအတွင်း ချင်းတွင်းမြစ်ရေအနက်သည် ချင်းတွင်းဝမှ မုံရွာမြို့အထိ ၃ ပေ၊ မုံရွာမှ ကလေးဝအထိ ၃ ပေ ၃ လက်မ၊ ကလေးဝမှ ဟုမ္မလင်းမြို့အထိ ၃ ပေ၊ ဟုမ္မလင်းမြို့မှ ခန္တီးမြို့အထိ ၂ ပေ ၆ လက်မ သတ်မှတ်ထားကြောင်း သိရသည်။

"နှစ်စဉ် မြစ်ရေနည်းပါးချိန်မှာ ရေစူးတွေ သတ်မှတ်ပေးထားတာပါ။ ရေယာဉ်တွေအနေနဲ့ ရေစူးသတ်မှတ်ချက်အတိုင်း ကုန်တွေကို တင်ဆောင်သွားလာကြဖို့ လိုပါတယ်။ အဲဒါမှလမ်းခရီးကို အဆင်ပြေပြေနဲ့ သွားလာနိုင်မှာပါ။ အဓိကကတော့ တန် ၅၀ အထက်ရှိတဲ့ ကုန်တင်ရေယာဉ်တွေက အထူးသတိပြုဖို့လိုပါတယ်။ အဲဒါမှ ရေကြောင်းပျက်စီးမှုတွေ၊ ရေလမ်းကြောင်းပိတ်ဆို့မှုတွေ၊ မတော်တဆမှုတွေမဖြစ်ဘဲ အဆင်ပြေပြေနဲ့ သွားလာနိုင်မှာပါ။ ချင်းတွင်းမြစ်က မိုးရာသီမှာ ရေလမ်းကြောင်းကောင်းပေမယ့် ဆောင်းရာသီနဲ့ နွေရာသီဆိုရင် ရေလမ်းကြောင်းတွေက ကျဉ်းလာပြီး ရေကြောင်းကျပ်တည်းမှုတွေ ဖြစ်တဲ့အတွက် အခုလိုရေစူးကန့်သတ်ချက်တွေထုတ်ပြန်ပေးတာပါ" ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်ရေနည်းချိန်ကာလအတွင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များသောင်တင်ခြင်း၊ ရေကြောင်းပိတ်ဆို့ခြင်း၊ တိမ်ကောပျက်စီးခြင်း၊ ရေလမ်းကြောင်းများတွင် မတော်တဆမှုများ မဖြစ်ပေါ်စေရန်အတွက် သတ်မှတ်ပေးထားသည့် ဝန်တင်ရေစူးအတိုင်း မိမိတို့ရေယာဉ်များတွင် ကုန်ပစ္စည်းများကို ချင့်ချိန် တင်ဆောင်နိုင်ရန်အတွက် ရေစူးများကို သတ်မှတ်ပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

အထက်ချင်းတွင်းဒေသများသို့ မုံရွာမြို့မှ ကုန်တင်ရေယာဉ် ၁၉ သင်းတွင် အစီးရေ ၄၅၂ စီး၊ လူစီး အမြန်ရေယာဉ် ကိုးသင်း အစီးရေ ၁၃၄ စီးဖြင့် ကုန်စည်နှင့်ခရီးသည်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ရိုခေါဒါရ်မြို့၌ ကားကြီးဝင်းဖွင့်လှစ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်

**ရိုခေါဒါရ် နိုဝင်ဘာ ၂၇**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့တွင် ကားကြီးဝင်း သီးသန့်ဖွင့်လှစ်နိုင်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ မြို့စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါကားကြီးဝင်းအတွက် မြေနေရာရရှိရေးကိုသက်ဆိုင်ရာဌာနနှင့် ကော်မတီများက စီစဉ်ဆောင်ရွက်ရာတွင်ဒေသကောင်းကျိုးကိုရှေးရှုလျက် စေတနာထက်သန်သူ မြေကွက်အလှူရှင် ဦးမွဲသဲ (Mawitea Fanai)က ယင်း၏မြေကွက်ခန့်မှန်း ၂၀၀ × ၁၀၀ ပေခန့်အား ကားကြီးဝင်းမြေနေရာအတွက် လှူဒါန်းပေးခဲ့ရာ ယင်းမြေနေရာအား ကားကြီးဝင်းအဖြစ် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် စည်ပင်သာယာရေးကော်မတီဝင်များက အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပြီး မြေနေရာခုတ်ထွင်ရှင်းလင်းခြင်း၊ မြေညှိခြင်း၊ ဝင်ပေါက် ထွက်ပေါက်ကားလမ်းဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကားကြီးဝင်းမြေနေရာ ပြုပြင်ခြင်းအတွက် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးသိန်းဌေးလွင်က HITACHI စက်ကြီးတစ်ရက်ငှားရမ်းခအား စေတနာထက်သန်စွာ ကုန်ကျခံလှူဒါန်းပေးပြီး ယင်းအပြင်စက်ကြီးငှားရမ်းခြင်း တစ်ရက်စာအား စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များက ကုန်ကျခံလှူဒါန်း ပေးသည်။

အဆိုပါကားကြီးဝင်းမြေနေရာသည် တီးတိန်မြို့ ဘက်မှရိုခေါဒါရ်မြို့အဝင် မြေပြန့်ဖြစ်ပြီး ယင်းကားကြီးဝင်းမြေနေရာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက မြို့တွင်းကားဝင်ထွက်ရှုပ်ထွေးမှုပြဿနာ၊ ကုန်စည်များတင်ချမှုအခက်အခဲများ ဖြေရှင်းနိုင်တော့မည်ဖြစ်သည့်အပြင် အနေးယာဉ်များနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မြို့တွင်းယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် များစွာ အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ ယခုကားကြီးဝင်း ဖြစ်မြောက်ရေးအတွက် မြို့အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနများ၊ ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် မြေကွက်အလှူရှင်များအပေါ် အတိုင်းမသိကျေးဇူးတင် ဂုဏ်ပြုဝမ်းမြောက်ကြောင်း စည်ပင်သာယာရေးကော်မတီဝင် တစ်ဦးထံမှ သိရသည်။

**ဓိုဟေဆာ**

## ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး



**ငဖဲ နိုဝင်ဘာ ၂၇**

ငဖဲမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မူလငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ခေတ်မီဦးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဇီးတော-ပေါင်းကလေးကျေးရွာချင်းဆက် ကွန်ကရစ်တံတား ပေ ၅၀၀ နှင့်မန်းဧရာဝတီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အိုးမြေတွင်း မန်းချောင်းကူးတံတား ပေ ၉၂၀ လုပ်ငန်းဆောင်ရွက်နေမှုတို့အား မကွေးတိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်ငါးဦးတို့က အဆိုပါလုပ်ငန်းနေရာများသို့ နိုဝင်ဘာ ၂၄ ရက်တွင် သွားရောက်ကာ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့များနှင့်အတူ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများနှင့် သက်ဆိုင်ရာ ကုမ္ပဏီ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မကွေးတိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မတီအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မလေးရှားနိုင်ငံ FMM-Matrade Export Acceleration Mission (၂၃)ခုမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ၍ B2B matching တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကြည်စိုး တက်ရောက်အားပေးပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မလေးရှားနိုင်ငံ FMM-Matrade Export Acceleration Mission အဖွဲ့ခေါင်းဆောင်က မလေးရှားစီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ လုပ်ငန်းများနှင့် ဆီစက်လုပ်ငန်း၊ သုတ်ဆေးလုပ်ငန်း၊ ရုံးသုံးပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသုံးဆီလုပ်ငန်း၊ ရော်ဘာပစ္စည်းလုပ်ငန်း၊ ပလတ်စတစ်အသုံးအဆောင်များ၊ စတီးလုပ်ငန်း၊ စက်ဆီ၊ ချောဆီရောင်းဝယ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကျားချောင်းကျေးရွာ စပါးရိတ်သိမ်းချိန် နှစ်စဉ် တောဆင်များ အန္တရာယ်ကြုံတွေ့၊ လျှပ်စစ်ခြံစည်းရိုးကာရံပေးရန်လိုလား

**တိုက်ကြီး နိုဝင်ဘာ ၂၇**
တိုက်ကြီးမြို့နယ် ချင်းကုန်းအုပ်စု ကျားချောင်းကျေးရွာတွင် နှစ်စဉ်စပါးရိတ်သိမ်းချိန် တောဆင်ရိုင်းများကြောင့် စပါးခင်းများဆုံးရှုံးခြင်းနှင့် တောင်ယာလုပ်ကိုင်သည့် ဒေသခံများအနေဖြင့် ဆင်နှင့်တွေ့မည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ကျားချောင်းကျေးရွာတွင် စပါးစိုက်ပျိုးသူ ၃၀ ခန့်ရှိရာ စပါးများရင့်မှည့်ချိန်မှစ၍ တောဆင်များလာရောက်စားသောက်လေ့ရှိပြီး စပါးများ ဆုံးရှုံးလျက်ရှိသည်။ ယခုနှစ်တွင်လည်း လယ်သမားများဖြစ်သော ဦးသိန်းဇော်နှင့် ဦးမြင့်အောင်တို့၏ စပါးစိုက်ပျိုးထားသော လယ် ၁၀ ဧကကို ဝင်ရောက်စားသောက်သွားသဖြင့် စပါးများဆုံးရှုံးခဲ့သည်။ လယ်သမားများအနေဖြင့် ဆင်ရန်ကို ကာကွယ်နိုင်ရန် စပါးပင်များမခြောက်မီ ရိတ်သိမ်းပြီး ရွာထဲသို့ သယ်ယူထားရကြောင်းသိရသည်။ လယ်ထဲစပါးမရှိရင် ဆင်တွေရွာထဲလာတတ်သဖြင့် အထူးဂရုစိုက်နေရကြောင်း သိရသည်။

"ပြီးခဲ့တဲ့ညကလည်း ဆင်တွေရွာထဲဝင်မယ်လုပ်လို့ ထွန်စက်တွေ၊ ဆိုင်ကယ်တွေနှိုး၊ မီးတွေထိုး၊ ပြောက်အိုးတွေဖောက်၊ သံပုံးတီး၊ လူကညာသံပေးပြီး မောင်းထုတ်ခဲ့ရတယ်။ လယ်စောင့်တဲကို နင်းသွားတယ်။ ဆင်ကတစ်ကောင် တည်းလည်း လာတယ်။ သုံးကောင်အုပ်လည်းလာတယ်။ တစ်ခါတလေ ခွာသေး၊ ခွာကြီး လေးငါးကောင်လည်းလာတယ်။ ကျွန်တော်တို့ရွာက တောထဲ အလုပ်လုပ်သွားတာ သုံးယောက်ဟာ ဆင်နဲ့ပက်ပင်းတိုးတာနှစ်ယောက်က ဆင်နင်းလို့သေတယ်။ တစ်ယောက်ကတော့ လွတ်သွားတယ်" ဟု ရာအိမ်မှူး ဦးအိုက်တူးက ပြောပြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးခြံများတွင်လည်း ညဘက်တွင် ဆင်များဝင်လေ့ရှိပြီး မီးဖိုချောင်များတွင်ဆန်၊ ဆား၊ ငါးပိများ စားသောက်လေ့ရှိသောကြောင့် အလုပ်သမားများ ဆင်ရန်ကိုကြောက်ပြီး ပြန်သွားကြသဖြင့် အလုပ်လုပ်မည့်သူမရှိကြောင်း ခြံစိုက်ပျိုးသူ ဦးနန်းအောင်က ပြောပြသည်။

ကျားချောင်းကျေးရွာသည် အိမ်ခြေ ၂၀၀ ကျော်ရှိ၍ လူဦးရေ ၆၈၀ ကျော်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက်ကြသည်။ နှစ်စဉ် ဆင်ဝင်ရောက်မှုကာကွယ်ရန်အတွက် တိုက်ကြီးမြို့နယ် ချောင်းဆောက်ကျေးရွာကဲ့သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သုတေသနအဖွဲ့မှ ကျားချောင်းကျေးရွာနှင့် လယ်ယာမြေများကိုလည်း လျှပ်စစ်ခြံစည်းရိုး ကာရံပေးစေလိုကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# ရေစကြိုမြို့နယ်တွင် စက်မှုသိပ္ပံ(အင်းစိန်) လူမှုကူညီရေးအသင်းမှ စက်ရေတွင်း၊ အမြင့်တင်ရေစင် ပေးအပ်လှူဒါန်း

**ပခုက္ကူ နိုဝင်ဘာ ၂၇**
နွေရာသီတွင်ရေပြတ်လပ်သည့် အညာဒေသ ရေစကြိုမြို့နယ် ငွေးပင်ယာတောင်ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် စက်မှုသိပ္ပံ(အင်းစိန်) လူမှုကူညီရေးအသင်းက စက်ရေတွင်းနှင့် အမြင့်တင်ရေစင်ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ငွေးပင်ယာကျေးရွာ အမှတ် ၁၅၀ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စက်မှုသိပ္ပံ(အင်းစိန်) လူမှုကူညီရေးအသင်းမှ ဦးကျော်ကျော်ဝင်းက စက်ရေတွင်းတူးဖော်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မျိုးထွေးနှင့် ရပ်မိရပ်ဖ ဦးတင်ငွေတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါစက်ရေတွင်းကို ၂၀၁၆ ခုနှစ် မေ ၃ ရက်တွင် စတင်တူးဖော်ခဲ့ရာ အနက်ပေ ၅၃၀ တွင် ရေချိုရရှိကြောင်း သိရသည်။ အလှူရှင်အဖွဲ့မှ ၄ လက်မ စက်ရေတွင်းနှင့်အတူ ဂါလန် ၁၀၀၀ ဆံ့ ဖိုင်ဘာရေကန်၊ ၁၂ ပေအမြင့် ကွန်ကရစ်အမြင့်တင်ရေစင်ရေစက်၊ ပိုက်လိုင်းများအတွက် ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်အကုန်ကျခံ လှူဒါန်းခြင်းဖြစ်သည်။

ရေစကြိုမြို့နယ်တွင် ကျေးရွာအုပ်စု ၈၁ အုပ်စု ကျေးရွာပေါင်း ၂၄၅ ရွာရှိပြီး ရှင်မတောင် တောင်ခြေ ၁၃ အုပ်စု ကျေးရွာပေါင်း ၂၅ ရွာတွင် နွေရာသီတပေါင်းလတွင် မိုးရေကန်များ ရေခန်းခြောက်၍ ရေရှားတတ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်တင်တင်ထွေး၏ပြောကြားချက်အရ သိရသည်။ ငွေးပင်ယာတောင်ကျေးရွာတွင် လူဦးရေ ၃၀၀ ကျော်ရှိပြီး မိုးရေကန်မှ ရေကိုသာ သောက်ရေ၊ သုံးရေအဖြစ်သုံးစွဲရ၍ ရေခန်းခြောက်ပါက ရေချိုရေငန်မရွေး သောက်သုံးရကြောင်း ရပ်မိ၊ ရပ်ဖ ဦးတင်ဝေက ပြောကြားသည်။

ယခုကဲ့သို့ စက်ရေတွင်း အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍများတွင် အထောက်အပံ့တစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။ **ကိုဇော်(ဓာတုဗေဒ)**

# ကော့မှူး၌ ရှာဖွေကယ်ဆယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်

**ကော့မှူး နိုဝင်ဘာ ၂၇**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ ကွင်းအမှတ် (၂၇၆)ဦးလှမောင်၏ လယ်ကွင်း၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဗိုလ်ကြီးတင်လင်းကျော် ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးလက်တွေ့ဇာတ်တိုက်လေ့ကျင့်ခန်းအား ဆောင်ရွက်ခဲ့သည်။

အဆိုပါ လေ့ကျင့်ခန်း၌ Beace ရဟတ်ယာဉ်တစ်စီး၊ မှော်ဘီလေတပ်စွယ်မှ MI-17 တစ်စီး ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ယင်းနောက်လေ့ကျင့်ခန်းပြုလုပ်ရာ၌ မြေပြင်ရှိအရေးပေါ်ကယ်ဆယ်ရေးဆောင်ရွက်ရမည့်တည်နေရာအား ကောင်းကင်မှ အလွယ်တကူသိမြင်နိုင်စေရန် မီးဖိုအား စီစဉ်ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးအဖွဲ့အား သတင်းပေးဆက်သွယ်ခြင်း၊ ကောင်းကင်မှ ရဟတ်ယာဉ်ဖြင့်ရှာဖွေခြင်း၊ ရဟတ်ယာဉ်ရောက်ရှိလာပါက အချက်ပြဆက်သွယ်ခြင်း၊ ရဟတ်ယာဉ်မှ မြေပြင်နှင့်နီးကပ်စွာ ပျံသန်း၍ လှေကားဖြင့်ဆင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လေ့ကျင့်သွားကြောင်း သိရသည်။ **ကော့မှူးသားလေး**

# နိုင်ငံခြားသားများလိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်ပတ်သက်၍ အသိပေးရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**
မြန်မာနိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံခြားသားများ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၂၅ ရက်က လှိုင်သာယာမြို့နယ်စက်မှုဇုန် ၁ ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လှိုင်သာယာစက်မှုဇုန်ရုံးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ပေါ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လှိုင်သာယာမြို့နယ်ဦးစီးအရာရှိ ဦးတင့်နိုင်တို့က စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုလ်တယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင်များနှင့် နိုင်ငံခြားသားများ သိရှိလိုက်နာရမည့် ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးရှင်းလင်းရာ အစည်းအဝေးသို့တက်ရောက်လာသူများမှ သိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(၃၂၉)**

# မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲ နှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြ



**မရမ်းကုန်း နိုဝင်ဘာ ၂၇**
မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သဖြင့် မည်သို့ကာကွယ်လုပ်ဆောင်ရမည့်နည်းလမ်းများအား လူတိုင်းကိုယ်စီ သိရှိနားလည်ရန် နိုဝင်ဘာ ၂၅ ရက် နံနက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မီးသတ်စခန်းဦးစီးမှူး အောင်လင်းဦးနှင့် ဘုရင့်နောင်ဈေးတာဝန်ခံ ဦးဝင်းမြင့်၊ ဘုရင့်နောင်ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ သာယာရေးအဖွဲ့ဝင်များ၊ ဈေးဆိုင်ခန်းပိုင်ရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဈေးလုံခြုံရေးဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာ ဗဟုသုတရရှိစေရန် ဟောပြောပေးခဲ့ကြသည်။ ဆက်လက်၍ ခေတ်မီမီးသတ်ဆေးဘူးများ အသုံးပြုကာ စနစ်တကျမီးငြိမ်းသတ်ခြင်းများကို ကိုယ်တိုင်ပါဝင်မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြငြိမ်းသတ်ကြသည်။ .

"ကျွန်တော်တို့ ဘုရင့်နောင်ဈေးကြီးမှာ ဆိုင်ခန်းပေါင်း ၂၅၄၉ ခန်းရှိပြီး ဈေးရုံအနေနဲ့ ၁၁၁ ရုံရှိပါတယ်။ ကြိုတင်ကာကွယ်မှုအနေနဲ့ မီးကပ်၊ မီးချိတ်၊ ရေပုံး၊ သဲပုံး၊ သဲအိတ် စတာတွေကို အပြည့်အစုံပြင်ဆင်ထားပါတယ်။ မီးသတ်ဆေးဘူး ၂၅၀ ကျော်ကိုလည်း စနစ်တကျစစ်ဆေးပြီး ဈေးရုံ ၁၁၁ ရုံမှာ ဖြန့်ကြက်ထားရှိပေးထားပါတယ်။ နေ့စဉ်တာဝန်ကျတဲ့ လုံခြုံရေးတွေနဲ့လည်း ဈေးရုံတွေပိတ်တော့မယ်ဆိုရင် တစ်ရုံပြီးတစ်ရုံ လျှပ်စစ်မီးတွေပိတ်-မပိတ် လိုက်စစ်ဆေးပါတယ်။ စားသောက်တန်းတွေကိုလည်း မီးကြွင်းမီးကျန်မရှိစေရေး စစ်ဆေးပြီး ကြိုတင်ကာကွယ်ရေးတွေ နေ့စဉ်လုပ်ဆောင်ပေးပါတယ်" ဟု ဈေးတာဝန်ခံ ဦးဝင်းမြင့်က ပြောသည်။ **(၅၉၇)**

# ဘာသာတရားနှင့် ယဉ်ကျေးမှု နားလည်သိရှိနိုင်ရေး လူငယ် ယဉ်ကျေးမှုနည်းပြသင်တန်းဖွင့်

**မြောင်းမြ နိုဝင်ဘာ ၂၇**
ပညာရေးဝန်ကြီးဌာနနှင့် ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်း (ရန်ကုန်) တို့ ပူးပေါင်းဖွင့်လှစ်သော ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု နည်းပြသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က မြောင်းမြမြို့ အ. ထ. က(၁) ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

"ကျောင်းဆရာ၊ ဆရာမတွေကတစ်ဆင့် ကျောင်းသား၊ ကျောင်းသူတွေကို မြတ်စွာဘုရားအဆုံးအမနဲ့ ယဉ်ကျေးလိမ္မာစေချင်တဲ့အတွက် ယခုလို သင်တန်းလာရောက်ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"ဟု ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှမျိုးက ပြောပြသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် လေ့ကျင့်သင်တန်းတက်ရောက်ပြီးသူ ဓမ္မရောင်ခြည်၊ ဓမ္မဒါနဖောင်ဒေးရှင်းအဖွဲ့မှ နည်းပြဆရာငါးဦးတို့က သင်ကြားပို့ချပြီး သင်တန်းသို့ မြောင်းမြမြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၃၁၂ဦး တက်ရောက်ကြသည်။ အဆိုပါ ဓမ္မရောင်ခြည် ဓမ္မဒါနဖောင်ဒေးရှင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်၊ ငပုတောမြို့နယ်တို့တွင်လည်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီးကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# ကျွမ်းကျင်မှုဆိုင်ရာဦးစီးအရာရှိ(ပုံဆွဲ)လုပ်ငန်းဝင်သင်တန်းဆင်းပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၇**
ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ သင်တန်းခန်းမ၌ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ကျွမ်းကျင်မှုဆိုင်ရာ ဦးစီးအရာရှိ (ပုံဆွဲ) လုပ်ငန်းဝင်သင်တန်း အမှတ် ၇ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စီမံရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းနှင့်ပတ်သက်၍ သုံးသပ်ချက်စကားပြောကြားခဲ့သည်။

ယင်းနောက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စီမံရေးရာဌာနခွဲညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ကျွမ်းကျင်မှုဆိုင်ရာဦးစီးအရာရှိ (ပုံဆွဲ) လုပ်ငန်းဝင်သင်တန်း အမှတ် ၇ သို့ သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဌာနခွဲရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းနှင့် အရာထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၅၈၇)**



## တောင်သူပညာပေးကွင်းသရုပ်ပြပွဲ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျင်းပ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ရေသောက်ဒေသတွင် စိုက်ပျိုးထားသည့် မိုးစပါးသီးနှံစိုက်ခင်းများ အသင့်တော်ဆုံး ထုတ်လုပ်မှု ပမာဏဆီသို့ ရောက်ရှိရေး (Reaching Toward Optimum Productivity) နည်းဖြင့် စမ်းသပ်ကွက် ဆောင်ရွက်ထားရှိမှု တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီကကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု တောင်သူဦးအောင်စိုး၏ ကွင်းအမှတ်-၂၂၆၈၊ ဦးပိုင်အမှတ်-၁၀၁/၃ မိုးပါးစိုက်ကွက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်က မိုးစပါးသီးနှံ (Reaching Toward Optimum Productivity )နည်းဖြင့် စမ်းသပ်စိုက်ပျိုးမှု လုပ်ငန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး Seed Grower Association တောင်သူမျိုးသန့်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် ၂၀၁၆ - ၂၀၁၇ ခုနှစ်အတွက် နွေသီးနှံစိုက်ပျိုးရေးလုပ်ငန်း စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးမြေ အသုံးချရေးတာဝန်ခံ ဒေါ်ခင်သန္တာဝင်းက မြေအတွင်းရှိ သီးနှံပင်အတွက်လိုအပ်သည့် မြေဆီလွှာ အာဟာရဓာတ်ကို တောင်သူများကိုယ်တိုင် သိရှိခန့်မှန်းနိုင်မည့်နည်းလမ်းများနှင့် သီးနှံပင်အတွက် အမှန်တကယ် လိုအပ်သည့် မြေဆီလွှာအာဟာရဓာတ်များအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက စမ်းသပ်ကွက်စိုက်ပျိုးနည်းစနစ် ပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများအားကွင်းအတွင်း လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးသီးနှံ အသင့်တော်ဆုံးထုတ်လုပ်မှုပမာဏ တိုးတက်မြင့်မားရေး (Reaching Toward Optimum Productivity )နည်းဖြင့် စမ်းသပ်စိုက်ပျိုးဆောင်ရွက်ထားရှိမှု တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်သန္တာဝင်းနှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်နှင့် ဝန်ထမ်းများ၊ ကိုင်းကျေးရွာအုပ်စုမှ စပါးစိုက်ပျိုးသည့် ဒေသခံတောင်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





## ဆောင်းတွင်းပိုင်း၌ သနပ်ခါးတုံးဈေးကွက် အနည်းငယ်အေးနေ

**ကျောက်ဆည် နိုဝင်ဘာ ၂၇**
ဖွံ့ဖြိုးတိုးတက်လာသော ကာလတွင် ရောင်းဝယ်မှုစနစ်ကို မိုဘိုင်းစနစ်များဖြင့် လှည့်လည်ရောင်းချကြသည်။ အများစုမှာ သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်များကို အသုံးပြုမှုများလာသည်။ ကျောက်ဆည်ဒေသတွင် မြန်မာ့ရိုးရာ သနပ်ခါးတုံးများကို သုံးဘီးဆိုင်ကယ်ဖြင့် တစ်နှစ်ပတ်လုံး မိုဘိုင်းစနစ်ဖြင့် ရောင်းချလေ့ရှိသည်။ ရောင်းချမှုတွင် နံနက်ပိုင်း အေးမြကြည်လင်ဈေးနှင့် အခြားဈေးများကို အလှည့်ကျရောင်းချပြီး နေ့လည်ပိုင်းတွင် ရပ်ကွက်အတွင်း လှည့်လည်ရောင်းချကြသည်။

ရာသီဥတုအေးလာသည့် ဆောင်းတွင်းပိုင်းတွင် မြန်မာ့ရိုးရာ သနပ်ခါးတုံး ဈေးကွက်အေးလျက်ရှိပြီး အရောင်းအဝယ်ပါးနေသည်။ သနပ်ခါးတုံး မိုဘိုင်းစနစ်ဖြင့် ရောင်းဝယ်မှုအတွက် သနပ်ခါးတုံးကို စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်ရှိ သနပ်ခါးခြံများမှ သွားရောက်ဝယ်ယူကာ ရောင်းချရသည်။ ဝယ်ယူမှုတွင် တစ်ပိုင်တစ်နိုင် အပင် ၁၀၀ မှ ၂၀၀ အထိ ဝယ်ယူကြသည်။ သနပ်ခါးပင်အသေး တစ်ပင်လျှင် အသေး၊ အကြီးပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးပေးရသည်။ အပွေးမကောင်းသော အပင်အသေးတစ်ပင်လျှင် ငွေကျပ် ၁၀၀၀ ကျော်၊ အပွေးကောင်းသည့် အပင်ကြီးများကိုမူ တစ်ပင်လျှင် ငွေကျပ် ၂၅၀၀ အထိပေးဝယ်ကြရသည်။

သနပ်ခါးတစ်ပင်လျှင် အနည်းဆုံး သုံးတောင်ခန့်သာရှိသည်။ အပင်တစ်ပင်လျှင် အကိုင်းအခက်များ ပယ်လိုက်ပါက အနည်းငယ်သာရရှိသည်။ အကောင်းဆုံး သနပ်ခါးပင်မှသာ နှစ်ထောင်ကျော်ရရှိသည်။ သနပ်ခါးပင်တစ်ပင်တွင် အပွေးကောင်းခြင်း၊ မကောင်းခြင်း၊ အရင်းအဖျားများခွဲခြားကာ သုံးမျိုးသုံးစား ရောင်းချကြသည်။ အပွေးကောင်းကာ အရင်းပိုင်း သနပ်ခါးတုံး တစ်ထောင်ခန့်အတုံးတစ်တုံးကို ငွေကျပ် ၃၅၀၀၊ အလယ်ပိုင်းကို ငွေကျပ် ၁၅၀၀၊ အဖျားပိုင်း အပွေးမကောင်းသည့်အပိုင်း သနပ်ခါးတုံးတစ်တုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချသည်။

သနပ်ခါးရောင်းဝယ်မှုတွင် နွေရာသီတွင် ရောင်းအားကောင်းပြီး ဆောင်းတွင်းပိုင်းတွင် ရာသီဥတုအေးခြင်းနှင့်အတူ သနပ်ခါး ရောင်းဝယ်မှုအနည်းငယ် အေးလျက်ရှိသည်။ မိုဘိုင်းစနစ်ဖြင့် ရောင်းချရာတွင် နွေရာသီတွင် ရောင်းအားကောင်းကာ တစ်နေ့လျှင် ၂၀၀၀၀၀ ကျော်ဖိုးအထိ ရောင်းရပြီး ဆောင်းတွင်းပိုင်းတွင်မူ တစ်နေ့လျှင် ငွေကျပ် ၇၀၀၀၀ ဖိုးမျှသာ ရောင်းရသည်။ သုံးဘီးဆိုင်ကယ်တစ်စီးလျှင် သနပ်ခါးတုံး ၂၅၀ မှ ၃၀၀ အထိ တင်ဆောင်ကာရောင်းချကြကြောင်း မိုဘိုင်းစနစ်ဖြင့် သနပ်ခါးလှည့်လည်ရောင်းချသူ တစ်ဦးမှ ပြောပြသည်။

**တိမ်တမန်**

## မြေပဲအထွက်နှုန်းတိုးတက်ရေး ဆွေးနွေးပွဲနှင့် အောင်မြင်ဖြစ်ထွန်းသော စိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

**လှိုင်းဘွဲ့ နိုဝင်ဘာ ၂၇**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရွှေဂွန်းကျေးရွာအုပ်စုနှင့် သာယာကုန်းကျေးရွာအုပ်စုတို့ရှိ တောင်သူများအား ဆောင်းသီးနှံ မြေပဲအထွက်နှုန်း တိုးတက်ရေးနှင့် အောင်မြင်ဖြစ်ထွန်းသော မြေပဲစိုက်ခင်းများအား နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်က မြေလွတ်မြေလပ်မကျန် ဝင်ငွေရရှိအောင် ဆောင်းသီးနှံမြေပဲများ စိုက်ပျိုးနိုင်ရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆင်ဇခုပ်က ကျောက်မှုန့်နှင့်ဂျစ်(ပ်)ဆမ်ဓာတ်မြေဩဇာများကို အသုံးပြု၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင်မြင်အောင် စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး ရွှေဂွန်းကျေးရွာတွင်းရှိ တောင်သူဦးစောငွေဝင်း၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မြေပဲစိုက်ဧကများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့်ဝန်ထမ်းများ ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



## မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့်အတူစပါးစိုက်ပျိုးထုပ်လုပ်မှုစစ်တမ်းကောက်



**ပခုက္ကူ နိုဝင်ဘာ ၂၇**
ဆန်ဈေးကွက် အဆင့်မြင့်လာစေရေး အထောက်အကူပြုလာစေရန်အတွက် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့်အတူ စပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ပခုက္ကူမြို့နယ် ကြီးရွာရေတင် ရွှေတန့် တစ်ကျေးရွာကွင်း အမှတ်-၃၁၄ ဦးပိုင်အမှတ် ၂၉ ရှိတောင်သူ ဦးမိုးကျော်၏ စိုက်ခင်း၌ ကျင်းပသည်။ တောင်သူ ဦးမိုးကျော်၏ မိုးစပါးဆင်းသုခစပါး စိုက်မျိုးစေ့ထုတ်စိုက်ခင်း ခုနစ်ဧကတွင် စံကွက်ရိတ်သိမ်းရာ၌ တစ်ဧကအခြောက်အထွက်တင်း ၁၀၅ ဒသမ ၉၁ တင်းထွက်ရှိသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် စစ်တမ်းကောက်ယူပွဲသို့ ပခုက္ကူခရိုင်စိုက်ပျိုးရေးဦးမှူး ဦးရန်နိုင်ဝင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးအေးဟာက်စွမ်းမာန်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ပခုက္ကူမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌မိုးစပါး ဧက ၁၅၂၀ စိုက်ပျိုးခဲ့ရာ မိုးစပါးစံကွက် ခုနစ်ကွက်ရိတ်သိမ်းရန်လျာထားပြီး စစ်တမ်းကောက်ယူလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အချက်ရှစ်ချက်ကို တောင်သူများအား မေးမြန်းကာ စစ်တမ်းများကောက်ယူလျက်ရှိကြောင်း သိရသည်။

စစ်တမ်း ကောက်ယူခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အခြေအနေ၊ အထွက်နှုန်း၊ အထွက်တင်း၊ ရင်းနှီးကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိမှု၊ တောင်သူများ ရှေ့ဆက်စိုက်ပျိုးလိုသည့်မျိုး၊ တောင်သူများ ပိုင်ဆိုင်မှုအခြေအနေများကို မေးမြန်းထည့်သွင်းကာ ဒေသနှင့် ကိုက်ညီပြီး ပြည်ပပို့ကုန်ဈေးကွက်ဝင် စပါးမျိုးတစ်မျိုးတည်း တကွင်းတစပ်တည်း စိုက်ပျိုးလာခြင်းဖြင့် ဆန်ဈေးကွက် အဆင့်မြင့်လာစေရေး အထောက်အကူပြုလာနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

**ကိုဇော်(ခတု)**

# မန္တလေး–မိတ္ထီလာ ကားလမ်း ပျက်စီးသည့်လမ်းပိုင်းများ ပြုပြင်ဆောင်ရွက်



**မိတ္ထီလာ နိုဝင်ဘာ ၂၇**
မိတ္ထီလာမြို့ မန္တလေး- မိတ္ထီလာကားလမ်းမ ပျက်စီးသည့် လမ်းပိုင်းများကို ဘီအိုတီစနစ်ဖြင့် ရယူထားသည့် သော်တာဝင်းကုမ္ပဏီမှ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမြို့ တွင်းလမ်းပိုင်းတွေ အထူးသဖြင့် ရန်ကုန်-မန္တလေးကားလမ်းမပိုင်းမှာပါဝင်တဲ့ မန္တလေး-မိတ္ထီလာ ကားလမ်းမတွေ ပျက်စီးနေတာ ပြီးခဲ့တဲ့မိုးတွင်းကာလ မတိုင်မီက အခုချိန်ထိပဲဖြစ်ပါတယ်။ မိုးကလည်း နိုဝင်ဘာလဆန်းပိုင်းထဲအထိ ရွာသွန်းတာဆိုတော့ လမ်းပျက်စီးတာတွေ ပြုပြင်ဖို့အခက်အခဲရှိမယ်ဆိုတာ နားလည်ပါတယ်။ သော်တာဝင်းကုမ္ပဏီကနေ မန္တလေး-မိတ္ထီလာ ကားလမ်းမ ပျက်စီးနေတဲ့လမ်းပိုင်းတွေကို ခုရက်ပိုင်းအတွင်းမှာ ပြုပြင်ဆောင်ရွက်နေတာတွေ့ရလို့ ဒေသခံတစ်ဦးအနေနဲ့ ဝမ်းသာပါတယ်။ ဒီလိုပဲ မိတ္ထီလာမြို့ထဲ လမ်းပိုင်းနေရာတွေ ရတနာမာရ်အောင်လမ်း၊ နာရီစင်လမ်းလိုနေရာတွေမှာလည်း ချိုင့်ခွက်ကြီးတွေ၊ ဖုန်တွေ နေ့စဉ်တထောင်းထောင်း ထနေတာမျိုးတွေကို ပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်။ မိတ္ထီလာမြို့တွင်းလမ်းပိုင်းတွေ တော်တော်များများ ပျက်စီးနေတာကြောင့် ဒေသခံပြည်သူတွေအနေနဲ့ နေ့စဉ်ဖြတ်သန်းသွားလာတဲ့အခါ မြို့ကြီးတစ်မြို့ကို ဖြတ်သန်းသွားလာရသလိုမျိုးမဟုတ်ဘဲ တောမြို့လေးတစ်မြို့ကို ဖြတ်သန်းသွားလာရသလိုပဲ ဖြစ်နေတယ်။ မနက်ရေချိုးပြီး အိမ်ကထွက် မြို့ထဲကို အကြောင်းကိစ္စတစ်ခုခုနဲ့သွားရင် အိမ်ပြန်ရောက် ရေချိုးမှအဆင်ပြေတယ်။ မြို့ထဲလမ်းတွေမှာ ဖုန်မှုန့်သဲမှုန့်တွေက ယာဉ်သွားလာမှုများတာကြောင့် လေထဲမှာ တထောင်းထောင်းပျံ့လွင့်နေပြီး ကြာရင် အသက်ရှူလမ်းကြောင်းနဲ့ ဆိုင်တဲ့ ရောဂါမျိုးတွေရမှာတောင် စိုးရတယ်" ဟု ရန်မျိုးအောင်ရပ်ကွက် ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်းပိုင်းပြီးစီးသည့် အပိုင်းမှာ လွန်ခဲ့သည့်နှစ်ပတ်ခန့် စတင်ဖြတ်သန်းမောင်းနှင်ခွင့်ပြုသဖြင့် ကုန်တင်ယာဉ်ကြီးများအများစုမှာ မြို့တွင်းမှ ဖြတ်သန်းမောင်းနှင်ခြင်းမရှိတော့သော်လည်း ယခုရက်ပိုင်းအတွင်း ကုန်တင်ယာဉ်ကြီးတချို့မှာ မိတ္ထီလာမြို့တွင်းလမ်းပိုင်းမှ ပြန်လည်မောင်းနှင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကွန်ကရစ်တံတားအသစ် တည်ဆောက်

**မိုးညှင်း နိုဝင်ဘာ ၂၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာအနီး မိုင်းတောင်ကွေ့ မိုင်းတောင်ရေပေါက်တွင် ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် ရေနုတ်မြောင်း RC ကွန်ကရစ်တံတားအသစ်ကို စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည် ။

အရှည်ပေ ၅၀၀ ခန့်ရှည်လျားသော အဆိုပါ မိုင်းတောင်ကွေ့သည် မော်တော်ယာဉ်များ အတက်အဆင်းတွင်အန္တရာယ်ရှိနိုင်သကဲ့သို့ ရေထွက်ရေဝင်ပေါက်မရှိသဖြင့် လမ်းကမ်းပါး မြေသားများမကြာခဏလျော့ကျမှုများကြောင့် ဆက်သွယ်သွားလာရေး လွယ်ကူစေရန်အတွက် ယာယီမြေထိန်းနံရံများ ဆောက်လုပ်ပြီး သွားလာကြရသည်။

ယင်းကဲ့သို့ ရာသီမရွေးသွားလာမှုအဆင်ပြေရန်အတွက် RC ကွန်ကရစ်ရေနုတ်မြောင်းတံတားအသစ်နှင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရန်လိုအပ်လျက်ရှိကြောင်း သိရသည်။

"အခုတည်ဆောက်နေတဲ့တံတားက ထပ်တိုးတံတားပါ။ မိုင်တောင်ကွေ့မှာတည်ဆောက်လို့ မိုင်းတောင်တံတားလို့ခေါ်ပါတယ်။ ဒီတံတားကို လွန်ခဲ့တဲ့ ၁၀ ရက်ခန့်က စတင်ဆောက်လုပ်ပါတယ်။ ကွင်းစရာလမ်းကမရှိလို့ လမ်းဘယ်ဘက်ခြမ်းကို အရင်ဆောက်ပြီးမှ လမ်းညာဘက်ခြမ်းကို ဆောက်မှာပါ။ ကြမ်းခင်းကို အာရ်စီကွန်ကရစ်ခင်းပြီး ကျောက်စီမြေထိန်းနံရံကို တည်ဆောက်မှာပါ။ ရေဝင်ရေထွက်ပေါက်က အကျယ် ရှစ်ပေ၊ အလျား ပေ ၃၀၊ အနံ ငါးပေရှိပါတယ်။ အရင်က ရေထွက်ပေါက်မရှိလို မြေသားနံရံလျော့ကျပြီး မြေပြိုကျမှုတွေ မကြာခဏဖြစ်လို့ အန္တရာယ်ရှိတဲ့လမ်းကွေ့ဖြစ်တာကြောင့် အသစ်ပြန်လည်တည်ဆောက်နေတာပါ" ဟု လမ်းဦးစီးဌာနဆောက်လုပ်ရေးမှ တာဝန်ခံဒေါ်ရီရီခိုင် (SAE) က ပြောပြသည်။

တံတားဆောက်လုပ်ရေး အလုပ်သမားခေါင်းဦးမင်းမင်းက "အခုဆောက်လုပ်နေတဲ့ မိုင်းတောင်တံတားကို အချိန်မီပြီးစီးအောင် နေ့စဉ်လုပ်သား ၁၀ ဦးခန့်ဖြင့် လိုအပ်ရင်လိုအပ်သလို အချိန်ပိုညဆိုင်းဆင်းပြီး လုပ်ကိုင်နေပါတယ်။ ညပိုင်းဆင်းတဲ့အတွက် မီးအလင်းရောင်မြင်ရတော့ ကားသမားတွေ အန္တရာယ်ကင်းပါတယ်။ လမ်းကွေ့တောင်အဆင်းဖြစ်တာကြောင့် အကောင်းဆုံးနဲ့ အမြန်ဆုံးပြီးစီးအောင် လုပ်ဆောင်နေပါတယ်" ဟု ပြောပြသည်။

အဆိုပါတံတားမှာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကားလမ်းမိုင်တိုင် အမှတ် ၁၇၀/၀ နှင့် ၁၇၀/၁ ကြားရှိ မိုင်းတောင်ရေပေါက်ဖြစ်ပြီး နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော မော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာမှုအဆင်ပြေစေနိုင်ရန်အတွက် အဓိကအရေးပါသော အသစ်ဆောက်လုပ်သည့် RC ကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



# အမှတ်(၃) မူလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ကနီ နိုဝင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးဦးဆောင်၍ မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက ကနီမြို့ အမှတ်(၃) အခြေခံပညာမူလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ယင်းမာပင်ခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်က နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါပုံများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးတို့က ကျောင်းသား၊ ကျောင်းသူများအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးအား ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ကျွန်းလှတွင် ကျေးရွာချင်းဆက်မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျွန်းလှ နိုဝင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်မြေသားလမ်းများခင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားလမ်းများခင်းရာတွင် ကုက္ကိုကုန်း-သရက်တော (ဘအင်း) မြေသားလမ်းနှစ်မိုင်ကို ခွင့်ပြုငွေကျပ် ၃၂ ဒသမ ၂၂ သန်းဖြင့်လည်းကောင်း၊ ပိန္နဲကုန်းကျေးရွာဝင် မြေသားလမ်းတစ်မိုင်နှင့် ဝေသော်ကျေးရွာဝင် မြေသားလမ်းတစ်မိုင်အား ခွင့်ပြုငွေကျပ် ၁၆ ဒသမ ၁၁ သန်းဖြင့်လည်းကောင်း၊ ကိုင်းဝန်း-သစ်ချို-မကျီးကုန်း-ခေါတောကျေးရွာ မြေသားလမ်းငါးမိုင်ကို ခွင့်ပြုငွေကျပ် ၈၀ ဒသမ ၅၅ သန်းဖြင့်လည်းကောင်း၊ မျက်နီကျင်း-နန်းသတ်ကျေးရွာ မြေသားလမ်းငါးမိုင်ကို ခွင့်ပြုငွေကျပ် ၁၆ ဒသမ ၁၁ သန်းတို့ဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကျေးရွာချင်းမြေသားလမ်းခင်းနေခြင်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လှိုင်ဝင်းနှင့် အင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# မိုးညှင်းမြို့နယ်တွင် ကတ္တရာလမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မိုးညှင်း နိုဝင်ဘာ ၂၇**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနား ကတ္တရာလမ်းပိုင်များ လမ်းအကျယ် ၁၈ ပေတိုးချဲ့ပြု ပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်တွင် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းများမှာ ယခင်က လမ်းအကျယ် ၁၂ ပေရှိခဲ့ရာမှ ယခုအခါ ၁၈ ပေအထိတိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ် အတက်အဆင်းများမှာ လမ်းကျဉ်းမြောင်းသဖြင့် ယာဉ်အန္တရာယ်အတွက် စိုးရိမ်ပူပန်ရကြောင်း၊ ကတ္တရာလမ်းအကျယ် ၁၈ ပေကို တိုးချဲ့ခင်းကျင်းနိုင်သဖြင့် ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်မှကင်းဝေးနိုင်တော့မည်ဖြစ်ကြောင်း မော်တော်ယာဉ်မောင်းတစ်ဦးက ပြောပြသည်။

လမ်းဦးစီးဌာနဆောက်လုပ်ရေးမှ တာဝန်ခံဒေါ်ရီရီခိုင် (SAE) က "မိုးညှင်းမြို့နယ်အတွင်းက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီးကို အရင်က လမ်းအကျယ် ၁၂ ပေအထိသာ ကတ္တရာခင်းနိုင်ခဲ့ပေမယ့် အခုချိန်မှာ ၁၈ ပေအထိ လမ်းချဲ့ခြင်းလုပ်ငန်းကို တစ်မြို့နယ်လုံးမှာ အပိုင်းလိုက်ဆောင်ရွက်နေပါတယ်။ အောက်ခံကျောက် ၈ လက်မတစ်လွှာ၊ အပေါ်ကတ္တရာပွန်းခံလွှာတစ်လွှာ၊ ရေပိတ်လွှာနှစ်ထပ်ရှိတဲ့ လမ်းအကျယ် ၁၈ ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်" အခု ကျွန်မအနေနဲ့ ရွှေဘို-မြစ်ကြီးနားကား လမ်းမိုင်တိုင်အမှတ် 284 KM မှ 285KM အထိ ခင်းကျင်းပြီးပါပြီ။ အခု မော်ဟန်-ဆယ်မိုင်ရွာသစ်ကြားက လွဲခမ်းတောင်တန်းကို တာဝန်ယူဆောင်ရွက်နေပါတယ်။ မကြာခင် တစ်မြို့နယ်လုံး ပြီးစီးတော့မှာပါ" ဟု ပြောပြသည်။

မိုးညှင်းမြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား ကတ္တရာလမ်းပိုင်းလမ်းချဲ့ခြင်းလုပ်ငန်းကို ရွှေလှခိုင်ကုမ္ပဏီ အင်ခိုင်ဘွမ်ကုမ္ပဏီ မြန်မာရွှေအင်ပါယာကာမ္ပဏီတို့က အပိုင်းလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကတ္တရာလမ်းတိုးချဲ့ခင်းခြင်းလုပ်ငန်းပြီးစီးပါက အထက်မြန်မာပြည်အတွက် ကုန်စည်စီးဆင်းလုပ်ငန်းများအလျင်အမြန်တိုးတက်လာနိုင်မှာဖြစ်ပြီး ကုန်တင်မော်တော်ယာဉ်ကြီးများမှာ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၀၅၈)**

# အင်းတော်အ.ထ.က တောင်ဘက်ခြမ်းရှိ ရေနုတ်မြောင်းရှင်းလင်း

**အင်းတော် နိုဝင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းနွဲ့နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်း၏တောင်ဘက်ခြမ်း မြကန်သာလမ်းဘက်ရှိ ရေနုတ်မြောင်းအား ရေဆိုးများစီးဆင်းစေရန် ရေနုတ်မြောင်းရှင်းလင်းဖော်ခြင်းနှင့် ကျောင်းဝင်းအတွင်း ပေါင်းမြက် အမှိုက်များ ရှင်းလင်းခြင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်က ဆောင်ရွက်ကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# စားသုံးသူအခြေခံပြင်းပွားမှုဖြေရှင်းရေး စည်းဝေး

**မကွေး နိုဝင်ဘာ ၂၇**
မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအစည်းအဝေး(၆/၂၀၁၆)ကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စွာဝင်းက အောက်တိုဘာလအတွင်း မြို့နယ်အလိုက် စားသုံးသူအသိပညာပေးမှုနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုအခြေအနေများ၊ နိုဝင်ဘာလအတွင်း မြို့နယ်အလိုက်စားသုံးသူအသိပညာပေးမှုနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်းများ၊ စံချိန်စံညွှန်း အရည်အသွေးမီ ကုန်ပစ္စည်းများတွင် ပါဝင်ရမည့်အချက်အလက်များ၊ စီမံခန့်ခွဲမှုနည်းလမ်းနှင့် ပြစ်ဒဏ်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များ၊ အစီအမံများနှင့် သုံးသပ်တင်ပြချက်များ၊ တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးတွင် ဆုံးဖြတ်ရန်အချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းသည်။

ယင်းနောက် ဆက်စပ်ဌာနများဖြစ်သည့် FDA၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပညာရေး၊ ကျန်းမာရေး၊ ဥပဒေချုပ်ရုံး၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းစက်မှုကြီးကြပ်၊ ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌနှင့် စားသုံးသူကိုယ်စားလှယ်တို့မှ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ပြီး နိုဝင်ဘာ ၂၃ ရက်က မကွေးမြို့ ရန်ပယ်ဈေးအတွင်း စစ်ဆေးရာမှ သိမ်းဆည်းရရှိခဲ့သော မှိုတက်၊ ဒိတ်လွန် မုန့်များအား မြေမြှုပ်ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဇေယျာတု(မကွေး)**

# လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဆင့်ပွားသင်တန်းဖွင့်



**ရန်ကုန် နိုဝင်ဘာ ၂၇**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး၏လမ်းညွှန်မှုဖြင့် ခရိုင်အလိုက် ယာဉ်မောင်း၊ ယာဉ်ကြီးကြပ်၊ ယာဉ်တင်လုပ်သားများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးသင်တန်းများ ဆင့်ပွားသင်ကြားပို့ချလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်က အရှေ့ပိုင်းခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ ယာဉ်မောင်း၊ ယာဉ်ကြီးကြပ်၊ ယာဉ်တင်လုပ်သား ၁၁၅ ဦးအား တောင်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးတာဝန်ခံရုံး၌ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခရိုင်မှူး ဦးသက်ဝေက လုပ်သားများ နည်းစနစ်မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ မိမိအားပေးထားသည့်တာဝန်ကို အခြားသူမှ ကိုယ်စားလုပ်ဆောင်သဖြင့် မလိုလားသည့်ပြဿနာများဖြစ်ပေါ်နိုင်ခြင်း စသည့်ဆောင်ရန်ရှောင်ရန်များကို ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မော်တော်ယာဉ်ဌာနခွဲမှ ဌာနစုမှူး ဦးကျော်စိုးဝင်းက ယာဉ်မောင်းများ အမှိုက်သိမ်းယာဉ်အား ကျွမ်းကျင်စွာဖြင့် အသုံးချကာ အမှိုက်သိမ်းဆည်းမှု၊ ယာဉ်ကြီးကြပ်များ၏ ဦးဆောင်နိုင်စွမ်းအခြေအနေများ၊ အမှိုက်တင်လုပ်သားများမှ အန္တရာယ်ကင်းစွာ အမှိုက်များတင်ဆောင် သယ်ယူစွန့်ပစ်မှုစသည်တို့အား စာတွေ့၊ လက်တွေ့ ပရိုဂျက်တာဖြင့် သင်ကြားပို့ချပေးသည်။

"မြို့နယ် ရှစ်မြို့နယ်ကိုစုစည်းပြီး မော်တော်ယာဉ်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ၊ အမှိုက်သိမ်းခြင်းနဲ့ စွန့်ပစ်ခြင်းလုပ်ငန်းမှာ အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်ဖို့ လာရောက်ပြီး ဆင့်ပွားသင်ပေးတာ လုပ်သားတွေရဲ့ ကိုယ်စား ကျေးဇူးတင်ပါတယ်။ သင်တန်းပြီးတဲ့အခါ ကျွန်တော်တို့မှာ လိုအပ်တာတွေ အများကြီးရှိနေတယ်ဆိုတာ သိလာရပါတယ်" ဟု တောင်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးသူရဝင်းက ပြောသည်။

အဆိုပါ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဆင့်ပွားသင်တန်းသို့ မြို့နယ်သန့်ရှင်းရေးတာဝန်ခံများ၊ ယာဉ်မောင်း၊ ကြီးကြပ်နှင့် ယာဉ်တင်လုပ်သား ၁၁၅ ဦးတက်ရောက်ခဲ့ကြသည်။

**မောင်မောင်**

# တနင်္သာရီမြို့ မြို့တွင်းလမ်းအား တစ်လမ်းသွားစနစ်နှင့် ယာဉ်စည်းကမ်းမလိုက်နာသည့် ယာဉ်မောင်းများအား အရေးယူမှု ပူးပေါင်းဆောင်ရွက်

**တနင်္သာရီ နိုဝင်ဘာ ၂၇**
မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ရေးအဖွဲ့ ဒု-ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်၏လမ်းညွှန်မှုအရ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မြို့တွင်းလမ်းအား တစ်လမ်းသွားစနစ်ဖြင့်မောင်းနှင်ကြရန် အောက်တိုဘာ ၁၈ ရက်မှစ၍ နှေ့စဉ်ပညာပေးဆောင်ရွက်ခဲ့ကြပြီးဖြစ်သော်လည်း အဆိုပါတစ်လမ်းသွားစနစ်ကို လိုက်နာမှုမရှိဘဲ လမ်းပြောင်းပြန်မောင်းနှင်သူများနှင့် ယာဉ်စည်းကမ်းမလိုက်နာခြင်း၊ မော်တော်ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား နိုဝင်ဘာ ၂၅ ရက် နံနက် ၈ နာရီမှစ၍ ချောင်းငယ်ရပ်ကွက်သုခလမ်းနှင့် မင်္ဂလာငယ်လမ်းဆုံ မြို့မရဲစခန်းအရှေ့တွင် ရှောင်တခင်စစ်ဆေး၍ အရေးယူမှုများကို မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ရေးအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းသို့စစ်ဆေးဆောင်ရွက်ရာတွင် မော်တော်ဆိုင်ကယ် ၁၈ စီးနှင့် သုံးဘီးမော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ၂၀ စီးတို့မှ ယာဉ်စည်းကမ်းမလိုက်နာသည့် ယာဉ်မောင်းများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# မုံရွာမြို့နယ်အတွင်း ဒုတိယအကြိမ် ဘီပိုးကာကွယ်ဆေးထိုးနှံပေး

**မုံရွာ နိုဝင်ဘာ ၂၇**
မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)နှင့် ဘီဂျီသွေးလှူရှင်အသင်းနှင့် မုံရွာမြို့ပေါ်ရှိ ပရဟိတအသင်းများစုပေါင်းပြီး ဒုတိယအကြိမ်မြောက် ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၂၅ ရက်မှ ၃၀ ရက်ထိ မုံရွာမြို့ မြို့တော်ခန်းမ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို ယခုနှစ် ဇွန်လမှစတင်ပြီး မုံရွာမြို့နယ်အတွင်းနှင့် ဆားလင်းကြီးမြို့နယ် ကံကုန်းတိုက်နယ်ဆေးရုံတွင်လည်းကောင်း၊ အရာတော်မြို့နယ် မလဲသာ၊ ကံရင်း၊ ညောင်ပင်ကျေးရွာတို့တွင်လည်းကောင်း၊ ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာတွင်လည်းကောင်း၊ ကလေး၊ လူကြီး ၁၅၀၀၀ အား ခြောက်လအတွင်း သုံးကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)မှ ဒေါက်တာမြင့်ဝေက "ဘီပိုးကာကွယ်ဆေးက လူတစ်ဦးကို သုံးကြိမ်အထိ ထိုးရတယ်ဆိုတာကို သိဖို့လိုတယ်။ ပထမအကြိမ်မှာ ထိုးနှံပြီးတဲ့သူတွေမပါဘဲ အသစ်တွေကို ထပ်ပြီးထိုးပေးတာပါ။ ဆေးကိုတော့ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းက ထောက်ပံ့ပေးတာပါ။ ပထမအကြိမ်တုန်းက ဘီပိုး၊ စီပိုးတွေစစ်တဲ့အခါမှာ ပိုးရှိတဲ့သူက မပေါ်တာတို့ ပိုးမရှိဘဲနဲ့လည်း ပိုးရှိတဲ့အဖြေထွက်တာတို့ကို စစ်ဆေးတဲ့ကိရိယာမှာ ပေါ်တာတွေရှိတဲ့အတွက် ပိုးရှိတယ်လို့အဖြေထွက်တဲ့သူတွေအနေနဲ့ကလည်း သေချာအောင် ဓာတ်ခွဲခန်းမှာပြန်ပြီးစစ်ဆေးဖို့ ပြောချင်တယ်။ ပိုးရှိတဲ့သူတွေကိုလည်း တတ်ကျွမ်းနားလည်တဲ့သူတွေနဲ့ နှစ်သိမ့်ဆွေးနွေးတာတွေ လုပ်ဆောင်သင့်တယ်။ အခုဒုတိယအကြိမ် ဘီပိုးကာကွယ်ဆေးထိုးနှံပေးတဲ့အခါမှာလည်း မုံရွာမြို့ပေါ်ရှိတဲ့ ပုဂ္ဂလိကဆေးရုံတွေက ဆရာဝန်တွေ၊ အထွေထွေရောဂါကုဆရာဝန်တွေက ထိုးနှံပေးမှာပါ။ ကျန်းမာရေးဝန်ထမ်းတွေ၊ ပရဟိတလူမှုကူညီရေးအသင်းဝင်တွေက ကူညီပြီး ထိုးနှံပေးမှာပါ" ဟု ပြောသည်။

ဘီပိုးကာကွယ်ဆေးထိုးနှံသူများအနေဖြင့် ဘီပိုးစစ်ဆေးပါက ကိရိယာတန်ဖိုး ၁၀၀၀ ကျပ်၊ စီပိုးစစ်ဆေးပါက ၁၀၀၀ ကျပ်ကျမည်ဖြစ်ပြီး ကာကွယ်ဆေးအား မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)၊ ဘီဂျီသွေးလှူရှင်အသင်းနှင့် မုံရွာမြို့ပေါ်ရှိ ပရဟိတအသင်းများစုပေါင်းကြီးကြပ်ပြီး လူဦးရေ ၁၅၀၀၀ ကို ခြောက်ရက်ကြာ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

# မိုင်းငေါ့မြို့တွင် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု အသိပညာပေးဟောပြော

**မိုင်းငေါ့ နိုဝင်ဘာ ၂၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို အ. ထ. က (မိုင်းငေါ့) မြစိမ်းရောင်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိုင်းငေါ့မြို့စခန်းမှူးက မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုလုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးဟောပြောသည်။ ဟောပြောပွဲသို့ မြို့အုပ်ချုပ်ရေးမှူး၊ မြို့စခန်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**



# အများပြည်သူများသွားလာနေသော လမ်းတစ်ခြမ်းမှာ ရေတိုက်စား၍ပျက်စီးနေ

**ဗန်းမောက် နိုဝင်ဘာ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အောင်သာကုန်းရပ်ကွက် ရွှေထိုက်ဦးတွင် ခုံလုပ်ငန်းအနီး ဗန်းမောက်-အင်းတော်တို့ကို ဆက်သွယ်ထားသော ကားလမ်းမကြီးနံဘေး၌ မိုးတွင်းအခါက မိုးများခဲ့၍ လမ်းတစ်ခြမ်းမှာ ရေတိုက်စားမှုကြောင့် ပျက်စီးလျက်ရှိကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ ပျက်စီးသွားသောကြောင့် လမ်းသွားလမ်းလာ မော်တော်ယာဉ်ကြီးများနှင့် မော်တော်ဆိုင်ကယ်များသည် ထိုနေရာ၌ တစ်ဖက်သတ်မောင်းနှင်သွားလာနေကြရသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း ခရီးသွားပြည်သူတစ်ဦးထံမှ သိရသည်။

ယင်းနောက် ကျောင်းဆင်းချိန်တွင် ကျောင်းသား၊ ကျောင်းသူများက စက်ဘီးဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ဆင်ကန်ကျေးရွာ၊ ကျွဲကောကြီးကျေးရွာတို့သို့ ပြန်နေကြရသဖြင့် ရေတိုက်စား၍ ပျက်စီးသွားသောလမ်းအား ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများနှင့် လမ်းအသုံးပြုသူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# လွိုင်ကော်မြို့၌ မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**လွိုင်ကော် နိုဝင်ဘာ ၂၇**
World Vision (လွိုင်ကော်)မှ ကြီးမှူးပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာကလေးများနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ စိန့်ဂျိုးဇက်ဘုရားကျောင်း၌ပြုလုပ်ရာ World Vision မှ လွိုင်ကော်စီမံကိန်းတာဝန်ခံ ဦးစောဂေးဘတ်ပါက အပြည်ပြည်ဆိုင်ရာကလေးများနေ့အခမ်းအနား ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး လွိုင်ကော်မူးယစ်တပ်စု ၂၀ မှ ရဲအုပ်သင်းအောင်အောင်မျိုးက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒေသခံတိုင်းရင်းသားပြည်သူ ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

နိုဝင်ဘာ ၂၈၊ ၂၀၁၆

# ရှင်လန်းကျန်းမာ စိတ်ချမ်းသာမှု ရလိုပါလျှင်

ယုဝတီခင်ဦး



ကျွန်ုပ်တို့၏ခန္ဓာကိုယ်မှ ဆဲ(လ်) (Cell) များသည် အသက်သုံးဆယ်အရွယ်မှစ၍ တဖြည်းဖြည်းပြောင်းလဲနေသည်။

အသက်အရွယ် ကြီးရင့်အိုမင်းခြင်းကို မတားဆီးနိုင်သော်လည်း အိုမင်းရင့်ရော်ခြင်းကို လျော့နည်းစေမည့် နည်းလမ်းများရှိပါသည်။ အာဟာရမျှတသော အစားအစာများကို စားသုံးရန်နှင့် ပုံမှန်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ လမ်းမှန်မှန်လျှောက်ခြင်းတို့ကို ပြုလုပ်ကြရပါမည်။ ထို့အပြင် နှစ်နှစ်ခြိုက်ခြိုက်အိပ်၍ အနားယူရန်၊ စိတ်ဖိစီးမှု လျော့နည်းအောင်နေတတ်ရန်၊ အရက်နှင့် ဆေးလိပ်သောက်ခြင်းတို့ကို လျှော့ချရန်လည်း လိုအပ်ပါသည်။

အသက်ကြီးခြင်း၊ အိုမင်းရင့်ရော်ခြင်းအကြောင်းကို ငယ်ရွယ်သူများနှင့်လူလတ်ပိုင်းတို့က ပူပင်ကြောင့်ကြမှု မဖြစ်ကြချေ။ အိုမင်းရင့်ရော်ခြင်းသည် ဝင်သက်၊ ထွက်သက်နှင့်အတူ နေ့စဉ်ဖြစ်ပျက်နေသည်ကို သတိပြုပြီး မိမိကိုယ်မိမိ ကျန်းမာရွှင်လန်းစွာ နေထိုင်စားသောက်ကြရန် အရေးကြီးပါသည်။

**အရိုးများ** (Bones)

အသက်သုံးဆယ်နှင့်သုံးဆယ်ကျော် အရွယ်သို့ ရောက်လာလျှင် အသက်ကြီးစပြုလာပြီဟု သတိပြုရမည်။ အသက်နည်းနည်းကြီးလာလျှင် အရိုးကြီးထွားမှု နှေးလာသည်။ အရိုးကပါးပြီး အားလျော့လာလျှင် အရိုးအမြန်ကျိုးတတ်သည်။ ၎င်းအခြေအနေကို အော်စတိုပိုရိုးစစ် (Osteoporosis) ဟုခေါ်သည်။

အမျိုးသမီးများသည် သွေးဆုံးလျှင် (Oestrogen) အီစတိုဂျင်နည်းပါးသွား၍ အရိုးကျန်းမာရေး ထိခိုက်နိုင်သည်။ ဆေးဝါးနှင့်ကုသလျှင် အရိုးသန်စွမ်းမှု အကူအညီရရှိနိုင်သည်။ တစ်ပတ်လျှင် လေ့ကျင့်ခန်း အနည်းဆုံး သုံးကြိမ်လုပ်ရန်လိုပါသည်။ ကယ်(လ်)စီယမ်(Calcium)နှင့် ဗိုက်တာမင်ဒီ (Vitamin-D) စားဖို့လိုပါသည်။ ဗီတာမင်ဒီဓာတ်ပါဝင်သော ဖြည့်စွက်အစားအစာများလည်း စားသုံးကြရမည်ဖြစ်ပါသည်။ ဆေးလိပ်မသောက်ပါက အသက်(၃၀)တွင် အရိုးသန်မာမှုရှိနေမည်ဖြစ်ပါသည်။

**ဦးနှောက်** (Brain)

ဦးနှောက်သည် အသက်အိုမင်းရင့်ရော်မှသာ အရည်အသွေးကျဆင်းသည်မဟုတ်ဘဲ အသက် (၂၇)နှစ် ခန့်မှစ၍ ဉာဏ်ရည်ဉာဏ်သွေး လျော့ပါးလာသည်ဟု သုတေသနပညာရှင်များက ဆိုကြသည်။ ဉာဏ်ရည်ကောင်းပြီး ဦးနှောက်နှင့်အတွေးအခေါ် ထက်မြက်သူများသည် အသက် (၆၀)၊ (၇၀) အရွယ်ထိ ဦးနှောက်အင်အားလျော့မသွားသည်ကိုလည်း တွေ့ရသည်။

ဦးနှောက်၌ရှိသော အာရုံကြောများ(Neurons)ဆက်သွယ်မှု လျော့နည်းသွားလျှင် ဦးနှောက်၏ လုပ်အားများသည် ကျဆင်းသွားနိုင်သည်။ သတိမေ့လျော့လာလျှင်လည်းကောင်း၊ အတွေးအခေါ်များ ချော်ထွက်လာလျှင်သော်လည်းကောင်း ဆရာဝန်များနှင့်တိုင်ပင်ပြီး ဆေးဝါးများ၊ လေ့ကျင့်ခန်းများ ပြုလုပ်ပေးလျှင် ဦးနှောက်အရည်အသွေး ကျဆင်းမှုလျော့နည်းလာနိုင်သည်။ အကောင်းဆုံးမှာ သတိတရားနှင့်နေ၍ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ရန်လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများယူ၍ အာဟာရမျှတသော အစားအစာများ စားသုံးလျှင်လည်း ဦးနှောက်သည် ထုံထိုင်းမနေဘဲ ထက်မြက်သန်စွမ်းနေမည် ဖြစ်ပါသည်။

**နား** (Ears)

လူအများသည် အသက်(၂၀)အရွယ်မှစ၍ အသက်(၅၀)အတွင်းတွင် နားအကြားနှင့်ပတ်သက်၍ ဂရုမစိုက်ကြပေ။ သို့သော် အသက်တဖြည်းဖြည်းကြီးရင့်လာလျှင် နားထဲမှ အမွေးနုဆဲ(လ်)များ ပျက်စီးချို့ယွင်းပြီး အသံကို ဦးနှောက်ထံသို့ ကောင်းစွာမပို့နိုင်တော့ဘဲ နားအာရုံကြောပျက်စီးခြင်း အစပြုလာမည်ဖြစ်သည်။

(နားကြပ်) Hearing Aids ဖြင့် နားထောင်ခြင်း၊ အခြားအသံကြားစေသည့် ကိရိယာများဖြင့် နားထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျှင် အသံကြားလာနိုင်ပါသည်။ အကောင်းဆုံးမှာ နားကို ဆူဆူညံညံအသံများ မကြားရစေရန် ရှောင်ကြဉ်သတိပြုကြရမည်ဖြစ်သည်။

**မျက်စိ** (Eyes)

အသက်လေးဆယ်ထက်ကြီးလာလျှင် မျက်စိ(Lens) သည်မာလာပြီး နောက်ဆုံးတိမ်(Cataract) စွဲသွားတတ်သည်။ အခြားရောဂါများ၊ ဆီးချိုနှင့်ပတ်သက်၍ (Diabetic Retinopathy)နှင့်(Glaucoma)ရောဂါ များလည်း ဖြစ်တတ်သည်။

တစ်ခါတစ်ရံ သွေးကြောများမှ သွေးယိုစီးတတ်သည်။ မျက်လုံးရောင်နေတတ်သည်။ အချိန်မီ ဆေးဝါး မကုသလျှင် မျက်လုံးအာရုံကြော (Optic Nerve) ပျက်စီး၍ မျက်စိကွယ်သွားတတ်သည်။ ထို့ကြောင့် တိမ်စဖြစ်လျှင် မျက်မှန်တပ်ခြင်း၊ ခွဲစိတ်ကုသခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

အချို့ ဆီးချိုရောဂါဖြစ်သူများသည် လေဆာဖြင့် ကုသရသည်။ အကောင်းဆုံးမှာ အသက်ကြီးလာလျှင် မျက်စိအထူးကုဆရာဝန်များနှင့် မှန်မှန်ပြသကုသသင့်သည်။ မျက်လုံးရောဂါအတွက် အစားအစာများမှာ သစ်သီး သစ်ဥများ၊ ငါးနှင့်ဟင်းသီးဟင်းရွက်များ၊ ဟင်းနုနယ်နှင့် စိမ်းလန်းသော၊ ဝါသောအသီးများဖြစ်သည်။

**အဆုတ်** (Lungs)

အောက်ဆီဂျင်သည် အသက်ရှင်ဆေးအဖြစ်၊ နှာခေါင်းပေါက်မှအဆုတ်သို့ ဝင်ရောက်လာရခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အသက်ရှူတိုင်းတွင် အောက်ဆီဂျင်ဓာတ်သည် အဆုတ်မှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးသို့ ပို့ဆောင်ပေးပါသည်။

နံနက်ခင်း၌ ပတ်ဝန်းကျင်သန့်ရှင်းသော နေရာများဖြစ်သည့် ကန်ပေါင်တစ်လျှောက်၊ မြစ်ကမ်းတစ်လျှောက်၊ ပင်လယ်ကမ်းခြေနှင့် လယ်ကွင်းပြင်တို့တွင် လမ်းလျှောက်ပါလျှင် သဘာဝကပေးသော အောက်ဆီဂျင်သည် လေချိုအေးနှင့်အတူ ခန္ဓာကိုယ်အတွက် ခွန်အားအပြည့်ရရှိသည်မှာ အဆုတ်၏ကျေးဇူးပင်ဖြစ်သည်။

အသက်ရှူရာတွင် TB ဖြစ်သူ၏ TB ပိုးများ၊ နှာစေးချောင်းဆိုး နှာချေပိုးများ၊ ပတ်ဝန်းကျင်မှ အညော်နံ့၊ အပုပ်နံ့တို့ပါဝင်နေလျှင် လေကောင်းလေသန့်မဟုတ်သောကြောင့် ရောဂါကူးစက်ခံရမည့်အပြင် အောက်ဆီဂျင်လည်း အပြည့်အဝမရရှိနိုင်တော့ပေ။ အဆုတ်အတွက် အရေးအကြီးဆုံးမှာ လေကောင်းလေသန့်ပင်ဖြစ်လေသည်။

သို့ဖြစ်ပါ၍ အဆုတ်ကောင်းပြီး အသက်ရှည်ကျန်းမာစေရန်အတွက် ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့အနံ့ခံခြင်း၊ ပတ်ဝန်းကျင်မသန့်ရှင်း၍ လေထုညစ်ညမ်းခြင်းတို့ကိုလည်း ရှောင်ကြဉ်ရန် လိုအပ်ပေသည်။

**နှလုံး** (Heart)

အသက်ငါးဆယ်နှင့် ငါးဆယ်ကျော်လာလျှင် နှလုံး၏ ဘယ်ဘက်အခန်းသည် အင်ဂျင်နှင့်တူသည်။ ၎င်းဘယ်ဘက်အခန်းသည် အနည်းငယ်ကြီး၍ ထူထပ်လာပြီး အလုပ်လုပ်ရန်နှေးလာသည်။ အဆီများများစားသူများ၏ ကိုလက်စထရော(Cholesterol) များသည် နှလုံး၏သွေးကြောများကို ဖိအားဖြင့် သွေးတိုးရောဂါနှင့် နှလုံးရောဂါ ဖြစ်လာတတ်သည်။

ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ လက်ဆတ်သောအသား၊ ငါးများကိုစားသုံးရန်လိုအပ်ပါသည်။ ဆေးလိပ်မသောက်ကြရန်၊ လေ့ကျင့်ခန်းမှန်မှန်လုပ်ရန်၊ လမ်းလျှောက်ရန်၊ အသားမှအဆီများ၊ ဆားအငန်နှင့် အချိုများကို ရှောင်ကြဉ်ရန် အရေးကြီးပါသည်။

**ကျောက်ကပ်** (Kidneys)

ကျောက်ကပ်၏လုပ်ငန်းများသည် အသက် ၄၀ မှစ၍ နှစ်စဉ်တစ်ရာခိုင်နှုန်းကျဆင်းလာသည်။ ကျောက်ကပ်တွင် အမာရွတ်များဖြစ်ပေါ်လာတတ်သည်။ သွေးကြောလေးများ ထူထပ်လာပြီး ကျောက်ကပ်သို့ သွေးမှန်မှန် မရောက်တတ်ချေ။ ထို့ကြောင့် အဆီများပြီးဝသည့်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့ မဖြစ်ပွားစေရန် ဆင်ခြင်ရပေမည်။

**ကြွက်သားများနှင့် အရိုးအဆစ်များ** (Muscles and Joints)

အသက်(၃၀)နှင့်အထက် အရွယ်ရောက်လာလျှင် ကြွက်သားများ အနည်းငယ်ကျုံ့လာပြီး အရွတ် (Tendons) များ ကျုံ့နိုင်ဆန့်နိုင်အားပါ လျော့လာမည်ဖြစ်သည်။ အဆစ်များ မာတောင့်လာမည်ဖြစ်သည်။ အသက်(၇၀) အရွယ်ရောက်လာလျှင် ကိုယ်လက်အင်္ဂါများ သန်မာမှုကျဆင်းသွားနိုင်ပေသည်။

အရိုးအဆစ်နှင့်ပတ်သက်၍ အရွတ်နှင့်အဆစ် (Collagen Tissue)တို့ တင်းမာလာမည်။ ဒူးကွေး၊ ဒူးဆန့်နှေးလာမည်။ အဆစ်ထဲမှာရှိသော အရိုးတို့ကို ပွတ်တိုက်မှုမရှိစေရန် စွမ်းဆောင်ပေးသောအရည် (Lubricating Fluid)သည် အနည်းငယ်ခြောက်ခန်းလာမည်။ အဆစ်နှစ်ခုကို ကူရှင်ကဲ့သို့ ကြားခံထားသော အရိုးနု (Cartilage)သည် အဆစ်များမသန်စွမ်းတော့၍ လှုပ်ရှားမှုကောင်းများ မပြုနိုင်တော့ပေ။

ထို့ကြောင့် အဆစ်များ၏မျက်နှာပြင်များ တစ်ခုနှင့်တစ်ခုတိုက်မိပြီး ကောင်းစွာမလှုပ်ရှားနိုင်ဘဲ တင်းမာလာသဖြင့် ဒူးနာရောဂါစွဲလာလေသည်။ အစားစားသောအခါ တိရစ္ဆာန်အဆီများလျော့၍ စားသုံးကြရမည်။ ဆေးလိပ်နှင့်အရက်သောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ စိတ်ဖိစီးမှုများလျော့နည်းစေရန် နေထိုင်ကြရမည်ဖြစ်သည်။ ခန္ဓာကိုယ်တွင် အသားအစိုင်အခဲသည် အသက်(၅၀)ကျော်လျှင် နှစ်စဉ်တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းအထိ လျော့နည်းလာသည်။ ထို့ကြောင့် သတိတရားဖြင့် အနားယူပါ။ လေ့ကျင့်ခန်းမှန်မှန်လုပ်ပြီး စိတ်ဖိစီးမှုနည်းစွာ နေထိုင်ပါဟူ၍ အကြံပြုလိုပါသည်။

**အရေပြား** (Skin)

အသက်သုံးဆယ်ကျော်လျှင် အရေပြားများသည် ကိုလဂျင်(Collagen)နှင့်အီလက်စတင်(Elastin) အရေပြားတင်းမာမှုများ လျော့သွားသည်။ အရေပြားအောက်မှ အဆီကလည်း လျော့နည်းသွားသည်။ ထိုအခါ အရေခွံတွန့်ပြီး ပါးလာသည်။ တချို့အရေခွံတွင် တင်းတိပ်၊ မဲ့ခြောက်တို့ ထွက်လာတတ်သည်။ အကောင်းဆုံးမှာ နေပူထဲတွင် ကြာရှည်စွာနေခြင်းမှရှောင်ကြဉ်ရန်လိုပါသည်။ မျက်နှာကို မိမိနှင့်တည့်သည့် မျက်နှာသစ်ဆေးဖြင့် သေချာစွာဆေးခြင်း၊ အစားအသောက်၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို စားသုံးခြင်း၊ နေရောင်ခြည်ကာကွယ်မည့် အရည်၊ ခရင်(မ်)တို့ကို မျက်နှာ၊ လက်တို့အားလိမ်းခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ လူတိုင်း အသက်အရွယ်ကြီးရင့်လာပါက အသက်ရှည်ကျန်းမာရေးအတွက် တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားပြီး စနစ်တကျစားသောက်နေထိုင်ကြခြင်းဖြင့် ရွှင်လန်းကျန်းမာ စိတ်ချမ်းသာမှုသုခဖြင့် ပြည့်စုံကြမည်ဖြစ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်ပညာရေးတက္ကသိုလ်
# ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်
# ပညာရေးဘွဲ့စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ပညာရေးဘွဲ့ စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည်-

(၁) **ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့အောက် ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြအဖြစ် တာဝန်ထမ်း ဆောင်နေသူများနှင့် အထက်တန်းပြ (သို့မဟုတ်) အလယ်တန်းပြနှင့် လစာနှုန်းတူ အခြားပညာရေးဝန်ထမ်း များ၊ ပညာရေးကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့်ရှိသည်။

(ခ) ပညာရေးကောလိပ် နည်းပြ၊ အထက်တန်းပြ(သင်ကြားရေး)နှင့် အလယ်တန်းပြ (သင်ကြားရေး)များသည် ၃၁-၁၂-၂၀၁၆ရက်တွင် သင်ကြားရေးလုပ်သက် အနည်းဆုံး (၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အခြားပညာရေးဝန်ထမ်း[အလယ်တန်းပြ (သို့မဟုတ်) မူလတန်းကျောင်းအုပ်များနှင့် လစာနှုန်းထားတူညီသူ]များသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၆ရက်၌ စုစုပေါင်း လုပ်သက်အနည်းဆုံး (၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ပညာရေးဘွဲ့(B.Ed)မရရှိသေးသူဖြစ်ရမည်။

(င) အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်နေသူမဖြစ်စေရ။

(၂) **လျှောက်လွှာတင်သွင်းခြင်း**

(က) အထက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ပူးတွဲပုံစံ(၁)ပါ အဆိုပြုလျှောက်လွှာပုံစံအတိုင်း ဖြည့်စွက်၍ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ ၂၃-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(ခ) လျှောက်လွှာစတင်နိုင်သောရက် - ၁-၁၂-၂၀၁၆

(ဂ) သတ်မှတ်ချက်နှင့် ကိုက်ညီသော အခြားပညာရေးဝန်ထမ်းများသည် သက်ဆိုင်ရာကျောင်းမှတစ်ဆင့် မြို့နယ်ပညာရေးမှူးရုံးသို့လည်းကောင်း၊ ဦးစီးဌာနများမှ ပညာရေးဝန်ထမ်းများသည် သက်ဆိုင်ရာ ဦးစီးဌာနသို့လည်းကောင်း ၂၃-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းရမည်။

(ဃ) ပညာရေးကောလိပ်များမှ လျှောက်ထားသူများသည် သက်ဆိုင်ရာပညာရေးကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ခွင့်ပြု ချက်ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ၂၃-၁၂-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(၃) **အထူးပြုဘာသာရပ် ရွေးချယ်လျှောက်ထားခြင်း**

(က) ပညာရေးဘွဲ့(B.Ed)စာပေးစာယူသင်တန်းသည် (၂)နှစ်သင်တန်းသာဖြစ်သဖြင့် ဘာသာရပ် ကျွမ်းကျင်မှု၊ သင်ပြနည်း ကျွမ်းကျင်မှုတို့အတွက် အထူးပြုဘာသာရပ် တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆိုသင် ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရ ဘာသာရပ်ကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရ ဘာသာရပ်နှင့် သင်ယူလိုသည့် အထူးပြုဘာသာရပ်ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာစသည့် ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ(သို့မဟုတ်)ဝိဇ္ဇာဘာသာရပ် တစ်ခုခုကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။

(ဃ) ဝင်ခွင့်စာမေးပွဲတွင် ဘာသာရပ်အလိုက် တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ရာ အထူးပြုဘာသာရပ်၏ တက္ကသိုလ်ပညာသင်ရိုးညွှန်းတမ်းမှ ဘွဲ့ကြိုသင်တန်း ပထမနှစ်၊ ဒုတိယနှစ် သင်ရိုး အထိ လေ့လာရန်ဖြစ်ပြီး ဘာသာရပ်ကျွမ်းကျင်မှုကို (၃)နာရီ မေးခွန်းဖြင့် ရေးဖြေစစ်ဆေးမည်။

ဝင်ခွင့်စာမေးပွဲဖြေဆိုရာတွင် မြန်မာစာဘာသာရပ်မှအပ ကျန်ဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရ မည်။

(၄) **လုပ်သက်ကြီးစဉ်တန်းစီဇယားဖြင့် တက်ရောက်ရန် လျှောက်ထားခွင့်ရှိသူများ**

(က) ပညာရေး(B.Ed) ဘွဲ့မရသေးသော သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြများ၊ အလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ်များဖြစ်ရမည်။

(ခ) အလယ်တန်းပြနှင့် အထက်ရာထူးတွင် ၃၁. ၁၂. ၂၀၁၆ရက်နေ့၌ လုပ်သက်အနည်းဆုံး ၁၀နှစ်ရှိရမည်။

(ဂ) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူတစ်ဦးသည် လုပ်သက်ပြည့်မီပါက လုပ်သက်ကြီးစဉ် တန်းစီဇယားဖြင့် တက်ရောက်ခွင့် ရရှိရေးအတွက်လည်း လျှောက်ထားနိုင်သည်။

(၅) **ရွေးချယ်ရေးမူများ**

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ်မူတည်၍ ဘာသာရပ်အလိုက် ဝင်ခွင့်စာမေးပွဲ ရမှတ်များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) လုပ်သက်ကြီးစဉ်အရ တက်ရောက်ရန်လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာလိုအပ်ချက် နှင့် ဘာသာရပ် လိုအပ်ချက်တို့ပေါ်မူတည်၍ အလယ်တန်းပြနှင့် အထက်တန်းပြ လုပ်သက်များ/နည်း တန်းစီဇယား ဖြင့် စိစစ်ရွေးချယ်မည်။

(၆) **စာစစ်ဌာနများ။** အောက်ပါမြို့များတွင် စာစစ်ဌာနများ ဖွင့်လှစ်စစ်ဆေးသွားမည်ဖြစ်သည်-

(က) ဘားအံမြို့
(ခ) ထားဝယ်မြို့
(ဂ) မြိတ်မြို့
(ဃ) ပဲခူးမြို့
(င) တောင်ငူမြို့
(စ) ပြည်မြို့
(ဆ) မော်လမြိုင်မြို့
(ဇ) စစ်တွေမြို့
(ဈ) ကျောက်ဖြူမြို့
(ည) သံတွဲမြို့
(ဋ) ပုသိမ်မြို့
(ဌ) ဟင်္သာတမြို့
(ဍ) ဖျာပုံမြို့
(ဎ) မြောင်းမြမြို့
(ဏ) ရန်ကုန်မြို့

(၇) **ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်**

(က) နေ့ရက်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက် (တနင်္ဂနွေနေ့)
(ခ) အချိန် ။ နံနက် (၉)နာရီမှ (၁၂)နာရီအထိ

(၈) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒေါ်သင်းသင်းဦး၊ ဌာနခွဲမှူး (ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းဌာန) ရန်ကုန်ပညာရေးတက္ကသိုလ်၊ တယ်လီဖုန်းအမှတ် ၀၉-၇၉၅၄၁၁၀၂၂ တို့တွင် စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ်**

**ရန်ကုန်ပညာရေးတက္ကသိုလ်**
**၂၀၁၇-၂၀၁၈ပညာသင်နှစ်**
**ပညာရေးဘွဲ့စာပေးစာယူ (၂)နှစ်သင်တန်း(ပထမနှစ်)**
**ဝင်ခွင့်လျှောက်လွှာ (ဝင်ခွင့်စာမေးပွဲ/လုပ်သက်တန်းစီ)**

ဓါတ်ပုံ

| | လျှောက်ထားသူ | အဖ | အမိ |
|---|---|---|---|
| အမည် (မြန်မာ) (အင်္ဂလိပ်) | | | |
| လူမျိုး | | | |
| ကိုးကွယ်သည့်ဘာသာ | | | |
| နိုင်ငံသားမှတ်ပုံတင်အမှတ် | | | |
| မွေးသက္ကရာဇ် | | | |
| လက်ရှိရာထူးနှင့် ဌာန/ကျောင်း | | | |
| လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ်---- | | | |

| ပညာအရည်အချင်း | ဘွဲ့အမျိုးအစား | အဓိကဘာသာ | အောင်မြင်သည့် တက္ကသိုလ် | အောင်မြင်သည့် ခုနှစ် |
|---|---|---|---|---|
| မူလဘွဲ့ | | | | |
| ဘွဲ့လွန် | | | | |

| ဖြေဆိုလိုသော အထူးပြုဘာသာရပ် | |
|---|---|

ပညာရေးအမှုထမ်းသက်တမ်း ဖော်ပြချက်ဇယား (၃၁-၁၂-၂၀၁၆ရက်အထိ တွက်ချက်ရန်ဖြစ်သည်။)

| စဉ် | ရာထူး | ကျောင်း/ရုံး | မှ | | | ထိ | | | ကာလ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရက် | လ | နှစ် | ရက် | လ | နှစ် | ရက် | လ | နှစ် | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| ပညာရေးလုပ်သက်စုစုပေါင်း | | | | | | | | | | | | |

ရွေးချယ်တက်ရောက်ခွင့်ရ၍ ပညာရေးဘွဲ့ရရှိပြီး ရာထူးတိုးမြှင့်ခြင်းခံရပါက မည်သည့်ဒေသသို့မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်။

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ်------------------------
လျှောက်ထားသူမည် ------------------------

**ဌာနဆိုင်ရာထောက်ခံချက်**

ဦး/ဒေါ်---------၏ ပညာအရည်အချင်း၊ အသက်နှင့် အမှုထမ်းသက်များကို ရုံးရှိအမှုထမ်းစာအုပ်ဖြင့် ကိုယ်တိုင် စစ်ဆေးကြည့်ရှုပြီးနောက် မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

ရုံးတံဆိပ်

ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံလက်မှတ်------------
ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံအမည် -------------

**ထပ်ဆင့်ထောက်ခံပါသည်။**

ရုံးတံဆိပ်

မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲလက်မှတ်---------
မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲအမည် ----------

ဗီဇာမလိုတော့ဘူးဆိုတော့ နှစ်သစ်ကို စင်ကာပူမှာပဲ ကြိုဆိုလိုက်ကြရအောင်

၃ ညအိပ် ၄ ရက် ၂၉ ဒီဇင်ဘာ ၂၀၁၆ မှ ၁ ဇန်နဝါရီ ၂၀၁၇ ထိ USD 640

ပေးရတဲ့ပိုက်ဆံနဲ့တန်လိုသူများ၊ မိမိကိုယ်တိုင် စီစဉ်သည်ထက် ကုန်ကျစရိတ် ပိုမိုသက်သာလိုသူများ၊ စိတ်အနှောင့်အယှက်ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများ အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် သို့မဟုတ် စာရင်းပေးသွင်းလိုလျှင် ဆက်သွယ်ရန်...

ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း

ဖုန်း - ၀၁ ၅၂၄ ၈၄၁

၀၉ ၇၈၈ ၉၉၉ ၈၂၀ ~ ၈၆၀

မကြွေသောပန်း

အဆင့်မြင့်အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာ ရုံးခန်းများ ပြောင်းရွှေ့လိုပါက ကားကြီး၊ ကားငယ် ဆိုဒ်စုံများနှင့် အလုပ်သမားများအပါ တပါတည်းပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)

09 2580 22220, 09 250 499979
09 732 09992, 09 25444 9533

YGN နိုင်ငံခြားသားများ သီးသန့် အိမ်ခန်းငှားအကျိုးဆောင်
Real Estate Service

NGO, သံရုံး နှင့် နာမည်ကြီး Company များရှိ နိုင်ငံခြားသားများ နေထိုင်ရန် လူကြီးမင်းတို့ ပိုင်ဆိုင်သော အဆင့်မြင့် ပြင်ဆင်ပြီး လုံးချင်းနှင့် CONDO များအား အမြန်ငှားလိုပါသည်။

09-4500 39220 09-262626004

ကွန်တိန်နာ

ရောင်း/ဝယ်/ငှားရန်ရှိသည်။

★ ဆက်သွယ်ရန်ဖုန်းနံပါတ် ★

01-242314 , 374155 , 393218
09-43098791 , 09-421165375
09-43098792

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

FMI City ပေ ၆၀× ပေ ၈၀ မြေအပိုပါ၊ ပွဲစားမလို။

ဆက်သွယ်ရန်-၀၉-၂၅၄၀၆၆၀၂၀၊ ၀၁-၅၁၂၃၃၀

အမှတ်စဉ်-၅၄

ဧည့်လမ်းညွှန်

ဝင်ခွင့် တန်းခွဲသစ် 3.12.2016 နေ့စတင်သင်ကြားမည်

SiES TOURGUIDE TRAINING SCHOOL

09 5406533 တိုက်၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်

GRAND STYLE
YOUR PROJECT PARTNER

Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.






GRAND STYLE   Lighthouse every moment   GRAND   FOX FLOORING GRAND LIVING STYLE

Thiri Yadanar Wholesale Market Compound

Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon,
Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

TEL 09-785088488, +95-9-5088488

GrandStyleMM

www.grandstylemm.com

မန္တလာသား

အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

14' Box ကားများဖြင့် ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။

Ph: 09-770639155
09-770639166

မြေကွက်ကျယ်ရောင်းမည်

ဆီဆိုင်ဖွင့်ရန် နေရာကောင်း၊ အမှတ်(၂)လမ်းမ မေးတင် အင်းတိုင်-လှည်းကူး

ဖုန်း-၀၉-၅၄၁၈၂၀၇
၀၉-၇၈ ၅၅၅၃၅၇၉

Sweety® Bras, Panties & Underwears

ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူး ကံစမ်းမဲအစီအစဉ်

Sweety® ချစ် မိဘပြည်သူများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ကံစမ်းမဲ ဆုမဲများဖြစ်သော

| | | |
|---|---|---|
| ပထမဆု | (ကျပ် ၅သိန်း) | ၁ဆု |
| ဒုတိယဆု | (ကျပ် ၄သိန်း) | ၁ဆု |
| တတိယဆု | (ကျပ် ၃သိန်း) | ၁ဆု |
| စတုတ္ထဆု | (ကျပ် ၂သိန်း) | ၁ဆု |
| ပဉ္စမဆု | (ကျပ် ၁သိန်း) | ၁ဆု |
| နှစ်သိမ့်ဆု | (ကျပ် ၅သောင်း) | ၅ဆု |

အသီးသီးတို့အား ထိုက်တန်စွာ ကျေးဇူးတုံ့ပြန်ပေးမည်ဖြစ်ပါ၍ Sweety® 2016 calendar ၏ နောက်ဆုံးစာမျက်နှာပါ ကူပွန်နှစ်ရွက်မှ ကူပွန်နံပါတ်(၂)အား အမည်/မှတ်ပုံတင်အမှတ်/နေရပ်လိပ်စာ/ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖြည့်၍ စာတိုက်သေတ္တာအမှတ် (၁၂၅၅/၃၃၉) သို့ဖြစ်စေ အနယ်နယ်အရပ်ရပ်ရှိ နီးစပ်ရာ Sweety® ဆိုင်ခွဲများသို့ဖြစ်စေ လိပ်မူ၍ ကံစမ်းမဲကူပွန်များကို (၁၀-၁-၂၀၁၇)ရက်နေ့အား နောက်ဆုံးရက်အဖြစ် ပြောင်းလဲသတ်မှတ် ပေးပို့ကံစမ်းကြပါရန် ခင်မင်လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

မှတ်ချက်။ ` ။ Sweety® ချစ် customer များအနက်မှ ကံစမ်းမဲဆွတ်ခူးရရှိသူများအား သတင်းစာတွင်ပြန်လည်ကြေညာပေးမည်ဖြစ်ပြီး ပြည့်စုံမှုမရှိသောကူပွန်များနှင့် သတ်မှတ်ရက်(၁၀-၁-၂၀၁၇)ထက် ကျော်လွန်နောက်ကျပြီးမှ ပေးပို့ကံစမ်းလာသော ကံစမ်းမဲကူပွန်များအား ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ကြောင်းကိုလည်း ထပ်ဆင့်အသိပေး အကြောင်းကြားအပ်ပါသည်။

အစဉ်တစိုက်ဝယ်ယူအားပေးကြသော မိဘပြည်သူများကို Sweety® မိသားစုမှ ကျေးဇူးအထူးပင်တင်ရှိပါသည်။

Sweety® Hot Line Phone No: 09-512 2 512, 09-50 888 90, 09-205 96 96


အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

# A . M . T . T

# CONSTRUCTION CO.,LTD



**အမှတ် (၁၅/၁၇)၊ ရန်ကုန်–အင်းစိန်လမ်းမကြီးအနီး၊ ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်။**

ဥထပ်ခွဲလုံးချင်းအိမ်ယာ တွင်ပါဝင်မည့်ဝန်ဆောင်မှုများမှာ –

၁။ (၂၀'X ၆၀') မြေဂရန်ပိုင်ဆိုင်မှု ရရှိမည် ဖြစ်ပါသည်။
၂။ ကိုယ်ပိုင်ကားပါကင် (Car Parking) လုံလောက်စွာပါရှိမည် ဖြစ်ပါသည်။
၃။ အိမ်စီးဓာတ်လှေကား (Home elevator) ပါရှိမည် ဖြစ်ပါသည်။
၄။ အပေါ်ဆုံးထပ် (Third Floor)တွင်ရေကူးကန် (swimming pool) ပါရှိမည် ဖြစ်ပါသည်။
၅။ Master Bed Room, Bed Room & Living Room တွင်ကျွန်းပါကေးခင်းပေးမည်ဖြစ်ပါသည်။
၆။ လှေကားလမ်းများတွင်လည်း ကိုရီးယား(Korea) ပါကေးခင်းပေးမည်
၇။ မီးဖိုခန်း (Kitchen Room)တွင်လည်း ကြွေပြားခင်းပေးမည် ဖြစ်ပါသည်။
၈။ ရေချိုးခန်း၊ အိမ်သာ (Bath & W/C) တွင်လည်း ကြွေပြား ၅ပေ (5ft) ထိ ခင်းပေးမည် ဖြစ်ပါသည်။
၉။ Aircon ၄လုံး (4 units) တပ်ဆင်ပေးမည် ဖြစ်ပါသည်။
၁၀။ နိုင်ငံခြားဖြစ် ဆိုဖာ တစ်စုံ ထည့်သွင်းပေးမည် ဖြစ်ပါသည်။
၁၁။ ၃၂ လက်မ (32 inches) Flat TV တစ်လုံးပါရှိမည် ဖြစ်ပါသည်။
၁၂။ ရေမော်တာ ၊ မီးမီတာ တပ်ဆင်ပေးမည် ဖြစ်ပါသည်။

## DESIGN & FACILITIES







No (17), Room 001, Aung Thapyay Street, Tharyargone Quarter,
Mingalar Taung Nyunt Township, Yangon, Myanmar
Hp : 09-5067138 , 09 - 73208940 , 09 - 796149571, 09 - 440064458, 09 - 440064459
Tel : 01-8619221, 01-200747 Ext : 7329



No (9), Panditta Street, (8) Quarter, Hlaing Township, Yangon

Office : No (17), Room 001, Aung Thapyay Street, Tharyargone Quarter,
Mingalar Taung Nyunt Township, Yangon, Myanmar
Hp ; 09-5067138 , 09 - 73208940 , 09 - 796149571
Tel ; 01-8619221, 01-200747 Ext : 7329, 09 - 440064458, 09 - 440064459
Fax : 01-8619221


## DESIGN & FACILITIES



**A - 1963 Sqft** **B - 1837 Sqft** **C - 1846 Sqft**
**D - 1911 Sqft** **E - 1873 Sqft** **F - 1545 Sqft**

ကွန်ဒိုမီနီယမ် တိုက်ခန်းဝယ်ယူသူအား ကုမ္ပဏီမှ လုပ်ဆောင်ပေးမည့်အချက်များမှာ –

၁။ **Pile Foundation System** ဖြင့် ဆောက်လုပ်မည် ဖြစ်ပါသည်။
၂။ **Basement Carparking** လုံလောက်ကျယ်ဝန်းစွာ ပါရှိသည်။ **CCTV**တပ်ဆင်ပေးမည် ဖြစ်ပါသည်။
၃။ **Master Bed Room (1)** ခန်းနှင့် **Bed Room (2)** ခန်း ပါရှိပါသည်။
၄။ **Living Room** နှင့် **Bed Room** များ၏ ကြမ်းခင်းတွင် **Korea** ပါကေးခင်းပေးမည်ဖြစ်ပါသည်။
၅။ မီးဖိုခန်းတွင်ကြွေ**Basin** ပါရှိပြီး၊ မီးဖိုခန်းကြမ်းခင်း/မီးဖိုနံကို ကြွေပြားခင်းပေးမည်။
၆။ ရေချိုးခန်း နှင့်အိမ်သာ **(Bath & W/C)** တွင် ကြွေပြား ၅ ပေ**(5ft)** ထိခင်းပေးမည်ဖြစ်ပါသည်။
၇။ **Air Con (2) Units** တပ်ဆင်ပေးမည် ဖြစ်ပါသည်။
၈။ ကိုယ်ပိုင်ရေမော်တာနှင့်မီတာ တပ်ဆင်ပေးမည် ဖြစ်ပါသည်။
၉။ ကိုယ်ပိုင် **Transformer** နှင့် **Generator** တပ်ဆင်ပေးမည် ဖြစ်ပါသည်။
၁၀။ လူ(၈)ယောက်စီး ဓာတ်လှေကား(၂)စင်း ပါဝင်မည် ဖြစ်ပါသည်။
၁၁။ **Over Head Steel Tank 1000 L** ဆံ့(၁)လုံးစီ ပါဝင်မည်ဖြစ်ပါသည်။



## တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့်တိုင်းဒေသကြီး အလိုက် တင်ဒါစနစ်ဖြင့် အောက်ဖော် ပြပါနေရာများ၌ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်မှ စတင်ဝယ်ယူပါမည်-

**(က) ကချင်ပြည်နယ်**
- (၁) မြစ်ကြီးနား
- (၂) ဝိုင်းမော်
- (၃) လှည်းကူး
- (၄) တိုက်ကြီး
- (၅) ထန်းတပင်
- (၆) ရွှေဘို
- (၇) ရေဦး
- (၈) ခင်ဦး
- (၉) ဒီပဲယင်း

**(ခ) မွန်ပြည်နယ်**
- (၁) မော်လမြိုင်
- (၂) သထုံ
- (၃) ပေါင်
- (၄) မုဒုံ
- (၅) သံဖြူဇရပ်
- (၆) ချောင်းဆုံ
- (၇) ကျိုက်မရော
- (၈) ရေး
- (၉) ဘီးလင်း
- (၁၀) ကျိုက်ထို

**(ဂ) ရန်ကုန်တိုင်းဒေသကြီး**
- (၁) သန်လျင်
- (၂) ခရမ်း

**(ဃ) ရခိုင်ပြည်နယ်**
- (၁) စစ်တွေ
- (၂) ကျောက်တော်
- (၃) မြောက်ဦး
- (၄) မင်းပြား
- (၅) ရသေ့တောင်
- (၆) ကျောက်ဖြူ
- (၇) တောင်ကုတ်

**(င) စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကန့်ဘလူ
- (၂) ဝန်းသို
- (၃) ကသာ
- (၄) တန့်ဆည်
- (၅) ကလေး

**(စ) မကွေးတိုင်းဒေသကြီး**
- (၁) ဂန့်ဂေါ

**(ဆ) ပဲခူးတိုင်းဒေသကြီး(အရှေ့)**
- (၁) အုတ်တွင်း
- (၂) ဖြူး
- (၃) ကျောက်တံခါး
- (၄) ညောင်လေးပင်
- (၅) ဒိုက်ဦး
- (၆) သနပ်ပင်
- (၇) ရေတာရှည်
- (၈) တောင်ငူ

၂။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရ မည့်ကာလ စသည့်အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊တပ်ဖွဲ့များတွင်စုံစမ်းနိုင်ပါသည်။

၃။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချ ပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel / Visa အပါ 75000
စစ်တွေ၊ မြောက်ဦး ရခိုင်ခရီးစဉ်
ရွှေစည်းစိမ် 01-248970
09-73051455, 09-456899976

ODYSSEY
ပြည်တွင်း ပြည်ပခရီးစဉ်အမျိုးမျိုး
01 246337 246338 392870 254178

ကုမ္ပဏီလိုင်စင်အမှတ် - ၁၀၅၅ ၂၀၁၆/၁၇(ရက)
အောင်မြတ် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
အပါယ်တံခါးပိတ်ရန်စိတ်ရည်သန်၍ မြေမြတ်မဟာဗုဒ္ဓဂယာသို့ဘုရားဖူးသွားကြစို့
ကိုအောင်မြတ် ကိုယ်တိုင် ဦးစီးပို့ဆောင်သောအောင်မြတ်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့သည်
သံဝေဇနီယလေးဌာန (ဖွား ၊ ပွင့် ၊ ဟော ၊ စံ) (အိန္ဒိယ ၊ နီပေါ) (၇/၈) ရက်ခရီး
သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန (နယူးဒေလီ ၊အာဂရာ ၊ တာ့ချ်မဟာ) (၁၄/၁၅) ရက်ခရီး
(၇/၈) ရက်ခရီး (၁) ၆. ၁၂. ၂၀၁၆ (၂) ၁၂. ၄. ၂၀၁၇ (အိန္ဒိယ ၊ နီပေါ)
(၁၄/၁၅) ရက်ခရီး (၁) ၅. ၁. ၂၀၁၇ (၂) ၁. ၂. ၂၀၁၇ (၃) ၉. ၃. ၂၀၁၇
(နယူးဒေလီ ၊ သက်သာနဂိုရ် ၊ တာ့ချ်မဟာ) နယူးဒေလီ (Hotel) (၁) ည၊ တာ့ချ်မဟာ (Hotel) (၁) ည တည်းခိုပါမည်။ သံဃာတော်များနှင့် ဆရာလေးများအား ဓမ္မဒါနကုသိုလ်ဖြင့်သီးသန့်အထူးဈေးနှုန်းများစီစဉ်ပေးထားပါသည်။ပင်စင်စားလူပုဂ္ဂိုလ် (၁) ဦးကို တစ်သောင်းကျပ်တိတိလျှော့ပေးထားပါသည်။
(ညမောင်းခရီးစဉ်လုံးဝမရှိပါ)မိသားစုသဖွယ်နွေးထွေးပျူငှာစွာဖြင့်လိုက်ပါပို့ဆောင်ပေးလျက်ရှိပါသည်။
အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာသို့ (၆. ၁၂. ၂၀၁၆) ရက်နေ့တွင် ပိဋကတ်သုံးပုံရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားအား သွားရောက်ဖူးမြော်နိုင်ရန် လူဦးရေကန့်သတ်ထားပါသဖြင့်အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
အထူးအစီစဉ်အနေဖြင့် (၅. ၁. ၂၀၁၇) ၁၄/၁၅ ရက်ခရီးစဉ်တွင် မြတ်စွာဘုရား (၉) ဝါမြောက်သီတင်းသုံးတော်မူခဲ့သော ဝံသတိုင်း ၊ ကောသမ္ဗီပြည်ကို သွားရောက်ဖူးမြော်မည်ဖြစ်ပါသည်။
(ကားပေါ်တွင်လည်း wifi အခမဲ့အသုံးပြုနိုင်ပါသည်) (၁) လပိုင်းခရီးစဉ်တွင်(၁၂)ဦး(၁)ဦးအခမဲ့
ဆက်သွယ်ရန်အမှတ် (၇၃) ၊ ဒုတိယထပ် ၊ ဗိုလ်ချုပ်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၉-၇၉၀၉၈၈၈၀၇ ၊ ၀၉-၄၅၇၅၉၃၂၈၁ ၊ ၀၉-၉၆၅၇၇၇၈၇၃ ၊ ၀၉-၉၆၄၃၁၃၅၂၈

## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

စာရေးဆရာ သမားတော် ဆရာမြင့် (စကြာမင်း) ဦးစီးတည်ထောင်သော စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၏ အရည်အသွေးစီမံခန့်ခွဲမှု (Quality Management System) ကို (BVCH SAS UK Branch) အဖွဲ့အစည်းမှ ISO 9001: 2015 Latest Version အားထိုက်ထိုက်တန်တန် ရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် စကြာမင်းတိုင်းရင်းဆေးဝါးမိသားစုတို့သည် ပြည်သူလူထုကျန်းမာရေးနှင့် တိုင်းရင်းဆေးလောက တိုးတက်မြင့်မားရေးကို ဆတက်ထမ်းပိုးတိုး၍ လုပ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
စာရေးဆရာအသင်း မြောက်ဥက္ကလာပမြို့နယ်




## ပညာသင်ထောက်ပံ့ရေးအစီအစဉ်

City Love & Hope Foundation အနေဖြင့် ပညာထူးချွန်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန် ငွေကြေးအခက်အခဲဖြစ်နေသော ထူးချွန်ကျောင်းသား/သူများ ဘွဲ့ရပ်တည်နိုင်ရန်နှင့် မိမိတို့နေထိုင်ရာ လူမှုအသိုင်းအဝိုင်းကို ပြန်လည်အကျိုးပြုနိုင်သော နိုင်ငံ့သားကောင်းရတနာများ ဖြစ်နိုင်ရန်အတွက် ရည်ရွယ်ပေးအပ်သော City Love & Hope Foundation ၏ ပညာသင်ထောက်ပံ့ရေးအစီအစဉ် (၂၀၁၆) မှ ပညာသင်ဆုပေးအပ်ရန် ရွေးချယ်ခြင်းခံရသော ကျောင်းသား/သူများစာရင်းကို အောက်ပါအတိုင်း ဂုဏ်ယူစွာဖြင့် ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁. မဖြိုးအိနိုင် | (၁၄/ပသန (နိုင်) ၂၉၅၅၁၆) | ၉. မောင်အောင်ခိုင် | (၅/ပလဘ (နိုင်) ၀၉၈၅၀၀) |
| ၂. မဆုလာဘ်ထူး | (၁၂/ဒဂန (နိုင်) ၀၃၆၅၆၉) | ၁၀. မောင်ကျော်ရဲထက် | (၉/တကန (နိုင်) ၁၉၄၂၅၈) |
| ၃. မလှယမင်း | (၁၄/ကခန (နိုင်) ၁၂၀၁၁၈) | ၁၁. မောင်ကောင်းထက်ခန့် | (၁၄/ကကန (နိုင်) ၁၄၃၄၉၆) |
| ၄. မသိန်းသန်းနေခြည်စိုး | (၁၄/အမန (နိုင်) ၁၈၄၆၈၉) | ၁၂. မောင်ညီညီဆွေ | (၁၁/ကတန (နိုင်) ၁၇၆၉၅၀) |
| ၅. မအေးမြတ်မွန်ကျော် | (၁၄/ဘကလ (နိုင်) ၃၂၁၁၂၉) | ၁၃. မောင်မင်းခန့် | (၁၂/အလန (နိုင်) ၀၅၁၁၁၃) |
| ၆. မောင်ထက်ပြည့်စုံပိုင် | (၁၂/ရပသ (နိုင်) ၁၀၀၈၈၃) | ၁၄. မဒါဒါကျော် | (၅/စကန (နိုင်) ၂၉၇၄၄၄) |
| ၇. မောင်ခန့်ညားအောင် | (၁၄/ဘကလ (နိုင်) ၃၀၄၂၇၉) | ၁၅. မအိသော်တာထွန်း | (၁၀/မလမ (နိုင်) ၂၆၀၀၅၆) |
| ၈. မသင်သင်းအောင် | (၁၄/လမန (နိုင်) ၁၁၈၉၉၇) | ၁၆. မောင်သိဒ္ဓိအောင် | (၈/ပခက (နိုင်) ၂၇၉၁၆၇) |

ဆက်သွယ်ရန် - Ph : 0973031507, e-mail : cmhlcorporatecom@gmail.com

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**




# MCIA

## မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအသင်းအဖွဲ့များမှ အသင်းသူ၊အသင်းသားများသို့ အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းများတွင် ၂၀၁၆-၂၀၁၈ ခုနှစ်အတွက် အလုပ်အမှုဆောင်အသစ်များအား ရွေးကောက်တင်မြှောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအသင်းအဖွဲ့များ၏ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုရမည့် လိုအပ်ချက်များမှာ-

(က) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ (၃၀) ရက်နေ့တွင် အသင်းဝင်သက်တမ်း (၁) နှစ် ရှိရမည်။

(ခ) လျှောက်ထားသည့်အချိန်တွင် Associate Member ဖြစ်ရမည်။

(ဂ) အသင်း၏ လုပ်ငန်းများတွင် ကိုယ်တိုင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဃ) အသင်း၏ အလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သော တာဝန်ဝတ္တရားကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရမည်။

(င) ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၂) ပုံ

(စ) မှန်ကန်ပြည့်စုံစွာဖြည့်စွက်ပြီး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဆန္ဒပြုလွှာ။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စား လျှောက်ထားသူများအား စိစစ်အတည်ပြုနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ (၇) ရက်၊ ညနေ (၃) နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း Email- office@mciamyanmar.org, Phone- 01-652238, 09-5067170 နှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ ဆန္ဒပြုလွှာများ ပေးပို့ကြရမည်ဖြစ်ပါသည်။ (ဆန္ဒပြုလွှာများကို www.mciamyanmar.org တွင် download ရယူနိုင်ပါသည်။)

**ရွေးကောက်ပွဲပြုလုပ်မည့်ရက်များ**

| | | | |
|---|---|---|---|
| ၂၀.၁၂.၂၀၁၆<br>ရန်ကုန်တိုင်းဒေသကြီး (၀၁-၂၃၀၅၀၃၄) | ၁၀.၁၂.၂၀၁၆<br>မန္တလေးတိုင်းဒေသကြီး (၀၂-၆၉၃၁၅) | ၁၁.၁၂.၂၀၁၆<br>ဧရာဝတီတိုင်းဒေသကြီး (၀၉-၇၉၄၅၃၆၄၄၀) | ၁၁.၁၂.၂၀၁၆<br>စစ်ကိုင်းတိုင်းဒေသကြီး (၀၉-၂၀၄၃၄၄၇) |
| ၉.၁၂.၂၀၁၆<br>မွန်ပြည်နယ် (၀၉-၉၇၄၉၀၉၇၇၇) | ၁၁.၁၂.၂၀၁၆<br>ပဲခူးတိုင်းဒေသကြီး (၀၉-၅၁၈၀၇၈၃) | ၁၀.၁၂.၂၀၁၆<br>မကွေးတိုင်းဒေသကြီး (၀၉-၉၆၅၃၄၃၀၂၂) | ၁၀.၁၂.၂၀၁၆<br>ကရင်ပြည်နယ် (၀၉-၄၂၅၀၁၀၀၃၃) |

အနာဂတ်ဘဝခိုင်မာဖို့ အကောင်းဆုံးပြင်ဆင်လိုသော လူငယ်များအတွက်

City & Guilds Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ City & Guilds

ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....

- Electronic Engineering (New)
- Electrical Engineering (New)
- Mechanical Engineering (New)
- Manufacturing Engineering (New)
- Electrical Installation
- Refrigeration & Air Conditioning
- Construction Engineering (Civil)

27.12.2016 ဖွင့်မည်

(Since 2004) GLORY 09-73121717, 09-5197817 www.glory-education.com

21 AD @ BILLBOARD ADVERTISING

KING MAKER

☎ 377093 09 73043672 09 73200189 09 73200201
www.21advertising.net



**nurture preschool**
*We nurture tomorrow leaders!*

## နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

Emotional Development (EQ) | Intellectual Development (EQ) | Moral Development | Physical Development | Social Development

အသက် ၂ နှစ်မှ ၅ နှစ် အရွယ်ကလေးငယ်များ လစဉ်ကျောင်းအပ်လက်ခံနေပါပြီ



www.nurturepreschoolmm.com www.facebook.com/Nurture.Pre-school

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မရမ်းကုန်း |
|---|---|---|---|---|
| 09262963774 | 01-530097 | 01-549590 | 09259822226 | 01-663960 |
| 09262963775 | 09254148005 | 09254148006 | 09259822227 | 09259822220 |

ကမ္ဘာအေး ဘုရားအနီး

**DHAMMA GARDEN CENTRE**

**အင်္ဂလိပ်စာဒီပလိုမာသင်တန်း;(Diploma in English Course) ဗုဒ္ဓဘာသာဒီပလိုမာသင်တန်း(Diploma in Buddhist Studies)နှင့် ရဟန်းတော်များအတွက်သီးသန့်အခြေခံအင်္ဂလိပ်စာသင်တန်းများ သင်ကြားပို့ချမည်**

အထက်ပါသင်တန်းများကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချုပ်ပြတိုက်ရှေ့တည့်တည့်မှာတည်ရှိသော ဓမ္မဥယျာဉ်ကျောင်းတိုက် (Dhamma Garden Centre)တွင် ၁၁-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)မှစတင်၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဓမ္မဥယျာဉ်ကျောင်းရုံးခန်းတွင်ဖြစ်စေ၊ အီးမေးလ်လိပ်စာဖြင့်ဖြစ်စေ ရယူနိုင်ပါသည်။ အသေးစိတ်သိလိုက အီးမေးလ် ashinindaka@gmail.comနှင့် ဖုန်း ၀၉-၅၀၆၅၅၅၉၊ ၀၉-၇၉၉၈၄၅၄၀၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဦးအောင်ဟိန်းကျော်**
အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်
•*Translation*
**အင်္ဂလိပ်စာရေးနည်း** (အခြေခံ၊ အဆင့်မြင့်)
**အင်္ဂလိပ်စကားပြော** သင်တန်း
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3)
• 392468 09517184
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

**သင့်ပညာရေးအတွက် အကောင်းမွန်ဆုံးသော ရွေးချယ်ရာ**

MMAC ACADEMIC CENTER

**မဟာမြကျွန်းသာ**
ကိုယ်ပိုင်အထက်တန်းကျောင်း

နေ့တက်ကျောင်းချိန်
နံနက် ၉း၃၀ နာရီမှ ညနေ ၃း၀၀နာရီ
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်စခန်းသွင်းဘော်ဒါ
နေ့တက်အထက်တန်းကျောင်း
မူလတန်း၊အလယ်တန်းနှင့်အထက်တန်း
ရန်ကုန်၊မြင်ဦးလွှင်နှင့် ဘားအံမြို့

တိုက်၂-B၊၃-လွှာ၊ အနော်ရထာအိမ်ရာ၊ လှည်းတန်းလမ်းဆုံ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၀၁၄၆၁၊ ၅၀၅၂၂၆၊ ၇၀၇၁၆၄၊ ၀၉-၀၆၂၈၆၃၀

ဆရာမမြ-ဓာတု၊ ထ(၆)ဗိုလ်တထောင်(ငြိမ်း)၊ အုပ်ချုပ်သော
**MASTERS ဘော်ဒါ**
၉ တန်း ၁၀ တန်း **စာသင်ဝိုင်းများ**
၂၀၁၇-၂၀၁၈ ကြိုတင်အပ်နိုင်ပြီ။
**ကျက်မရီ ညှော်လမ်းညွှန်**
၂-လ သင်တန်းများ
ON-JOB TRAINING ရှိသည်။
အင်္ဂလိပ်စကားပြော၊ သင်္ချာ
၅၈ - ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်။09-5158915,09-785551959
09-965129358, 09-263916053, 09-73129358
ပါရမီ စိန်ဂေဟာရှေ့၊ လှိုင်မြို့နယ်။
Myanmar Highway Star Travels & Tours
09-253235411-22, 09-253241300, 09-36220108, 09-250277537

**တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်**
ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည်။
09-73077711 01-682844
09-73077722 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

**မဟာရန်ကုန်**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

တွန်းလှည်း အဘိုး၀မြိုင်လမ်း
**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**
09 4200 35882
09 4200 35884
(၆၀၃)အင်းလေး(၁)လမ်း၊ရပ်(၂)ဘောင်ဒါ

**ဒဂုံမြို့သစ်**
အငှားပိုင်း
ဆိပ်ကမ်းမြို့နယ်
ထောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**Alex Fashion Designer Group**
AL
**အခြေခံဒီဇိုင်းပညာနှင့် ပန်းထိုး၊ စက်ချုပ် ပညာဒါနသင်တန်း**

နိုင်ငံတကာအဆင့်မြင့် ဒီဇိုင်းသီအိုရီများကို ဝါရင့်ဒီဇိုင်နာများမှ ဒီဇိုင်းသီအိုရီနှင့် စက်ချုပ်၊ ပန်းထိုးဒီဇိုင်းများကို အခြေခံမှုစ၍ အဆင့်မြင့်ပညာရပ်များကို စာတွေ့၊ လက်တွေ့ နားလည်တတ်ကျွမ်းသည်အထိ သင်ကြားပေးနေပါသည်။ မြန်မာအမျိုးသမီးတိုင်း တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်း အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ အခြေခံဒီဇိုင်း၊ စက်ချုပ်၊ ပန်းထိုး၊ ပညာဒါနသင်တန်းအမှတ်စဉ်(၃)ကို ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၄-၁၂-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်း နိုင်ပါသည်။

**လူဦးရေကန့်သတ်ထားပါသည်။**

တိုက်(၁၂၀)၊ အခန်း(၂၃)၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (သုခမှတ်တိုင်အနီး)
ဖုန်း-၀၉-၅၁၉၃၀၅၆၊ ၀၉-၇၃၀၁၆၀၈၄

**JJ-PUN TIOSTONE**
Technology for Better Construction

JJ-PUN TIOSTONE မှ အလှခင်းကျောက်စီအုတ်(PAVERS) များနှင့် အပေါက်အုတ် (HOLLOW BLOCKS) များအား ဂျာမန်နည်းပညာဖြင့် ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါသည်။
ဆက်သွယ်ရန် ဖုန်း - 09-788 38 38 86
www.expert-concrete-blocks.com

**ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်**
အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ၊ ပထမထပ်၊ (2A-290 , A-247) အားလုံးပြင်ဆင်ပြီး ၁၅'× ၄၀' ပေ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။
စုံစမ်းရန်-၀၉၅၀၀၀၆၁၃၃၊ ၀၉-၅၁၅၁၅၇၆၊ ၀၉-၅၁၅၄၁၆၄

**ဆိုင်ခန်းကျယ်အမြန်ငှားမည်**
နေပြည်တော်-ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ အမှတ် ၇/၁၊ ဆင်ရတနာ-မြင်းရတနာအနီး၊ လူသည်ကားပြီး အချက်အချာ ကျသောနေရာ၌ ၂၀ပေ×၅၀ပေ မှန်လုံအဲယားကွန်းများတပ်ဆင်ပြီး ဆိုင်ဖွင့်ရန်အသင့် (မြေညီအပါအဝင် နှစ်ထပ်) ဆိုင်ခန်းကျယ်အမြန်ငှားမည်။
Ph : 09 5000 673, 09 5151576, 09 5154164

**1.1 L MINI TRUCK**
**"Leading your business with Dongfeng Motor"**



နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါသည်။
၀၉-၂၅၀၁၀၅၁၄၄ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

PRICE US$ 4,999+

• လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

DONGFENG MOTOR DRIVING SUCCESS | 24 HOUR ROAD ASSISTANCE | 2 YEARS WARRANTY

**YANGON SHOWROOM**
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801

www.Dongfeng-Myanmar.com
DFM-Myanmar
DFM

# မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲယှဉ်ပြိုင်
# ပီရူးနိုင်ငံသား မက်တီရိုဆီလီ အိမ်အပြန်မျက်နှာပန်းမလှခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး T&T Group က စီစဉ်ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ ရိုးရာလက်ဝှေ့ရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ပြည်ပအထူးစိန်ခေါ်ပွဲ တစ်ပွဲအပါအဝင် ပြည်တွင်းရိုးရာလက်ဝှေ့ပွဲပေါင်း ၁၀ ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြရာ ပြည်ပအထူးစိန်ခေါ်ပွဲတွင် တူးတူး(နဂါးမာန်)က မက်တီရိုဆီလီ(ပီရူး)ကို တတိယအချီမှာပင် အလဲထိုးအနိုင်ရခဲ့သဖြင့် ပီရူးနိုင်ငံသား လက်ဝှေ့ကျော်အိမ်အပြန် မျက်နှာပန်းမလှဖြစ်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်သော ပွဲစဉ်များအနက် နောက်ဆုံးပွဲစဉ်ဖြစ်သည့် တူးတူး(နဂါးမာန်)နှင့် မက်တီရိုဆီလီ(ပီရူး)တို့ တွဲဆိုင်းတွင် မက်တီက တူးတူးထက် အရပ်အမောင်းနှင့် အလုံးအထည်မြင့်သည်။ ပထမအချီတွင် မက်တီက ဝိတ်သုံးပြီးဖိထိုးသော်လည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



တူးတူး(နဂါးမာန်)နှင့် မက်တီရိုဆီလီ(ပီရူး)တို့ ထိုးသတ်စဉ်။ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

## ဆူဇူကီးဖလား ဆီမီးဖိုင်နယ်
## မြန်မာနှင့် ထိုင်း၊
## အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့ တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာပထမပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့်ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ တွေ့ဆုံလျက်ရှိသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ လက်ရှိချန်ပီယံထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ အုပ်စု(ခ)မှ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်း၊ ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ဒုတိယအကျော့အဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ ဒီဇင်ဘာ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ○



သတင်း ရှိုင်းထက်ဇော် ဓာတ်ပုံ - စိုးညွန့်

၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်သွားသည့် မြန်မာအသင်း။

## အာရှရုပ်သံဆုပေးပွဲ ဆန်ခါတင်စာရင်းပါလာခဲ့သည့် "Descendants of the Sun"



ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ (၂၁)ကြိမ်မြောက် အာရှရုပ်သံဆုပေးပွဲမှာ ဆုတစ်ခုချင်းစီအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံရတဲ့ ထူးချွန်အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေစာရင်းကို ထုတ်ပြန်ခဲ့ရာမှာ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ "Descendants of the Sun "ဟာ ယခုနှစ်ရဲ့ အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲအဖြစ် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရကြောင်း ကေဒရမ်မာစတားဒေ့ါကွန်းရဲ့ဖော်ပြချက်အရ သိရပါတယ်။

ယခု နှစ်အစပိုင်းက KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ "Descendants of the Sun" ဟာ ခွဲစိတ်ဆရာဝန်မလေးတစ်ဦးနဲ့ အထူးတပ်က စစ်ဗိုလ်လေးတို့ရဲ့

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✻





